www.burmeseclassic.com

# ပုလဲဆိပ်ကမ်းတိုက်ပွဲ

နှင့်

# ရေကြောင်းဗိုလ်ချုပ်ကြီး ယာမာမိုတို၏ ကွပ်ကဲမှု

ကို(တက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၃၁၀၀၆၀၀၆၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၀၆၀၀၆၀၇

◆

**ထုတ်ဝေသည့်လ**
၂၀၀၆ ခုနှစ်၊ ဩဂုတ်လ (ပထမအကြိမ်)

◆

**ထုတ်ဝေသူ**
ဦးတင်စိုး၊ တကူကူးစာပေ၊ တိုက်(၁)၊ အခန်း(၄၀၇)၊
ဆင်မင်းအိမ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

◆

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်**
ဂုဏ်လင်းကျော်ပုံနှိပ်တိုက်၊
အမှတ်(၂၄)၊ ဗဟိုလမ်း၊ အလုံမြို့နယ်။

◆

**စာအုပ်ချုပ်**
ဂုဏ်မြင့်သူ

◆

တန်ဖိုး (၇၀၀)ကျပ်

◆

အုပ်ရေ - ၅၀၀

◆

**မျက်နှာဖုံးဒီဇိုင်း**
ဂုဏ်လင်းကျော်

# မုလဲဆိပ်ကမ်းတိုက်ပွဲနှင့် ရေကြောင်းဗိုလ်ချုပ်ကြီး ယာမာမိုတို၏ ကွပ်ကဲမှု

ကို (တက္ကသိုလ်)

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | စာရေးသူအမှာ | ၆ |
| ၂။ | နိဒါန်း | ၉ |
| ၃။ | အခန်း(၁) | ၁၁ |
| | စစ်ရေးဟူသည် နိုင်ငံရေးနှင့် စီးပွားရေးတို့၏ အကျိုးဆက် | |
| ၄။ | အခန်း(၂) | ၁၉ |
| | အမေရိကန်နှင့်ဂျပန် ထိပ်တိုက်ရင်ဆိုင်တွေ့ခြင်း | |
| ၅။ | အခန်း(၃) | ၂၅ |
| | နိုင်ငံရေးဖြေရှင်းမှုများ | |
| ၆။ | အခန်း(၄) | ၃၂ |
| | ဂျပန်နိုင်ငံ၏ စစ်ပြင်ဆင်မှု | |
| ၇။ | အခန်း(၅) | ၃၉ |
| | ရေတပ်ဗိုလ်ချုပ်ကြီး အီဆိုရိုကူ ယာမာမိုတို | |
| ၈။ | အခန်း(၆) | ၄၄ |
| | စစ်ရေးစီမံချက် | |
| ၉။ | အခန်း(၇) | ၇၂ |
| | စစ်ရေးအတွက် ပြင်ဆင်မှုအပိုင်းနှင့် လေ့ကျင့်မှုအပိုင်း | |
| ၁၀။ | အခန်း(၈) | ၇၆ |
| | တာဝန်တစ်ဖွဲ့(Task Force)စတင် ချီတက်ခြင်း | |
| ၁၁။ | အခန်း(၉) | ၈၅ |
| | တိုက်ခိုက်ခြင်း | |
| ၁၂။ | အခန်း(၁၀) | ၉၂ |
| | ဆုတ်ခွာခြင်း | |
| ၁၃။ | အခန်း(၁၁) | |
| | ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့၏ | ၉၅ |
| | စစ်ရေးဆောင်ရွက်ချက်ဆိုင်ရာ လေ့လာတွေ့ရှိချက်များ | |
| ၁၄။ | အခန်း(၁၂) | ၁၁၈ |
| | လိုင်းဂယက်များ | |
| ၁၅။ | နိဂုံး | ၁၃၀ |


www.burmeseclassic.com

www.burmeseclassic.com



# စာရေးသူ၏အမှာ

စစ်ဦးစီးတက္ကသိုလ်တက်ခဲ့စဉ် ၁၉၉၂-၉၃ ခုနှစ်အတွင်းက ရေးသား တင်သွင်းခဲ့သော Command Study ဟုခေါ်ကြသည့် ကွပ်ကဲမှုလေ့လာရေး စာတမ်းကို ယခုပုံနှိပ်ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။ ဤစာတမ်းသည် တိုက်ပွဲတစ်ပွဲကို သာမန်အားဖြင့် ဖော်ပြသော စာတမ်းမဟုတ်ဘဲ စိတ်ကူးကြံစည်စီမံခြင်း၊ လေ့ကျင့်ပြင်ဆင်ခြင်း၊ စုဖွဲ့တာဝန်ကိုပေးခြင်း၊ တိုက်ပွဲဝင်စေခြင်း စသည့် အဆင့်တိုင်းတွင် ရေကြောင်းဗိုလ်ချုပ်ကြီး ယာမာမိုတို၏ စေ့စပ်ပြတ်သားစွာ စီမံဆောင်ရွက်သွားပုံကို လေ့လာတင်ပြထားသော စာတမ်း ဖြစ်ပါသည်။ ပုလဲဆိပ်ကမ်းတိုက်ပွဲသည် ဗိုလ်ချုပ်ကြီး၏ အကောင်းဆုံးလက်ရာ (master piece)ဟု ဆိုနိုင်ပါသည်။

ထို့ပြင် စစ်ပွဲဖြစ်ပေါ်လာရန် တဖြည်းဖြည်း တရွေ့ရွေ့ ပြောင်းလဲလာသော ဖြစ်စဉ်အကြောင်းတရားများ၊ နိုင်ငံရေး၏ လှည့်စားရှေ့ကစားမှုအောက်တွင် မလှုံသော မလွန်သော လိုက်ပါလှုပ်ရှားခဲ့ရသော စစ်ရေးဖြစ်ရပ်များ၊ ပထမဆုံး အဒိုက်ဖမ်းတိုက်ပွဲဖြင့် ပစိဖိတ်ရေတပ်ကို အလဲထိုးလိုသော်လည်း ကံကြမ္မာနှင့် အားနည်းချက်များကြောင့် နည်းဗျူဟာ အောင်မြင်မှုကိုသာ ထင်ထင်မြင်မြင်ရရှိခဲ့ပြီး မဟာဗျူဟာ ရည်မှန်းချက် မပြည့်ဝခဲ့ပုံများ၊ နှစ်ဖက်စလုံး၏ အားသာချက်၊ အားနည်းချက်များနှင့် သင်ခန်းစာများကိုလည်း စာတမ်းတွင် တွေ့မြင်နိုင်ပါသည်။

ပုလဲဆိပ်ကမ်းတိုက်ပွဲသည် တစ်နှစ်ပြီးတစ်နှစ် ကြာလေလေ ဝေးလေလေ မှန်သော်လည်း တိုက်ပွဲ၏ စီမံချက်နှင့် သင်ခန်းစာများသည် စစ်ပညာ လေ့လာသူများအတွက် မဟောင်းနွမ်းနိုင်သော အချက်အလက်များအဖြစ် တည်ရှိနေဆဲ ဖြစ်ပါသည်။ တစ်ပွဲတည်းနှင့် အဆုံးအဖြတ်တိုက်ပွဲအဖြစ် ပုံဖော်လိုသော်လည်း ဟာကွက်အချို့ ရှိနေခဲ့၍ အိပ်နေသောဘီလူးကြီးကို သွားနှိုးမိပုံနှင့် မြော်မြင်ပုံနိုင်း မှတ်ချက်ပေးခဲ့သော ဗိုလ်ချုပ်ကြီး၏ စီမံကွပ်ကဲမှုမှာလည်း ယနေ့တိုင် စံပြုနေရဆဲ ဖြစ်ပါသည်။

စာရေးသူ

www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်း

ပုလဲဆိပ်ကမ်းတိုက်ပွဲသည် ဒုတိယကမ္ဘာစစ်အတွင်း ဖြစ်ပွားခဲ့သော နာမည်ကျော်တိုက်ပွဲများအနက် တစ်ခုအပါ အဝင် ဖြစ်သည်။ အမေရိကန် ရေတပ်မတော်၏ ပစိဖိတ် ရေတပ်ဖွဲ့ကြီးကို အလွန်အထိနာအောင် တိုက်ခိုက်နိုင်ခဲ့သော ဂျပန်ရေတပ်မတော်၏ အောင်ပွဲအဖြစ် နာမည်ကျော်ကြားသကဲ့သို့ ဂျပန်နိုင်ငံက အမေရိကန်နိုင်ငံကို စစ်မကြေညာခင် တိုက်ခိုက်ရာရောက်သွားသဖြင့် ခိုးကြောင်ခိုးဝှက် ချောင်းရိုက်သော တိုက်ခိုက်မှု (SNEAK ATTACK)အဖြစ် အမေရိကန်တို့ဘက်က ရှုတ်ချပြစ်တင်ခြင်းခံရသော တိုက်ပွဲအဖြစ်လည်း လူပြောသူပြောများခဲ့လေသည်။

စစ်ရေးအမြင်အရကြည့်ပါလျှင် ပုလဲဆိပ်ကမ်းကို တိုက်ခိုက်ရန် ဂျပန်တို့၏ ပြင်ဆင်ဆောင်ရွက်သွားပုံမှာ ချီးကျူးလောက်ဖွယ် ဖြစ်သည်။ ဤစစ်ဆင်ရေးဆင်နွှဲရန် စိတ်ကူးကြံစည် အကောင်အထည်ဖော်ခဲ့သော ရေတပ်ဗိုလ်ချုပ်ကြီး အီဆိုရိုကူ ယာမာမိုတို (ADMIRAL ISOROKU YAMAMOTO)၏ အရည်

www.burmeseclassic.com

www.burmeseclassic.com



အချင်းကို ကမ္ဘာက အသိအမှတ်ပြုရလောက်အောင် ပြောင်မြောက်ခဲ့သည့် တိုက်ပွဲကို လေ့လာရာတွင် စစ်ဘက်အမြင်တစ်ခုထည်းကိုသာမက နိုင်ငံရေးအမြင်ပါ တင်ပြသွားမည်ဖြစ်သည့်နည်းတူ တိုက်ပွဲနိုင်သည့် ဂျပန်တို့၏ အားသာချက်နှင့် တိုက်ပွဲ ရှုံးနိမ့်ခဲ့သည့် အမေရိကန်တို့၏ အားနည်းချက်များသာမက နိုင်ပင်နိုင်သော်ငြားလည်း လုပ်သင့်လုပ်ထိုက်သည်ကို ရှောင်လွှဲခဲ့သဖြင့် ပုလဲဆိပ်ကမ်းတိုက်ပွဲအပြီး ၆-လအကြာတွင် ကံကြမ္မာ အလှည့်အပြောင်း ဖြစ်ခဲ့ရပုံတို့ကို တတ်နိုင်သမျှ ကျယ်ကျယ်ပြန့်ပြန့် တင်ပြသွားရန် ရည်ရွယ်ပါသည်။

ဤစစ်ဆင်ရေးသည် တိုက်ပွဲတစ်ပွဲမျှသာ ဖြစ်သော်လည်း စစ်ပွဲတစ်ပွဲ၏ နိဒါန်းဖြစ်ပါသည်။ အမေရိကန်-ဂျပန် စစ်ပွဲသည် ပုလဲဆိပ်ကမ်းမှ စတင်ခဲ့ရပြီး ဒုတိယကမ္ဘာစစ်ကြီး၏ အစိတ်အပိုင်းတစ်ခုအဖြစ် အသိအမှတ်ပြုခဲ့ကြသည်။ စစ်ပွဲဟူသည် အကျိုးတရားတစ်ရပ်သာဖြစ်ပြီး ယင်းတွင် ရှုပ်ထွေးကျယ်ပြန့်သော အကြောင်းရင်းခံများရှိနေသည်။ တဖန်စစ်ပွဲဟူသည့် အကြောင်းတရားကြောင့် နောက်ဆက်တွဲ အကျိုးတရားများရှိလာရပြန်သည်။ ဤသို့သော နိုင်ငံရေး၊ စီးပွားရေး ကြောင်းကျိုးဆက်ကိုပါ လေ့လာသိရှိထားမှသာလျှင် စစ်ပွဲတစ်ပွဲကို လေ့လာခြင်း၏ တာဝန်သည် ဆုံးခန်းတိုင်အောင် ပြီးပြည့်စုံလိမ့်မည်ဟု ယူဆပါသည်။



အခန်း(၁)

## စစ်ရေးဟူသည် နိုင်ငံရေးနှင့် စီးပွားရေးတို့၏ အကျိုးဆက်

### အာရှတိုက်သို့ အနောက်နိုင်ငံများ၏ နယ်ချဲ့မှု

မြေရှင်ပဒေသရာဇ်ခေတ်နှောင်းပိုင်းတွင် ဥရောပ နိုင်ငံအချို့၌ အိမ်တွင်းလက်မှုလုပ်ငန်းများသည် လူတန်းစား အသစ်တစ်ရပ်ကို သတ်မှတ်ပေးရန်အလို့ငှာ အလျှိုအလျှို ပေါ်ထွက်လာခဲ့လေသည်။ ကုန်ပစ္စည်းထုတ်လုပ် ဖောက်ကားရောင်းဝယ်မှုသည် သစ်လွင်သော စီးပွားရေးလုပ်ငန်းအဖြစ် တဖြည်းဖြည်း တွင်ကျယ်လာခဲ့သည်။

ထုတ်လုပ်မှုနှင့် ရောင်းဝယ်မှု အသက်ဝင်လှုပ်ရှားလာသည်နှင့်အမျှ ကုန်ထုတ်စွမ်းအားနှင့် ဝယ်လိုအားသည် နောက်ကွယ်မှ တစ်ပါတည်းကပ်လျက် ထပ်ကြပ်မကွာ လိုက်ပါလာသောသဘောကို တွေ့မြင်ရမည်ဖြစ်ပေသည်။ ဥရောပတွင် စက်မှုအရေးတော်ပုံ ပေါ်ပေါက်လာသောအခါ လက်မှုလုပ်ငန်းနေရာတွင် စက်မှုလုပ်ငန်းက တွင်ကျယ်စွာ နေရာဝင်ယူလာခဲ့လေသည်။ ထိုအခါ ကုန်ပစ္စည်းများ၏ အရည်အသွေးကောင်းမွန်လာသကဲ့သို့ ထုတ်လုပ်မှုနှုန်းထားသည်လည်း တစ်ဟုန်ထိုး မြင့်တက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဥရောပတွင် စက်မှုအရေးတော်ပုံ၏ တွန်းအားကြောင့် ကုန်ထုတ်လုပ်မှု တိုးတက်ထွန်းကားလာသောအခါ အောက်ပါ ပြဿနာများနှင့် ကြုံတွေ့လာရ၏။

(က) **ထုတ်လုပ်မှုအပိုင်း။** ကုန်ထုတ်စွမ်းအား တိုးတက်လာသည်မှန်သော်လည်း ကုန်ထုတ်လုပ်မှု၏ အခြေခံဖြစ်သော ကုန်ကြမ်းပစ္စည်းများ လိုအပ်လာသည်။

(ခ) **ရောင်းဝယ်မှုအပိုင်း။** ထုတ်လုပ်စွမ်းအား ကောင်းမွန်သလောက် ဝယ်လိုအားမှာ လိုက်လျောညီထွေ တက်မလာချေ။ ဥရောပ ဈေးကွက်သည် ဥရောပထုတ်ကုန်များကို အလျှင်မီအောင် စားသုံးနိုင်စွမ်းမရှိသဖြင့် ကုန်ပစ္စည်းများ ပိုလျှံလာသည်။

ဤပြဿနာကို ဖြေရှင်းရန်နည်းလမ်းမှာ ကုန်ထုတ်လုပ်မှု လျှော့ချရန်ဖြစ်သည်။ ဤသို့ ပြုလုပ်လျှင် အလုပ်လက်မဲ့ပြဿနာ ပေါ်လာတော့မည် ဖြစ်၏။ တစ်ဖန် ထုတ်လုပ်မှု လျှော့ချရန်မဖြစ်နိုင်သော လူသုံးကုန်နှင့် စားသုံးကုန်မဟုတ်သည့် ကုန်ပစ္စည်းတစ်မျိုး ရှိနေသေးသည်၊ ယင်းကား စစ်လက်နက်ပစ္စည်းဖြစ်၏။ ပထမကမ္ဘာစစ်ပြီးဆုံးသောအခါ စက်မှုနိုင်ငံ အများအပြားသည် စစ်အင်အား လျှော့ချရန်ဝေးစွ၊ တိုးချဲ့တည်ဆောက်မှုပြုနေချိန် ဖြစ်သည်။ ထို့ကြောင့် စစ်ရေးနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ သက်ဆိုင်နေသော စက်ရုံအလုပ်ရုံများ၏ လည်ပတ်မှု အရှိန်အဟုန်ကို မရပ်တန့်လိုကြပေ။



သို့ဖြစ်ရာ ထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုပြဿနာ နှစ်ရပ်စလုံးကို တစ်ပြိုင်တည်း ဖြေရှင်းပေးနိုင်မည့်အဖြေမှာ ကိုလိုနီနိုင်ငံများ ရှာဖွေသိမ်းပိုက်ရန်ဖြစ်လာသည်။ ရေကြောင်းသွားလာမှု အတတ်ပညာသည် ယင်းပြဿနာ မတိုင်မီကပင် တိုးတက်ခေတ်မီလျက်ရှိနေပြီး ဖြစ်သည်။ တစ်ဖန် ထုတ်လုပ်မှုပြဿနာထက် အလျင်ကျသော ရောင်းဝယ်မှုပြဿနာ သို့မဟုတ် ကုန်သွယ်ရေးကိစ္စအတွက် နယ်ပယ်သစ်များကို ရှာဖွေဖော်ထုတ်ကားရေးသည်လည်း ထိုအချိန်တွင် အတန်ခရီးရောက်နေပြီဖြစ်သည်။ သာသနာပြု လုပ်ငန်းကိုလည်း နယ်ပယ်သစ်များတွင် အမြစ်တွယ်စေရန် ကြိုးပမ်းနေကြသည်။ သို့သော် ဈေးကွက်သစ်ရှာဖွေရေးနှင့် သာသနာပြုလုပ်ငန်း၊ ရည်မှန်းချက်များအပြင် ကုန်ကြမ်းရရှိရေး ရည်မှန်းချက်ပါဝင်လာသောအခါတွင်မူ မတိုးတက်သေးသော နိုင်ငံများကို ကုန်သွယ်ရေး သာသနာပြုရေးအတွက် ဆက်ဆံရာမှ နယ်မြေချဲ့ထွင် သိမ်းပိုက်ရေးအဆင့်သို့ ရောက်ရှိသွားလေသည်။ ဤနည်းဖြင့် အာရှတိုက်ရှိ ခေတ်နောက်ကျသော နိုင်ငံအများအပြားမှာ နယ်ချဲ့အရင်းရှင် အနောက်နိုင်ငံများ၏လက်အောက်သို့ ကျရောက်ခဲ့ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဂျပန်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှင့် ကုန်ကြမ်းလိုအပ်ချက်

ဒုတိယကမ္ဘာစစ်မတိုင်မီက အာရှနိုင်ငံများတွင် ဂျပန်နိုင်ငံသည်သာ ခေတ်မီတိုးတက်သောနိုင်ငံ ဖြစ်ခဲ့သည်။ ဤသို့ ခေတ်မီနိုင်ငံအဖြစ် တက်လှမ်းနိုင်ခြင်းမှာ တံခါးဖွင့်ဝါဒကြောင့်ဟု ဆိုနိုင်သည်။ အိန္ဒိယ၊ မြန်မာ၊ အင်ဒိုချိုင်းနား၊ မလေးကျွန်းဆွယ် အစရှိသည့် အာရှနိုင်ငံအများစုသည် ဗြိတိန်၊ ပြင်သစ်၊ ဒတ်ချ် နယ်ချဲ့အရင်းရှင်နိုင်ငံများ၏ ကိုလိုနီနယ်ပယ်ချဲ့ထွင်မှု လက်အောက်ကျရောက်နေစဉ် ဂျပန်နိုင်ငံသည် ယင်းအရင်းရှင် နိုင်ငံများနှင့်တန်းတူရည်တူ ဆက်ဆံနေနိုင်သော အဆင့်တွင် ရှိနေသည်။

ဂျပန်နိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာထဲမှ ကျွန်းစုနိုင်ငံအဖြစ် ပထဝီအနေအထားအရ တည်ရှိနေမှုကြောင့် လည်းကောင်း၊ သယံဇာတ အရင်းအမြစ် ကင်းမဲ့မှုကြောင့် လည်းကောင်း၊ နယ်ချဲ့တို့နှင့် အလှမ်းဝေးခဲ့ရခြင်းဖြစ်မည်ဟု ယူဆသည်။ တစ်ဖန် အမေရိကန်ပြည်ထောင်စုနှင့် နီးကပ်စွာ တည်ရှိမှုကြောင့် ကူးလူးဆက်ဆံမှုများပြီး အသိပညာ အတတ်ပညာများ ရရှိခဲ့သည်။ ဤအခြေခံများဖြင့် ဂျပန်နိုင်ငံ၏ စက်မှုစီးပွားရေးလုပ်ငန်းများနှင့် နည်းပညာ၊ အတတ်ပညာဆိုင်ရာများ တိုးတက်ထွန်းကားခဲ့သည်။

ဤအခြေအနေတွင် ဥရောပအရင်းရှင်နိုင်ငံများ ကြုံတွေ့နေရသော ကုန်ကြမ်းလိုအပ်မှုကို ဂျပန်နိုင်ငံလည်း ရင်ဆိုင်လာရသည်။ နဂိုကတည်းကပင် ဂျပန်သည် ကုန်ကြမ်းမရှိသောနိုင်ငံဖြစ်ရာ ရေနံ



ကျောက်မီးသွေး၊ သံဖြူ စသော ကုန်ကြမ်းများရရှိရေးအတွက် အာရှတိုက်ရှိ ဗြိတိန်၊ ဒတ်ချ်(နယ်သာလင်) ကိုလိုနီနိုင်ငံများအပေါ် မှီခိုနေခဲ့ရသည်။

## မန်ချူးရီးယားကို ဝင်ရောက်သိမ်းပိုက်ခြင်း

ဥရောပနိုင်ငံများ၏ ကိုလိုနီအဖြစ် မရောက်သေးသည့် တရုတ်ပြည်ကို ဂျပန်တို့ မျက်စိကျနေသည်မှာ ကြာပြီဖြစ်သည်။ ၁၉၁၅-ခုနှစ်တွင် ဂျပန်နိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးဆိုင်ရာ တစ်ဖက်သတ်ကျလွန်းသော အချက် ၂၁-ချက်ကို တရုတ်ပြည်သို့ တောင်းဆိုခဲ့သည်။ တရုတ်ပြည်ကို သိမ်းပိုက်ရန်နှင့် ထိုမှတစ်ဆင့် အာရှအရှေ့ခြမ်းကို လွှမ်းမိုးချုပ်ကိုင်ရန် ဂျပန်နိုင်ငံ၏ ပထမ ခြေလှမ်းအဖြစ် ကမ္ဘာက သတိပြုမိလေသည်။ အမေရိကန်နှင့် ဗြိတိန်နှစ်နိုင်ငံလုံးက ဂျပန်၏လုပ်ရပ်ကို ပြင်းထန်စွာ ဆန့်ကျင်ခဲ့ကြလေသည်။

ထိုအချိန်တွင် ဂျပန်ရေတပ်သည် ကမ္ဘာ့အဆင့်တွင် ဗြိတိန်နှင့် အမေရိကန်ပြီးလျှင် တတိယအဆင့်တွင်ရှိနေကြောင်းကို အောက်ဖော်ပြပါ ရေတပ်သင်္ဘောများ၏ တန်ချိန်အရ သိနိုင်သည်။

(က) ဗြိတိန်နိုင်ငံ ၅၂၅,၀၀၀ တန်
(ခ) အမေရိကန်ပြည်ထောင်စု ၅၂၅,၀၀၀ တန်
(ဂ) ဂျပန်နိုင်ငံ ၃၁၅,၀၀၀ တန်

www.burmeseclassic.com

www.burmeseclassic.com



(ဃ) ပြင်သစ်နိုင်ငံ ၁၇၅,၀၀၀ တန်

(င) အီတလီနိုင်ငံ ၁၇၅,၀၀၀ တန်

ဤသို့ စစ်အင်အားတောင့်တင်းမှုကြောင့် အနောက်နိုင်ငံများအနေနှင့် ဂျပန်နိုင်ငံအပေါ် အခြားအာရှနိုင်ငံများကဲ့သို့ တစ်ဖက်စီးနင်း မဆက်ဆံကြချိန်တွင် ဂျပန်နိုင်ငံသည် ရုရှားကို စစ်နိုင်ထားသောကြောင့်လည်းကောင်း၊ စစ်ဝါဒီများ ကြီးစိုးနေသောကြောင့်လည်းကောင်း မိမိကိုယ်ကို ယုံကြည်မှုလွန်ကဲနေချိန် ဖြစ်သည်ဟု ဆိုနိုင်သည်။

ထို့ကြောင့်ပင် ဂျပန်နိုင်ငံသည် မတော်တဆ အရေးအခင်း (CHINA INCIDENT)ကို ဖန်တီးယူလိုက်သည်။ ၁၉၃၁-ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် ဂျပန် အစွန်းရောက်ဝါဒီ များသည် မန်ချူးရီးယားတောင်ပိုင်းရှိ ဂျပန်မီးရထားလမ်းဖျက်ဆီးမှု (အမှန်မှာ ဤသို့ဖြစ်လာအောင် စီစဉ်ထားခြင်းဖြစ်၏။)ကို အကြောင်းပြု၍ ရထားလမ်းအစောင့် ဂျပန်တပ်နှင့် တရုတ်တပ်တို့ ထိပ်တိုက် ရင်ဆိုင်တွေ့ခဲ့ကြလေသည်။ အကျိုးဆက်မှာ ဂျပန်တပ်များ ဝင်လာပြီး မန်ချူးရီးယားပြည်နယ်ကို သိမ်းပိုက်လိုက်ခြင်းပင် ဖြစ်သည်။ တရုတ်ပြည်က နိုင်ငံပေါင်းချုပ်အသင်းကြီးကို တိုင်ကြားသည်။ အမေရိကန်နိုင်ငံက ထောက်ခံသည်။ သို့သော် တပ်များ ရုပ်သိမ်းရန် နိုင်ငံပေါင်းချုပ်အသင်းကြီး၏ ပြောကြားမှုကို ဂျပန်နိုင်ငံက လက်မခံသည့်အပြင် မန်ချူးကို (MANCHUKO) ရုပ်သေးအစိုးရကိုပင် တင်ပေးခဲ့လေသည်။ ထို့နောက် ၁၉၃၂



ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ရှန်ဟဲအဓမ္မမှု(RAPE OF SHANGHAI) အရေးအခင်းထပ်မံ ဖြစ်ပေါ်လာပြီး ဂျပန်တပ်များ ထပ်မံဝင်ရောက်လာကာ တရုတ်တပ်များကို ရှန်ဟဲမြို့မှ ကုန်းတွင်းပိုင်း ၁၂ မိုင်ခန့်အထိ မောင်းထုတ်ပစ်ခဲ့လေသည်။

ဂျပန်သည် မန်ချူးရီးယားမှတစ်ဆင့် ပြင်သစ်၊ အင်ဒို ချိုင်းနား၊ ထိုမှတစ်ဆင့် ဒတ်ချ်နှင့် ဗြိတိသျှကိုလိုနီနိုင်ငံများဆီသို့ ခြေဦးလှည့်ရန် စီစဉ်ခဲ့လေသည်။ အဓိကအကြောင်းခံမှာ၊ ကုန်ကြမ်းရလိုမှုနှင့် အရှေ့ဖျားအင်အားကြီးနိုင်ငံအဖြစ် ရောက်ရှိလိုမှုတို့ပင် ဖြစ်သည်။

## ဂျပန်၏ အခွင့်အရေးယူတာတ်မှု

၁၉၄၀ ပြည့်နှစ် မေလ ၁၀ ရက်နေ့တွင် ဂျာမနီက နယ်သာလင်ကို ကျူးကျော်ဝင်ရောက်လာသဖြင့် ဒတ်ချ် အစိုးရသည် လန်ဒန်သို့ ရှောင်ပြေးရလေသည်။ ဤအခွင့်ကောင်းကို ဂျပန်နိုင်ငံက မဆိုင်းမတွ ယူလိုက်ပုံမှာ နယ်သာလန် အရှေ့အိန္ဒိယ ဘုရင်ခံကို နောင်အနာဂတ်တွင် မည်သို့သော အခြေအနေနှင့် ကြုံတွေ့လာသည်ဖြစ်စေ ဂျပန်နိုင်ငံက လိုအပ်သလောက် ရေနံ၊ ဆော်ဘာ၊ သံဖြူ၊ ဘော်ဆိုက်နှင့် အခြားကုန်ကြမ်းများစွာကို နှစ်စဉ် တင်ပို့ ရောင်းချပါမည်ဟု အာမခံချက်ပေးရန် တောင်းဆိုလိုက် ခြင်းပင် ဖြစ်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်နိုင်ငံ၏ အတိုင်းအဆမရှိသော တောင်းဆိုမှုအား ဗတိန်အစိုးရ ငြင်းဆိုခဲ့သော်လည်း သမ္မစိတ္တကုန်သွယ်မှုကို ထိန်းသိမ်းသောအားဖြင့် ယင်းကုန်ကြမ်းများနှင့် ပတ်သက်၍ ကြောင်းကျိုးညီညွတ်စွာ တောင်းခံလာသော မည်သည့် တောင်းခံချက်ကိုမဆို လိုက်လျောမည်ဟု ပြေပြစ်ချောင်စွာ ပြန်ကြားခဲ့လေသည်။ ဤအချက်က ဂျပန်နိုင်ငံ၏ ကုန်ကြမ်း ငတ်မွတ်မှုနှင့် သွေးနထင်ရောက်မှုကို ညွှန်ပြနေပေသည်။

◆ ◆ ◆



အခန်း(၂)

# အမေရိကန်နှင့် ဂျပန်ထိပ်တိုက်ရင်ဆိုင်တွေ့ခြင်း

## ကိုနိုရီအစိုးရတက်လာခြင်း

၁၉၄၀ ပြည့်နှစ် ဇွန်လထဲတွင် ပြင်သစ်နိုင်ငံ ဂျာမနီ လက်ထဲ ကျရောက်သွားသောအခါ ဂျပန်နိုင်ငံတွင် နိုင်ငံရေး ပြောင်းလဲမှု ဖြစ်ပေါ်လာ၏။ ပြင်သစ်နှင့် နယ်သာလန် ရှုံးနိမ့်ပြီး ဗြိတိန် အခြေယိုင်မှုသည် အနောက်တောင် ပစိဖိတ်ဒေသတွင် ဂျပန်၏ စစ်တံခွန်လွှင့်ထူရန် အခွင့်ကောင်းဖြစ်သည်ဟု ယူဆလေသည်။ မကြာမီ ဗြိတိန်သည်လည်း စစ်ရှုံးတော့မည်ဟု ယုံကြည်သော စစ်ဝါဒီတို့သည် ဂျပန်နိုင်ငံရေး ရေ့တန်းသို့တက်လာကြ၏။ ထိုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် ဂျာမနီလိုလားသော ကြည်းတပ် အရာရှိများက ယိုနေအစိုးရ(YONAI CABINET)ကို ဖြုတ်ချ ပြီး ဇူလိုင်လ ၂၂ ရက်နေ့တွင် ကိုနိုရီအစိုးရအဖွဲ့ (KONOYE CABINET)ကို ဖွဲ့စည်းလိုက်၏။ နိုင်ငံခြား ရေးဝန်ကြီးဖြစ်လာသော မတ်ဆူယိုကာ(MATSUOKA) သည် ၁၉၃၁ ခုနှစ်က ဂျပန်၏ မန်ချူရီးယား ကျူးကျော်မှုအပေါ် ဆန့်ကျင်ဝေဖန်ခဲ့သော အမေရိကန်နှင့် ဗြိတိန်တို့ကို ရှုံ့မုန်းသူဖြစ်ပြီး ၁၉၃၃ ခုနှစ်၌ ဂျနီဗာ မြို့ ကျင်းပသော နိုင်ငံပေါင်းချုပ်အသင်း အစည်းအဝေးမှ ဂျပန် ...အဖွဲ့ကို ခေါင်းဆောင်ကာ ဆန္ဒပြထွက်ခွာလာခဲ့သူ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ကြည်းတပ်ဗိုလ်ချုပ်ကြီး တိုဂျို (GENERAL TOJO) သည် ကြည်းတပ်ဝန်ကြီးဖြစ်လာပြီး များစွာသော အခြားဝန်ကြီး အဖွဲ့ဝင်များကို မန်ချူးရီးယားမှတစ်ဆင့် အာရှတောင်ပိုင်းသို့ ထိုးဖောက်တိုက်ခိုက်လိုသော ရန်လိုစိတ်ပြင်းပြသူများထဲမှ ရွေးချယ် ခန့်ထားခြင်း ဖြစ်သည်။

## ကိုနိုရဲအစိုးရ၏ စစ်လိုလားသော မူဝါဒ

အစိုးရအသစ်ချမှတ်သောမူဝါဒတွင် မတော်တဆ အရေး အခင်းကို အမြန်ဆုံး အဆုံးသတ်ရန်နှင့် မဟာအရှေ့အာရှ သာတူ ညီမျှဝါဒကို ဖြန့်ဝေခြင်းဖြင့် စစ်မတိုက်ရဘဲ တောင်ပိုင်းဒေသ တစ်ခွင်လုံးကို ထိန်းချုပ်ရန်ဟူသော အဓိကအချက်နှစ်ချက် ပါဝင်သည်။ သို့သော် ဤမူဝါဒ၏ လက်တွေ့အဓိပ္ပာယ်ဆောင်နေ သော လုပ်ရပ်များကို အောက်ပါအတိုင်း တွေ့ရသည် -

(က) ဂျပန်၏ စစ်ရေးတည်ဆောက်မှုအတွက် လိုအပ်သော ကုန်ကြမ်းများကို နယ်သာလန်၊ အရှေ့အိန္ဒိယမှ ရရှိရေး အတွက် ချဉ်းကပ်ရာတွင် ပျော့ပျောင်းညင်သာမှု မရှိ ခြင်း။

(ခ) ပြင်သစ်-အင်ဒိုချိုင်းနားနှင့် တင်းမာစွာ ဆက်ဆံလာခြင်း

(ဂ) တရုတ်ပြည်သို့ ပြည်ပအထောက်အပံ့များ မရောက်ရှိ အောင် နည်းမျိုးစုံဖြင့် ဆောင်ရွက်ခြင်း။

(ဃ) ဝင်ရိုးစွန်းနိုင်ငံများဖြစ်ကြသော ဂျာမနီ၊ အီတလီတို့နှင့် စစ်ရေးပူးပေါင်းဆောင်ရွက်ခြင်း။



(င) ဆိုဗီယက်နှင့် ဆက်ဆံရေး ပြေပြစ်အောင် ဆောင်ရွက် နေချိန်တွင် အမေရိကန်ပြည်ထောင်စုအပေါ် သဘော ထား တင်းမာလွန်းခြင်း။

(စ) ပြည်တွင်း၌ နိုင်ငံရေးပါတီများကို အဆုံးသတ်စေပြီး အာဏာပိုင်တစ်ပါတီစနစ် (TOTALITARIAN) အဖြစ်သို့ ရောက်ရှိအောင် စည်းရုံးခြင်းနှင့် စစ်အတွက် ပြင်ဆင်နေခြင်း။

ဂျပန်နိုင်ငံသည် ဗြိတိသျှအစိုးရကိုလည်း အောက်ပါအတိုင်း ဖိအားပေးလာ၏ -

(က) တရုတ်ပြည်သို့ စစ်ပစ္စည်းများပို့ဆောင်ရာ အဓိက လမ်းကြောင်းဖြစ်သော မြန်မာလမ်း (BURMA ROAD)ကို ပိတ်ပစ်ရန်၊

(ခ) ရှန်ဟဲနှင့် တိန်စင်း(TIENTSIN)ရှိ ဗြိတိသျှတပ်များကို ရုပ်သိမ်းရန်၊

တစ်ဖန် အင်ဒိုချိုင်းနားရှိ လေယာဉ်ကွင်းများကို ထိန်းချုပ်ခွင့် နှင့် မြောက်ပိုင်းဒေသသို့ ဂျပန်တပ်များ စေလွှတ်ခွင့်ပြုရန်ကိုလည်း အင်ဒိုချိုင်းနားဘုရင်ခံထံ တောင်းဆိုခဲ့ပြန်လေသည်။ ဂျာမနီက ပြင်သစ်နိုင်ငံ၏ ဗစ်ချီ (VICHY)အစိုးရကို ဖိအားပေးသည့်အပြင် ဂျပန်နိုင်ငံကလည်း အင်ဒိုချိုင်းနားဘုရင်ခံကို ခြိမ်းခြောက်လာသော ကြောင့် ဂျပန်၏တောင်းဆိုချက်ကို ပြင်သစ်က လိုက်လျောခဲ့ရ လေသည်။ ၁၉၄၀ ပြည့်နှစ် စက်တင်ဘာလ ၂၃ ရက်နေ့တွင် ဂျပန်တပ်များ အင်ဒိုချိုင်းနားမြောက်ပိုင်းသို့ ဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗြိတိန်သည် ဂျာမနီနှင့် အီတလီကို တစ်နိုင်ငံတည်း ရင်ဆိုင်နေရချိန်တွင် ဂျပန်နိုင်ငံနှင့် စစ်မဖြစ်လိုသော သဘောထားရှိသည်။ အမေရိကန်နိုင်ငံက သူတို့ဘက်မှ ရပ်တည်ပေးမည့် အာမခံချက် မရလျှင် ဂျပန်နိုင်ငံ၏ တောင်းဆိုချက်ကို အလျှော့ပေးရန်သာရှိတော့ကြောင်း ဗြိတိန်က အမေရိကန်ကို အသိပေးပြီး အမေရိကန်၏ သဘောထားကို တောင်းသည်။ တစ်ချိန်တည်းမှာပင် မြန်မာလမ်းပိတ်ရန်နှင့် တရုတ်ပြည်မှ တပ်ရုပ်ရန်တောင်းဆိုရခြင်း၏ ရည်ရွယ်ချက်နှင့် ဂျပန်စစ် အနေအထားကို ဂျပန်နိုင်ငံဆိုင်ရာ ဗြိတိသျှသံအမတ်ကို စုံစမ်းခိုင်းသည်။ အမေရိကန်နိုင်ငံမှ ပြန်ကြားချက်မရရှိခဲ့ပေ။ ဂျပန်နိုင်ငံသည် စစ်ထဲဝင်ရန် အလားအလာရှိကြောင်း သံအမတ်ထံမှ ပြန်ကြားချက်ရသည်။ ထို့ကြောင့် ဗြိတိန်နိုင်ငံသည် တရုတ်ပြည်ရှိ ၎င်း၏တပ်များကို ရုပ်သိမ်းလိုက်ရသည့်အပြင် တရုတ်-မြန်မာလမ်းကိုလည်း ဇူလိုင်လမှ စတင်ကာ အလုပ်မဖြစ်သည့် မိုးတွင်းသုံးလ ယာယီပိတ်ပစ်ခဲ့ရလေသည်။

## ဝင်ရိုတန်းနိုင်ငံများနှင့် မဟာမိတ်စာချုပ်ဂယက်

၁၉၄၀ ပြည့်နှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် ဂျပန်နိုင်ငံသည် ဝင်ရိုးတန်းနိုင်ငံများနှင့် မဟာမိတ်စာချုပ် လက်မှတ်ရေးထိုးခဲ့သည်။ စာချုပ် ချုပ်ဆိုရခြင်း၏ ရည်ရွယ်ချက်များမှာ အမေရိကန်နိုင်ငံကို သမုဒ္ဒရာ စစ်မျက်နှာ နှစ်ဖက် (ဂျာမနီ၊ အီတလီ အတ္တလန်တိတ်နှင့် ဂျပန်က ပစိဖိတ်)ညှပ် ခြိမ်းခြောက်ခြင်းဖြင့်



ဗြိတိန်နိုင်ငံကို အကူအညီ မပေးနိုင်စေရန် အာရှအရှေ့ဖျားတွင် ဗြိတိန်နိုင်ငံ အထီးကျန်ဖြစ်စေရန်တို့ ဖြစ်၏။ ထို့ပြင် ဂျပန်နိုင်ငံသည် ဆိုဗီယက်နှင့် ဆက်ဆံရေးကောင်းမွန်ရန် ကြိုးစားခဲ့၏။ နောင်တွင် ရုရှား-ဂျပန် ကြားနေရေးစာချုပ် (NEUTRALITY PACT) ချုပ်ဆိုခဲ့သည်။ ရည်ရွယ်ချက်မှာ အာရှတောင်ဖျားသို့ စစ်ဦးလှည့်ရာတွင် မြောက်ဖျားနယ်စပ်တစ်လျှောက် နောက်ကျောလုံခြုံစေရန် ဖြစ်၏။

အမေရိကန်က အထက်ပါ လုပ်ဆောင်ချက်များကို တုံ့ပြန်သည့်အနေဖြင့် သံနှင့် သံမဏိ ပြည်ပတင်ပို့မှုကို ထိန်းချုပ်လိုက်သည်။ တစ်နည်းအားဖြင့် ဂျပန်သို့ တင်ပို့မှုကို တားမြစ်သည့်သဘော သက်ရောက်သည်။ ထို့ကြောင့် ဂျပန်နိုင်ငံသည် ၎င်း၏ အရန်သိုလှောင်ထားသော သံနှင့် သံမဏိများကို မသုံးမဖြစ် ထုတ်သုံးရတော့သည်။ ၎င်းပိုင် နယ်မြေများရှိ သံရိုင်းနှင့် မီးသွေးကျောက်ရုံများ၏ ထုတ်လုပ်မှုတိုးမြှင့်ရန် တွန်းအားပေးလာရပြီး တရုတ်နှင့် ကိုရီးယားတို့မှ သွင်းကုန်အပေါ် ပိုမိုမှီခိုအားထားလာရသည်။ တစ်ဖက်တွင် အမေရိကန်နိုင်ငံက ဗြိတိန်နိုင်ငံကို ပစ္စည်းအင်အား ထောက်ပံ့ကူညီမှုတိုးမြှင့်လာပြီး ဗြိတိန်-အမေရိကန်-ဒတ်ချ်တို့ စည်းလုံးလာကြလေသည်။

ဤအတွင်း၊ ဂျပန်နိုင်ငံ၌ ရေနံအခက်အခဲ တွေ့လာသည်။ အမေရိကန်အပေါ် အမှီအခိုနည်းပါသွားစေရန် နယ်သာလန်အရှေ့ အိန္ဒိယမှ ဝယ်ယူရန် ကိုယ်စားလှယ်တစ်ဖွဲ့ စေလွှတ်သည်။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်နှင့် ဗြိတိန်တို့က ဒတ်ချ်အစိုးရကို ဖိအားပေးသဖြင့် ဂျပန်တောင်းဆိုသလောက် များများမရောင်းဘဲ အကန့်အသတ်ဖြင့်သာ ရောင်းချပေးရာ ဂျပန်နိုင်ငံသည် ရသလောက်ကိုသာ ဝယ်ယူသွားရသော အခြေအနေရှိခဲ့သည်။

### ယေဘုယျ မဟာဗျူဟာ အပြောင်းအလဲ

၁၉၄၀ ပြည့်နှစ် ထဲတွင် အင်္ဂလန်ကျွန်း လေကြောင်းတိုက်ပွဲ၌ ဂျာမန်လေတပ်မတော်ကို ဗြိတိသျှတော်ဝင် လေတပ်မတော်က အနိုင်ရရှိလိုက်သည်။ အင်္ဂလိပ်ရေလက်ကြားတွင် နွေဦးမုန်တိုင်းများ ဆင်လာသောအခါ ဗြိတိန်နိုင်ငံကို ဂျာမနီနိုင်ငံက ကမ်းတက်တိုက်ပွဲ ဆင်နွှဲရေးမှာ အခွင့်မသာတော့ချေ။ ထို့ပြင် ဗြိတိန်နိုင်ငံသည် မလေးယားခံတပ်ကို တရုတ်နှင့် အိန္ဒိယမှ တပ်ဖွဲ့များကို ထုတ်နုတ်၍ အင်အား ဖြည့်ပေးနိုင်ခဲ့သည်။ သို့ဖြစ်၍ ဗြိတိသျှအစိုးရသည် ဂျပန်နှင့် ဆက်ဆံရေးတွင် ခိုင်မာသော မူဝါဒ ချမှတ်ကျင့်သုံးရန် ဆုံးဖြတ်ခဲ့လေသည်။

တဖန် ဂျပန်နိုင်ငံ၏ ဝင်ရိုးတန်းမဟာမိတ်စာချုပ်နှင့် ပတ်သက်၍ အမေရိကန်၏ တုံ့ပြန်မှုအပြင် အမေရိကန် ရေတပ်အတွက် စင်ကာပူရေတပ်စခန်းကို အသုံးပြုခွင့် တောင်းလာသဖြင့် အရှေ့ကြုံက အမေရိကန်နိုင်ငံ၏ ထောက်ခံအားပေးမှုကို ရရှိလိမ့်မည်ဟု ဗြိတိန်နိုင်ငံက တစ်ထစ်ချယူဆကာ တရုတ်-မြန်မာလမ်းကို ပြန်ဖွင့်ခဲ့သည်။

◆ ◆ ◆



## အခန်း(၃)

# နိုင်ငံရေးပြောင်းမှုများ

### အမေရိကန်နှင့် ရင်မဆိုင်လိုသော ဂျပန်

ဗြိတိန်နှင့် ဒတ်ချ်တို့သည် အာရှအရှေ့ဖျား ခံစစ်ကြောင်းကို ခိုင်မာတောင့်တင်းအောင် တည်ဆောက်ရင်း တစ်ဖက်က အမေရိကန်နိုင်ငံနှင့် နှစ်နိုင်ငံသဘောတူညီ ချက်ရရှိအောင် ကြိုးပမ်းနေချိန်ဝယ် ဂျပန်နိုင်ငံကလည်း ၎င်း၏ လုပ်ဆောင်ဖွယ်ရာ အစီအစဉ်များကို မှန်မှန်ကြီး လုပ်ဆောင်လျက် ရှိနေပေသည်။

(က) တောင်ဖျားသို့ နယ်မြေတိုးချဲ့ရာတွင် ကျောလုံစေရေး အတွက် ဆိုဗီယက်နှင့် မန်ချူးရီးယားနယ်စပ်တွင် ပြဿနာမပေါ်ပေါက်စေရန်၊

(ခ) ရေနံအတွက် အမေရိကန်အပေါ် မှီခိုမှု လျော့ပါးသွားစေရေးအလို့ငှာ နယ်သာလန် အရှေ့အိန္ဒိယမှ ရေနံ ဝယ်ယူရရှိအောင် အင်အားအသုံးမပြုရသောနည်းလမ်းများ ရှာဖွေဆောင်ရွက်ရန်၊

(ဂ) အချိန်ကျရောက်၍ မလေးယားကို ထိုးစစ်ဆင် ရပါက ယိုးဒယား(SIAM)ကို အနိုင်အမာ ခြေကုတ်စခန်းအဖြစ် အသုံးပြုရမည်ဖြစ်ရာ ယင်းယိုးဒယားနယ်မြေအချို့ကို သိမ်းပိုက်နိုင်ရေးအတွက် အင်ဒိုချိုင်းနားကို ခိုင်မာစွာ

www.burmeseclassic.com

www.burmeseclassic.com



ထိန်းချုပ်ထားရန်၊

(ဃ) အမေရိကန်နိုင်ငံသည် တောင်ဖျားသို့ စစ်ထိုးမည့် ဂျပန်နိုင်ငံ၏ စီမံချက်နှင့် ပတ်သက်၍ ဝင်ရောက် မစွက်ဖက်စေရန်နှင့် အကယ်၍ ဗြိတိန်နှင့် ဂျပန် စစ်ဖြစ်က ဗြိတိန်နိုင်ငံဘက်မှ မကူညီအောင် တားဆီးရန်။

အထက်ပါ ဂျပန်နိုင်ငံ၏ မူဝါဒအရ တတ်နိုင်သမျှ စစ်ဖြစ်ခြင်းမှ ရှောင်ရှားလိုသောဆန္ဒရှိကြောင်း သိသာနိုင်သည်။ ဂျပန်နိုင်ငံ စိတ်ဝင်စားသည်မှာ ၎င်းလိုအပ်သော ကုန်ကြမ်းရရှိရေးနှင့် အာရှတွင် ဗိုလ်ဖြစ်ရေးအတွက် ဗြိတိသျှနှင့် ဒတ်ချ် ကိုလိုနီများရှိရာ အရှေ့တောင်ဖျားကို သိမ်းပိုက်ရေးသာဖြစ်သည်။ ဝင်ရိုးတန်း မဟာမိတ်စာချုပ် ချုပ်ဆိုသည့် ရည်ရွယ်ချက်တွင်လည်း အမေရိကန် စစ်ထဲမပါစေလိုသောအချက်ကို သတိပြုနိုင်သည်။ သို့ရာတွင် ကိုလိုနီနယ်ပယ် အပြိုင်အဆိုင်ရရှိလိုမှုနှင့် မဟာမိတ်စစ်အုပ်စု ကွဲပြားမှုအရ ဂျပန်၏ဆန္ဒမှာ မည်သို့မှ မဖြစ်နိုင်ကြောင်း နောက်ပိုင်းတွင် တွေ့ရှိလာရသည်။

## ဂျပန်နိုင်ငံ၏ စေ့စပ်ဆွေးနွေးရေးခြေလှမ်း

ဂျပန်ကြည်းတပ်နှင့် ရေတပ်တွင် ကြည်းတပ်သည် အမေရိကန်နိုင်ငံအပေါ် ရန်လိုသလောက် အမေရိကန်အကြောင်း သိသော ရေတပ်က လက်ရှောင်လိုသော သဘောထားရှိလေ



သည်။ ပထမခြေလှမ်းအဖြစ် အမေရိကန်နှင့် ပဋိပက္ခမဖြစ်လိုသော ရေတပ်မှ အမေရိကန်နိုင်ငံတွင် မိတ်ဆွေသင်္ဂဟပေါ်များသူအဖြစ် ထင်ရှားသည့် ရေတပ်ဗိုလ်ချုပ်ကြီး နိုမူရာ (ADMIRAL NOMURA)ကို အမေရိကန်နိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးအဖြစ် ၁၉၄၁ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ခန့်အပ်ကာ စေ့စပ်ဆွေးနွေးပွဲပြုလုပ်ရန် ကမ်းလှမ်းစေခဲ့သည်၊ အမေရိကန်နိုင်ငံသည် ဂျပန်နိုင်ငံ၏ ကမ်းလှမ်းချက်ကိုလက်ခံ၍ အာရှ အရှေ့များအရေးကို ငြိမ်းချမ်းစွာ ဖြေရှင်းရေးအတွက် ဝါရှင်တန်မြို့တော်တွင် ဆွေးနွေးပွဲပြုလုပ်ခဲ့၏။

၁၉၄၁ခုနှစ် မေလ ၁၁ရက်တွင် ဂျပန်နိုင်ငံသည် အမေရိကန်နိုင်ငံရှိ ၎င်း၏ သံအမတ်ကြီးမှတစ်ဆင့် အောက်ပါအချက်များ ပေးပို့ခဲ့သည်-

(က) ဂျပန်နှင့် စေ့စပ်ဆွေးနွေးရေးအတွက် ချန်ကေရှိတ် အစိုးရကို အမေရိကန်နိုင်ငံက တိုက်တွန်းပေးရန်နှင့် ငြင်းဆန်ပါက ထောက်ပံ့ကူညီမှု ရပ်ဆိုင်းရန်၊

(ခ) အမေရိကန်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြားတွင် ပုံမှန် ကုန်သွယ်ရေး ပြန်လည် တည်ဆောက်ရန်၊

(ဂ) အနောက်တောင် ပစိဖိတ်ဒေသတွင် ရေနံ၊ ရော်ဘာ၊ သံဖြူနှင့် နီကယ် အပါအဝင် သဘာဝ သယံဇာတများ ပိုင်ဆိုင်ရရှိရေးအတွက် ဂျပန်နိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အမေရိကန်နိုင်ငံက ကူညီရန်၊

(ဃ) ထိုအချိန်က ဥရောပနှင့် တရုတ်စစ်ပွဲများတွင် မပါ

www.burmeseclassic.com

www.burmeseclassic.com



ဝင်သေးသော ဆိုဗီယက်ရုရှားမှလွဲ၍ အခြား အင်အားကြီးနိုင်ငံတစ်ခုခုက ဂျာမနီ သို့မဟုတ် အီတလီကို စစ်ပြုခဲ့သော် ဂျပန်နိုင်ငံအနေဖြင့် ကူညီရန်တာဝန်ရှိကြောင်းကို အမေရိကန်က လက်ခံထားရန်နှင့် ဂျပန်၏ ဝင်ရိုးတန်းနိုင်ငံများနှင့် မဟာမိတ်စာချုပ် ချုပ်ဆိုမှုကို အသိအမှတ်ပြုရန်။

ဂျပန်နိုင်ငံ၏ ပေးပို့ချက်ကို အမေရိကန်နိုင်ငံက ပယ်ချခဲ့သည်။ ဂျပန်နိုင်ငံအနေဖြင့် အဓမ္မတောင်းဆိုနည်း (CON-QUEST BY FORCE)ကို စွန့်လွှတ်ရန်နှင့် နိုင်ငံတကာဆက်ဆံရေးတွင် အောက်ဖော်ပြပါ အခြေခံကောင်းများအတိုင်း ကိုက်ညီသော ကမ်းလှမ်းချက်မှန်သမျှကို လက်ခံစဉ်းစားမည်ဖြစ်ကြောင်း ပြန်ကြားခဲ့လေသည်-

(က) နိုင်ငံတိုင်း၏ နယ်မြေပိုင်ဆိုင်မှုနှင့် အချုပ်အခြာ အာဏာကို လေးစားရန်၊

(ခ) အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက် မစွက်ဖက်ရန်၊

(ဂ) စီးပွားရေးညီမျှမှု အပါအဝင် နိုင်ငံအချင်းချင်း တန်းတူရည်တူ ဆက်ဆံရေးကို အသိအမှတ်ပြုရန်၊

(ဃ) ပစိဖိတ်ဒေသတွင် ငြိမ်းချမ်းရေးနည်းများဖြင့် ရောင်လွှဲနိုင်သမျှ ကာလပတ်လုံး ပိုနေမြဲ ကျားနေမြဲ လက်ရှိအခြေအနေနှင့် အဆင့်အတန်း ထိန်းသိမ်းရန်၊



ထို့ပြင် ဂျပန်နိုင်ငံသည် အမေရိကန်နိုင်ငံအား ဆန့်ကျင်လာသော လုပ်ရပ်များကို မရပ်တန့်ပါက မိမိကိုယ်ကို ကာကွယ်သည့်အနေဖြင့် စစ်ပွဲတွင် ပါဝင်ရလိမ့်မည်ဖြစ်ကြောင်း ဇွန်လ ၂၁ ရက်နေ့တွင် အမေရိကန်နိုင်ငံက သတိပေးခဲ့သည်။ ဤအခြေအနေများကြောင့် ၁၉၄၁ ခုနှစ် ဇွန်လအတွင်းပြုလုပ်ခဲ့သော အမေရိကန်-ဂျပန် ဆွေးနွေးပွဲ ပျက်ခဲ့လေသည်။ ထို့နောက် အမေရိကန်နိုင်ငံက ဗြိတိသျှ အင်ပါယာနှင့် အနောက်အုပ်စုနိုင်ငံများမှလွဲ၍ အခြားနိုင်ငံများသို့ ရေနံတင်ပို့မှုကို တားဆီးပိတ်ပင်လိုက်သည်။

## ထပ်ဆင့်တင်းမာလာသော ဆက်ဆံရေးများ

ဇွန်လ ၂၂ ရက်နေ့တွင် ဂျာမနီက ဆိုဗီယက်ကို ဝင်တိုက်သည်။ ဇူလိုင်လ ၂ ရက်နေ့က ပြုလုပ်ခဲ့သော ဂျပန်အစိုးရအဖွဲ့ အစည်းအဝေးတွင် အမေရိကန်၏ သဘောထားမည်သို့ရှိစေ၊ ဂျပန်နိုင်ငံအနေဖြင့် အင်ဒိုချိုင်းနားတောင်ပိုင်းကို သိမ်းပိုက်ရန် ဆုံးဖြတ်ခဲ့လေသည်။ သို့တိုင်အောင် ပစိဖိတ်ဒေသအတွင်း ငြိမ်းချမ်းရေးရယူလိုကြောင်း အမေရိကန်နှင့် ဗြိတိန်တို့ သံသယကင်းစေရန် နည်းမျိုးစုံဖြင့် ပြသရန် ဂျပန်အစိုးရအဖွဲ့ဝင် အများစုက ဆန္ဒရှိကြသည်။ ဂျပန်ကြည်းတပ်ကလည်း အင်ဒိုချိုင်းနားကို သိမ်းပိုက်ပြီးသည်အထိ စေ့စပ်ဆွေးနွေးပွဲကို ပြန်လည်ပြုလုပ်စေ

www.burmeseclassic.com

www.burmeseclassic.com



လိုသည်။ အမေရိကန်နိုင်ငံအနေဖြင့် ဂျပန်နိုင်ငံ၏ သံတမန်ရေးရာဝှက်စာကို ဖော်ထုတ်နိုင်နေပြီဖြစ်ရာ ဂျပန်နိုင်ငံ၏ ရည်ရွယ်ချက်များကို သိရှိနိုင်ပြီးဖြစ်၏။ အင်ဒိုချိုင်းနားကို ဂျပန်သိမ်းပိုက်လိုခြင်းမှာ ဗြိတိသျှပိုင်ကိုလိုနီများ၊ နယ်သာလန်အရှေ့အိန္ဒိယ၊ ဖိလစ်ပိုင် ကုန်သွယ်ရေးလမ်းကြောင်းများကို ဆက်လက်တိုက်ခိုက်နိုင်ရေးအတွက် လက်လှမ်းမီသော ခြေကုပ်စခန်းရရှိရန် ဖြစ်သည်။

ဂျပန်ကို အတိအလင်းသတိပေးသည့် အနေဖြင့်လည်းကောင်း၊ မိမိကိုယ်ကို ခံကာကွယ်သည့်အနေဖြင့်လည်းကောင်း၊ ဂျပန်နိုင်ငံနှင့် ကုန်သွယ်မှုဖြတ်တောက်ရန် အမေရိကန်နိုင်ငံက ဆုံးဖြတ်ခဲ့သည်။ အကယ်၍ ဂျပန်နိုင်ငံအနေဖြင့် အင်ဒိုချိုင်းနားကို တိုက်ခိုက်လာပါက စီးပွားရေးနှင့် ငွေကြေးပိတ်ပင်မှုများကို တိုးမြှင့်လုပ်ဆောင်သွားမည်ဟု အမေရိကန်နိုင်ငံက ဗြိတိန်နိုင်ငံကို အကြောင်းကြားခဲ့သည်။ တစ်ဖန် အင်ဒိုချိုင်းနားကို ကြားနေဒေသအဖြစ် လက်ရောင်ရန် သမ္မတ ရစ်ဗဲ့က ဂျပန်နိုင်ငံကို သတိပေးခဲ့သော်လည်း ဂျပန်နိုင်ငံသည် ဇူလိုင်လအတွင်းမှာပင် ဆိုင်ဂုံနှင့် ကမ်ရမ်ပင်လယ်ကွေ့ (CAMRANH BAY) အပါအဝင် အင်ဒိုချိုင်းနားကို သိမ်းပိုက်ခဲ့လေသည်။

အမေရိကန်နိုင်ငံက လက်တုံ့ပြန်သည့်အနေဖြင့် ဂျပန်နိုင်ငံ၏ ပိုင်ဆိုင်မှု အရင်းအမြစ်အားလုံးကို ထုတ်ယူခွင့်မပြုဘဲ ထိန်းချုပ်လိုက်သည်။ ဗြိတိန်နိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံ၏ ကူညီမှုမပါဘဲ ဂျပန်နိုင်ငံနှင့် ထိပ်တိုက် မတွေ့လိုသော်လည်း အခြားရွေးစရာ



နည်းလမ်းမရှိတော့သဖြင့် ဗြိတိန်-ဂျပန်၊ အိန္ဒိယ-ဂျပန်၊ မြန်မာ-ဂျပန် စသည့် စီးပွားရေးစာချုပ်အားလုံးကို ရပ်ဆိုင်းလိုက်ရတော့သည်။ နယ်သာလန်-အရှေ့အိန္ဒိယသည်လည်း အလားတူပင် ရပ်စဲခဲ့လေသည်။

ဤတုန့်ပြန်မှုကြောင့် ဂျပန်နိုင်ငံ အလွန်အထိနာသွားသည်။ သွင်းကုန်အပေါ် မှီခိုနေရသော လုပ်ငန်းများ ရပ်ဆိုင်းပစ်လိုက်ရတော့မည့် အခြေအနေ ဆိုက်ရောက်ရသကဲ့သို့ ထုတ်ကုန်ပစ္စည်းထုတ်လုပ်သော စက်ရုံများနှင့် ကုန်လှောင်ရုံများကိုလည်း ပိတ်ပစ်ရတော့မည့် အနေအထား ဖြစ်လာခဲ့သည်။ စစ်ဘက်အမြင်အရကြည့်လျှင် ဂျပန်၏ စစ်ပစ္စည်းထုတ်လုပ်မှုကို လအနည်းငယ်အတွင်း တစ်ဟုန်ထိုး ကျဆင်းစေမည်ဖြစ်ပြီး နှစ်များစွာက ဖြိုးဖြိုးစွာ စုဆောင်းထားခဲ့သော အရန်ကုန်ကြမ်းများ ထုတ်သုံးသည့်တိုင် ကြာရှည်တောင့်ခံနိုင်ဖွယ် မမြင်ချေ။ အဆိုးဆုံးမှာ ပြင်ပကမ္ဘာနှင့် ရေနံတင်သွင်းမှု လုံးဝပြတ်တောက်သွားခဲ့ ရခြင်းပင်ဖြစ်ပြီး ဂျပန်နိုင်ငံပိုင် ထုတ်လုပ်မှုမှာ ၎င်း၏ ပုံမှန်လိုအပ်ချက်၏ ၁၀ ရာခိုင်နှုန်းမျှသာဖြစ်ပေရာ ၎င်း၏ အရန်ရေနံပေါင်းသည် စစ်ငြိမ်းချိန်တွင် ၃ နှစ်ခန့်သာ သုံးစွဲနိုင်တော့မည်ဖြစ်ပြီး စစ်ဖြစ်ချိန်ဆိုပါကသည့်ထက် မြန်မြန်ကုန်ဆုံးသွားရမည်မှာ သေချာလှသည်။ ထို့ကြောင့် ဂျပန်နိုင်ငံအဖို့ ငြိမ်းချမ်းစွာ ဖြေရှင်းမည်လား၊ စစ်ဖြစ်မည်လားဆိုသည့် လမ်းဆုံလမ်းခွသို့ ရောက်လာခဲ့ရလေတော့သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၄)

# ဂျပန်နိုင်ငံ၏ စစ်ပြင်ဆင်မှု

ဂျပန်နိုင်ငံရေး လှုပ်ရှားမှုပွဲနှင့် အစိုးရအပြောင်းအလဲ

ဤအခြေအနေတွင် ဂျပန်ကြည်းတပ်သည် ၎င်းတို့၏ စစ်ရေးစီမံမှုကို အကန့်အသတ် ဖြစ်စေမည့် အမေရိကန်၊ ဗြိတိန်နိုင်ငံတို့နှင့် ဆက်ဆံရေးပြေလည်အောင် ကြိုးစားရန် မလိုလားတော့ချေ။ သို့သော် ရေနံအပေါ် အမှီခိုရဆုံးဖြစ်သည့် ရေတပ်သည် အမေရိကန်နိုင်ငံနှင့် စစ်မဖြစ်ရန် အမြဲရှောင်ကွင်းခဲ့သည်။ အကယ်၍ စီးပွားရေးပိတ်ပင်မှု ဆက်လက်ရှိနေမည်ဆိုပါက ရေနံလက်ကျန်သည် နှစ်နှစ်တာကာလထက် ပိုခံမည်မဟုတ်ကြောင်း ရေတပ်က ထောက်ပြသည်။ ယခုအချိန်သည် စေ့စပ်ဆွေးနွေးရေး၊ စီးပွားရေးချုပ်ခြုံအကျခံရေးနှင့် စစ်ရေးဟူသော လမ်းသုံးသွယ်ကို ရွေးချယ်ရမည့်အချိန်ဖြစ်ပြီး ရေတပ်အနေဖြင့် စေ့စပ်ရေးကို လိုလားကြောင်း။ လိုလားပါက ဝင်ရိုးတန်း မဟာမိတ်စာချုပ်ကို စွန့်လွှတ်ခြင်း အပါအဝင် ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမေရိကန်နိုင်ငံနှင့် စစ်မက်ဖြစ်ပွားမည့် အန္တရာယ်မှ ရှောင်ကွင်းသင့်ကြောင်း။ ဤပထမခြေလှမ်း မအောင်မြင်မှ စီးပွားရေးအရ ချုပ်ခြုံကျ အရှုံးပေးရရေးထက် လက်ဦးမှုရယူပြီး စစ်ရေးနည်းဖြင့် ဖြေရှင်းရန်ဖြစ်ကြောင်း တင်ပြ



သည်။

ထို့ကြောင့် ကိုနိုရီသည် ဝါရှင်တန်နှင့် စေ့စပ်ပွဲပြန်စရန် ဆုံးဖြတ်၏။ ဇွန်လ ၂၁ရက်နေ့ကတည်းက ပေးပို့ထားသော အမေရိကန်နိုင်ငံ၏ စာကို ပြန်ကြားခဲ့၏။ ယင်း ပြန်စာထဲတွင် ဂျပန်နိုင်ငံအပေါ် အရေးယူထားသော ကုန်သွယ်ရေး ကန့်သတ်ချက်များကို ဖယ်ရှားပေးရန်၊ ဖိလစ်ပိုင်တွင် အမေရိကန် စစ်ရေးပြင်ဆင်နေခြင်းကို လျှော့ချပေးရန်၊ အရှေ့ဖျားရှိ ဗြိတိသျှနှင့် ဒတ်ချ်တပ်များကို စစ်ပစ္စည်းထောက်ပံ့ခြင်းနှင့် တရုတ်ပြည်သို့ အကူအညီပေးနေခြင်းကို ရပ်ဆိုင်းရန်၊ အင်ဒိုချိုင်းနားတွင် ဂျပန်စစ်စခန်းများ တည်ရှိနေမှုကို အသိအမှတ်ပြုရန် တောင်းဆိုချက်များပါဝင်ပြီး အပြန်အလှန်အနေဖြင့် တစ်စုံတစ်ရာသော အချိန်အတိုင်းအတာတစ်ခုအထိ (တိကျသော အချိန် ကာလမဟုတ်ကြောင်း တွေ့ရသည်။) အင်ဒိုချိုင်းနားတွင်သာ ဂျပန်တပ်များကိုထားမည်ဖြစ်ပြီး အနောက်တောင် ပစိဖိတ်ဒေသသို့ တပ်များ မစေလွှတ်ပါဟု ပါရှိသည်။ ဤတောင်းဆိုချက်မှာ မမျှတသဖြင့် အမေရိကန်နိုင်ငံက လက်မခံခဲ့ချေ။ ဤအကြောင်းပြန်စာမှာ အမေရိကန်၏ အကြံပြုချက်နှင့် ကိုက်ညီခြင်းမရှိဟု ဆိုသည်။

သို့ဖြင့် စက်တင်ဘာလ ၆ရက်နေ့တွင် ပြုလုပ်သော ဂျပန်အစိုးရအဖွဲ့အစည်းက (၁) အောက်တိုဘာလကုန်အပြီး စစ်ရေးပြင်ဆင်မှုအားလုံး ပြုလုပ်ရန်၊ (၂) ဂျပန်၏ တောင်းဆိုချက်များကို လိုက်လျောနိုင်သမျှ လိုက်လျောအောင် အမေရိကန်နှင့် ဗြိတိန်ကို

www.burmeseclassic.com

www.burmeseclassic.com



သံတမန်နည်းလမ်းများဖြင့် ဖျောင်းဖျဆွဲဆောင်ရန်၊ (၃) အကယ်၍ ညှိကြိုးပမ်းမှုများသည် အောက်တိုဘာလဆန်းသည်အထိ ထင် သလောက် ခရီးမပေါက်ပါက အခွင့်အသာဆုံးအချိန်တွင် လက်နက် ဖြင့် ဖြေရှင်းရန်ဟူသော ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့လေသည်။

အမေရိကန်-ဂျပန် ဆွေးနွေးပွဲမှာ မအောင်မြင်ခဲ့ပြန်ချေ။ ကိုနိုရီနှင့် နိုင်ငံခြားရေးဝန်ကြီးတို့က သံတမန်နည်းသည် မျှော်လင့် ချက် မကုန်ဆုံးသေးဟု ယူဆကြ၏။ ရေတပ်သည် တစ်ဖက်က စစ်မဖြစ်ချင်သော်လည်း တစ်ဖက်က လက်ကျန်ရေနံလျော့နည်းလာ မှုကြောင့် ဘာလုပ်ရမည်မသိ၊ ဝေဝေဝါ မပြတ်မသား အခြေအနေ တွင် ရောက်ရှိနေ၏။ ကြည်းတပ်ကမူ စက်တင်ဘာလ ၆ရက်နေ့က ချမှတ်ခဲ့သော အစိုးရအဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက် တတိယ အပိုဒ် (အောက်တိုဘာလဆန်းအထိ အခြားနည်းဖြင့် တိုးတက်မှု မရရှိက အင်အားသုံးရန်)အရ ချက်ချင်း အရေးယူဆောင်ရွက် စေလို၏။

အမေရိကန်နိုင်ငံနှင့် စစ်ဖြစ်ပါက အရေးနိမ့်နိုင်သည်ကို သိရှိသော ကိုနိုရီသည် စက်တင်ဘာလ ၆ရက်နေ့ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရာတွင် တာဝန်မယူနိုင်သဖြင့် အောက်တိုဘာ လ ၁၆ရက်နေ့တွင် ရာထူးမှ နုတ်ထွက်သွားခဲ့သည်။ နှစ်ရက်အကြာ တွင် ဗိုလ်ချုပ်ကြီး တိုဂျို(General Tojo)အစိုးရ တက်လာ၏။ သူသည် စစ်ဝန်ကြီးနှင့် ပြည်ထဲရေးဝန်ကြီး ရာထူးနှစ်ခုစလုံးကို ယူထားသည်။ သံတမန်ရေးရာကာလကုန်ဆုံးပြီး စစ်မက်ရေးရာ ကာလ အစပြုခြင်းပေတည်း။



## စစ်ရိပ်စစ်ငွေ့သန်းလာခြင်း

ဂျပန်အစိုးရသစ်နှင့် ကြည်း၊ ရေ ဗိုလ်ချုပ်ကြီးများသည် ယခုအခါတွင် သံတမန်နည်းလမ်းဖြင့် အချိန်ဆွဲနေခြင်းထက် အောင်ပွဲရရန် အခွင့်သာခိုက် တိုက်ခိုက်လိုသော စိတ်ချင်း တူနေ ကြလေပြီ။ ဂျပန်နိုင်ငံက တရုတ်ပြည်ကို သိမ်းပိုက်ထားရန် လိုအပ်မှု ကို အမေရိကန်အစိုးရက သဘောမပေါက်သေးသမျှ သံတမန် နည်းလမ်းသည် အောင်မြင်ရန် အကြောင်းမရှိဟု သူတို့ယူဆကြ သည်။ ထို့ကြောင့် နိုဝင်ဘာလ ၅ရက်နေ့ကပြုလုပ်သော Imperial Conference တွင် "အမျိုးသားမူဝါဒ အကောင်အထည် ဖော်ရေးအတွက် အချက်အလက်များ"ကို သဘောတူချမှတ်ခဲ့ ကြသည်။ ယင်းသဘောတူညီချက်အရ ဒီဇင်ဘာလ ၁ရက်နေ့ကို တပ်မတော်တစ်ခုလုံး တိုက်ပွဲဝင်ရန် အသင့်ရှိရမည့်ရက်အဖြစ် သတ်မှတ်ထားပြီး စစ်ဖြစ်ရေး မဖြစ်ရေးအတွက် အပြီးသတ်ဆုံးဖြတ် ချက်ချရမည့် Dead Line အဖြစ် နိုဝင်ဘာလ ၂၅ရက်နေ့ကို သတ်မှတ်ပေးလိုက်သည်။ ထို့ကြောင့် နောက်ဆုံးအဆိုပြုချက်များ အဖြစ် အမေရိကန်နိုင်ငံသို့ စီမံချက်(က)နှင့် စီမံချက်(ခ)တို့ကို ပေးပို့ရန် ဆုံးဖြတ်ကြသည်။

နိုဝင်ဘာလ ၇ရက်နေ့တွင် ဂျပန်နိုင်ငံက အမေရိကန်နိုင်ငံ သို့ စီမံချက်(က) (Plan A)ကို ပေးပို့ခဲ့ပြီး အမြန်ဆုံးအကြောင်းပြန် ရန် တောင်းဆိုသည်။ ယင်း ၁၅ ရက်နေ့မှာပင် ယင်းစီမံချက်ကို

www.burmeseclassic.com

www.burmeseclassic.com



လက်မခံနိုင်ကြောင်း အမေရိကန်နိုင်ငံက ပြန်ကြားသည်။ အမေရိကန်နိုင်ငံဆိုင်ရာ ဂျပန်သံအမတ်များဖြစ်ကြသော နိုမူရာနှင့် ကူရူဆု (Kurusu)တို့က အကယ်၍ အမေရိကန်နိုင်ငံက ဂျပန်နိုင်ငံအပေါ် စီးပွားရေးပိအားကို လျော့ပါးပေးမည်ဆိုလျှင် ဂျပန်နိုင်ငံကလည်း အပြန်အလှန်အားဖြင့် အင်ဒိုချိုင်းနားတောင်ပိုင်းမှ တပ်များ ရုပ်သိမ်းပေးရန် ဆွေးနွေးသင့်ပါကြောင်း။ ၎င်းတို့၏ ဂျပန်အစိုးရကို နိုဝင်ဘာလ ၁၈ ရက်နေ့တွင် အကြံပြုတင်ပြကြသည်။ အမေရိကန်နိုင်ငံကလည်း၊ ယင်းအချက်ကို ဆွေးနွေးလိုသည်။ သို့သော် ဂျပန်အစိုးရက စီမံချက်(ခ)(Plan B)မှလွဲ၍ မည်သည့်ဆွေးနွေးမှုကိုမှ မလုပ်နိုင်တော့ကြောင်းနှင့် Dead Line ကို နိုဝင်ဘာလ ၂၉ရက်နေ့သို့ ရွှေ့ပြောင်း၊ အပြီးသတ်နေ့ရက်ပင်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။ ထို့နောက် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် အမေရိကန်နိုင်ငံသို့ စီမံချက်(ခ)ကို ပေးပို့လိုက်သည်။

စီမံချက်(ခ)သည် ဂျပန်နိုင်ငံ၏ နောက်ဆုံးအဆင့် ခြေလှမ်းဖြစ်ကြောင်း အမေရိကန်နိုင်ငံက သိရှိထားသည်။ အဆိုပါစီမံချက်တွင် အပေးအယူသဘောအရ ဂျပန်တပ်များကို အင်ဒိုချိုင်းနားတောင်ပိုင်းမှ မြောက်ပိုင်းသို့ ဆုတ်ခွာပေးမည်ဟုပါရှိသော်လည်း အင်အားမည်မျှ ဆုတ်မည်၊ အင်အား မည်မျှကျန်မည်ကို ဖော်ပြမထားပေ။ ထို့ပြင် အကြွင်းမဲ့တပ်ရုပ်သိမ်းပေးလိုသည့် သဘောကိုလည်း မတွေ့ရပေ။ ဂျပန်နိုင်ငံ၏ အာရှတောင်ပိုင်း ထိုးစစ်ကြံရွယ်ချက်ကို တားဆီးနိုင်ဖွယ်မမြင်ဟု အမေရိကန်နိုင်ငံက ယူဆလေ



သည်။ စီမံချက်အဆင့်ဆင့်ဖြင့် မည်သို့ပင် အပေးအယူ ပြုလုပ်လာသော်လည်း ဂျပန်နိုင်ငံသည် ဝင်ရိုးတန်း မဟာမိတ်အဖွဲ့ဝင်အဖြစ် ရှိမြဲရှိနေပြီး၊ အမေရိကန်နှင့် ဗြိတိန်တို့၏ အဓိကရန်သူဖြစ်မြဲဖြစ်နေလျက်ရှိသည်။ ဂျပန် နိုင်ငံ၏ စီမံချက်(ခ)မှာလည်း လက်ခံနိုင်ဖွယ်မရှိချေ။ အကယ်၍ တုံ့ပြန်အဆိုပြုချက်ကို အမေရိကန်နိုင်ငံက မဆုံးနိုင်ဖွယ်ရာ ထပ်မံပေးပို့ဦးမည်ဆိုလျှင် အမေရိကန်နိုင်ငံ၏ သိက္ခာကျဆင်းပေတော့မည်။ သိက္ခာအရှိဆုံးနည်းလမ်းမှာ ဂျပန်နိုင်ငံ၏ တစ်ဖက်စီးနင်း အဆိုပြုချက်များကို ငြင်းပယ်ကာ ပစိဖိတ်စစ်ပွဲ ဆင်နွှဲရန်သာရှိတော့သည်ဟု အမေရိကန်နိုင်ငံက သိရှိလာသည်။

ထို့ကြောင့် စီမံချက်(ခ)ကို လက်မခံကြောင်း၊ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် အကြောင်းပြန်လိုက်လေသည်။ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ပြုလုပ်သော Imperial Conference ၌ သံတမန်နည်းဖြင့် ဂျပန်နိုင်ငံ၏ လိုလားချက်များကို ရယူနိုင်တော့မည်မဟုတ်ကြောင်း၊ ဗိုလ်ချုပ်ကြီး တိုဂျိုက ပြောကြားခဲ့သည်။ သို့ဖြစ်၍ ဒီဇင်ဘာလ ၈ ရက်နေ့တွင် စစ်ကြေညာမည်ဖြစ်ကြောင်း၊ ကြည်း၊ ရေ၊ လေ တပ်မှူးကြီးများကို နောက်တစ်နေ့တွင် သတိပေးလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပူးပေါင်းရေတပ်ဖွဲ့ကြီး၏ တပ်မှူးချုပ်
ရေကြောင်းဗိုလ်ချုပ်ကြီး ယာမာမိုတို။



အခန်း(၅)

## ရေတပ်ဗိုလ်ချုပ်ကြီး အီဆိုရိုကူ ယာမာမိုတို

ဤနေရာတွင် ပုလဲဆိပ်ကမ်းမတိုင်မီ အမေရိကန်၊ ဂျပန်၊ ဗြိတိန်တို့၏ အနေအထား သရုပ်ဖော်မှုကို ခေတ္တရပ်ထားကာ ပုလဲဆိပ်ကမ်းတိုက်ပွဲကို စတင်ဖန်တီးခဲ့သူ ရေကြောင်းဗိုလ်ချုပ်ကြီး အီဆိုရိုကူယာမာမိုတို(Admiral Isoroku Yamamoto)၏ အကြောင်း တစ်စိတ်တစ်ဒေသကိုလည်းကောင်း၊ သံတမန်အရေးအခင်းများ ဆောင်ရွက်နေဆဲကာလအတွင်းနှင့် ယင်းအချိန်မတိုင်မီ လွန်ခဲ့သော တစ်နှစ်ခန့်ကပင်လျှင် ပုလဲဆိပ်ကမ်းကို တိုက်ခိုက်ရန် အစပျိုး ပြင်ဆင်နေပြီဖြစ်သော ဂျပန်နိုင်ငံ၏ မီးစတစ်ဖက် ရေမှတ်တစ်ဖက် ကျင့်စဉ်ကိုလည်းကောင်း၊ အကျဉ်းမျှ ဖော်ပြသွားပါမည်။

www.burmeseclassic.com

www.burmeseclassic.com



## ဘဝဖြစ်စဉ်အကျဉ်း

ဗိုလ်ချုပ်ကြီး ယာမာမိုတို ကို ၁၈၈၃ ခုနှစ် ဧပြီလ ၄ရက်နေ့တွင် ဂျပန်နိုင်ငံ နာဂါအိုကာ (Nagaoka)ကျွန်း၌ မွေးဖွားခဲ့သည်။ ယာမာမိုတိုသည် အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်မှ ဘွဲ့ရခဲ့၏။ ထို့နောက် ဝါရှင်တန်မြို့တော်တွင် တာဝန်ပေးအပ်ခြင်းခံရသည်။ အမေရိကန် နိုင်ငံအနှံ့အပြားသို့ ခရီးလှည့်လည်သွားလာခဲ့ဖူးသူဖြစ်သည်။ အမေရိကန်မိတ်ဆွေ များစွာရှိပြီး အမေရိကန်အကြောင်းကို အတွင်းသိ အစင်းသိ သိသူ ဖြစ်၏။

၁၉၃၄ခုနှစ်တွင် လန်ဒန်တွင် ကျင်းပသော ရေတပ်ကွန်ဖရင့်သို့ ဂျပန်နိုင်ငံ ကိုယ်စားပြုတက်ခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် လေကြောင်းဌာန၏ အကြီးအကဲတာဝန် ထမ်းဆောင်ရသည်။ ၁၉၃၉ ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ ဂျပန် စုပေါင်းရေတပ်ဖွဲ့ကြီး၏ တပ်မှူးချုပ်ဖြစ်သည်။ ယင်းတာဝန်ကို ထမ်းဆောင်စဉ် ၁၉၄၁ ခုနှစ်၌ ပုလဲဆိပ်ကမ်းတိုက်ပွဲကို ဦးဆောင်ခဲ့သူအဖြစ် ထင်ရှားသည်။ ရေကြောင်း ဗိုလ်ချုပ်ကြီး ယာမာမိုတိုသည် ၁၉၄၃ ခုနှစ်တွင် ဆော်လမွန်ကျွန်းစုတိုက်ပွဲကို ကွပ်ကဲနေစဉ် ဧပြီလ ၁၈ ရက်နေ့၌ ခရီးစဉ်ဝက်စာပေါ်သွားမှုကြောင့် သူစီးလာသော လေယာဉ်ကို အမေရိကန် တိုက်လေယာဉ်များက ကြားဖြတ်တိုက်ခိုက်သဖြင့် ကျဆုံးခဲ့ရလေသည်။



## ကမ္ဘာကို တုန်လှုပ်စေသော စီမံချက်တစ်ခု မွေးဖွားလာခြင်း

ဂျပန်နိုင်ငံသည် အမေရိကန်နိုင်ငံနှင့် စီးပွားရေး၊ နိုင်ငံရေး လွန်ဆွဲနေဆဲကာလတွင် စစ်ရေးအရ မဖြေရှင်း လိုသူများအနက် ဗိုလ်ချုပ်ကြီး ယာမာမိုတိုလည်း တစ်ဦးအပါအဝင်ဖြစ်၏။ ယာမာမိုတိုသည် အမေရိကန်နိုင်ငံ၏ စီးပွားကြွယ်ဝမှုနှင့် စစ်အင်အားတောင့်တင်းမှုကို ကောင်းစွာသိသည်။ ထို့ကြောင့် အမေရိကန်နှင့် စစ်တိုက်ရန် စိတ်အားထက်သန်မှု မရှိချေ။ သို့သော် နိုင်ငံရေးနှင့် စစ်ဝါဒီတို့၏ အတွေးအခေါ် မှိုင်းမိလေသော အခါ သူသည် ပုလဲဆိပ်ကမ်းကို တိုက်ခိုက်ရန် ရဲဝံ့ပြောင်မြောက်စွာ စီမံချက်တစ်ခု ရေးဆွဲတင်ပြလေတော့သည်။ သူ့စီမံချက်၏ အကျဉ်းချုပ်သဘောမှာ အမေရိကန် ပစိဖိတ်ရေတပ်တော်ကြီး တစ်ခုလုံး သုံးမရအောင် ရှေးဦးဆုံး တိုက်ခိုက် ချေမှုန်းပစ်ရန်၊ ထို့နောက် ကျွန်းခုံစစ်စည်းမှတစ်ဆင့် တက်လှမ်းကာ အမေရိကန် စစ်ပန်းသည်အထိ မွှေနှောက်စစ်ထိုးရန်၊ အမေရိကန် ခြေကုန်လက်ပန်းကျပြီးသောအခါ အာရှတိုက်ကို ဂျပန်နိုင်ငံက ကြီးစိုးရန် ဟူ၏။

ဗိုလ်ချုပ်ကြီး ယာမာမိုတို၏ စီမံချက်မှာ စိတ်ကူးယဉ်ဆန်သည်။ ထို့ကြောင့် ဂျပန်ရေတပ်မတော်အတွင်းမှာပင် ဤစီမံချက်အပေါ် သံသယဝင်သူတွေ ရှိလာသည်။ မဖြစ်နိုင်ဘူးဟု

www.burmeseclassic.com



တိတိပပ သဘောထားကွဲကြသည်လည်း ရှိသည်။ သို့သော် ဗိုလ်ချုပ်ကြီး ယာမာမိုတိုသည် မလျှော့ချေ။ မလုပ်လျှင် အစကတည်းက မလုပ်နှင့်၊ လုပ်မည့် လုပ်မှတော့ မဆုတ်မနစ်ဖြစ်အောင် လုပ်မည့် လူစားမျိုး ဖြစ်၏။ ရန်သူ့အကြောင်းကို ဂယနဏ သိရှိထားသူပီပီ နိုင်ကွက်ကို အပိုင်ကိုင်မှဖြစ်မည်ကို သူသိသည်။

ဂျပန်နိုင်ငံ၏ စိတ်ဝင်စားမှုမှာ ဗြိတိန်နှင့် ဒတ်ချ်ပိုင် ကိုလိုနီနိုင်ငံဖြစ်သည်၊ ယင်းနိုင်ငံများကို ဂျပန်က တိုက်ခိုက်သည်နှင့် အနေးနှင့်အမြန်ဆိုသလို အမေရိကန် နိုင်ငံကလည်း ပါဝင်လာတော့မည်မှာ သေချာ၏။ ဤတွင် ဂျပန်တို့၏ အမိက စစ်ထိုးဘက်သည် ဗြိတိန်ထက် အမေရိကန်ဖြစ်လာပေမည်၊ ထိုအချိန်၌ ဗြိတိန်သည် ဥရောပ စစ်မျက်နှာတွင် ဂျာမနီ၊ အီတလီတို့နှင့် စစ်မျက်နှာ တစ်ခုဖွင့်နေနှင့်ပြီးဖြစ်ကာ အမေရိကန်ကမူ အင်ပြည့် အားပြည့်နှင့် လန်းဆန်းလတ်ဆတ်သောရန်သူအသစ် ဖြစ်သည်။ စက်မှုစီးပွားနှင့် စစ်ရေးစွမ်းပကားအရ ရှေ့ဖြစ်သည်နှင့် အမေရိကန်နိုင်ငံကို ဦးချိုးထားရန်လိုသည်။ ထိုခေတ် ထိုအချိန်က ရေတပ်အင်အားသည် တပ်မတော်တစ်ခု၏ အောင်မြင်မှု၊ ဆုံးရှုံးမှုကို အဆုံးအဖြတ်ပေးနိုင်သော အခြေအနေရှိသည့်အပြင် ပစိဖိတ်ဒေသသည် ရေကြောင်းတိုက်ပွဲ အများအပြားကို မျှော်လင့်ပြင်ဆင်ရမည့် စစ်နယ်ဝန်းဖြစ်ရကား အမေရိကန်နိုင်ငံကို လက်ဦးမဆွ အနိုင်ယူထားမည်ဆိုပါက ပစိဖိတ်ရေတပ်မတော်ကို ချေမှုန်းခြင်းထက် အခြားကောင်းမွန် ထိရောက်သော ပစ်မှတ်မရှိတော့ချေ။ ဤအယူအဆကို



ဂျပန်အစိုးရအဖွဲ့သည် ဗိုလ်ချုပ်ကြီး ယာမာမိုတိုနှင့် တစ်သဘောတည်းကိုက်ညီခဲ့ကြသည်၊ သို့ဖြင့် ဗိုလ်ချုပ်ကြီး ယာမာမိုတိုသည် ဂျပန်နိုင်ငံအတွက် စစ်ပွဲအောင်မြင်ရန် တစ်ခုတည်းသော အခွင့်အလမ်းမှာ ပုဆဲဆိပ်ကမ်းကို အလွန်လျင်မြန်စွာ အလစ်အငိုက် ထိုးသုတ် တိုက်ခိုက်ပြီး ရန်သူ၏စိတ်ဓာတ် ခြောက်ခြား ကျဆင်းသွားစေခြင်းသာ ဖြစ်သည်ဟူသော အယူအဆကို တိုကျိုအစိုးရ လက်ခံလာအောင် စွမ်းဆောင်နိုင်ခဲ့တော့သည်။

ဤသို့ဖြင့် ဗိုလ်ချုပ်ကြီး ယာမာမိုတိုသည် ပုလဲ ဆိပ်ကမ်းအား တိုက်ခိုက်ရန် ၁၉၄၁ ခုနှစ် ဇန်နဝါရီလ •(တစ်နှစ်နီးပါးခန့်ကြိုတင်၍) ကတည်းကပင် စတင် စီမံဆောင်ရွက်နေပြီး ဖြစ်လေသည်၊ ဤအချိန်ကာလ တစ်လျှောက်လုံးတွင် တစ်ဖက်က နိုင်ငံရေးစကားဆိုမှုများ၊ စီးပွားရေးတိုက်ပွဲများဖြင့် မပြတ်လှုပ်ရှားနေသည်ကို သတိချပ်ရန်ဖြစ်ပါသည်။

◆ ◆ ◆

www.burmeseclassic.com



## အခန်း(၆)

# စစ်ရေးစီမံချက်

### စီးပွားရေးလိုအပ်ချက်အရ သဏ္ဌာန်ပေါ်လာသော စစ်ရေးစီမံချက်

ကုန်သွယ်ရေးပိတ်ဆို့ခံထားရသော ဂျပန်နိုင်ငံသည် ရေနံရရှိမည့် ဘော်နီယို၊ ဆုမတြာနှင့် ဂျာဗားကျွန်းတို့ကို မြန်နိုင်သရွေ့ အမြန်ဆုံးသိမ်းပိုက်လိုသည်၊ ရေနံရမှ ရှေ့ဆက်နိုင်မည်ဖြစ်ရာ စစ်ရေးစီမံချက်သည် ၎င်းကျွန်းများကို အောင်မြင်စွာ သိမ်းပိုက်နိုင်မည်ဟု အာမခံချက်ပေးနိုင်သော စီမံချက်ဖြစ်ရမည်။ တစ်ဖန် စက်ရုံအလုပ်ရုံများကို တတ်နိုင်သမျှ အပျက်အစီးနည်းနည်းဖြင့် သိမ်းပိုက်လိုပေရာ အငိုက်ဖမ်းယူခြင်းဟူသော စစ်အောင်ရာသော အကြောင်းတစ်ခုကို အပြည့်အဝ ပိုင်ပိုင်နိုင်နိုင်လုပ်ဆောင် နိုင်သော စီမံချက်လည်း ဖြစ်ဖို့လိုပေသည်။ သို့ဖြစ်ရကား စစ်ရေးဆိုင်ရာထက် စီးပွားရေးဆိုင်ရာ လိုအပ်ချက်များကို စဉ်းစားပြီးနောက် သိမ်းပိုက်ရမည့် ကျယ်ဝန်းလှသော နယ်မြေများနှင့် တိုက်ခိုက်ရမည့် အချက်



အချာနေရာများကို ညွှန်ကြားချက်ထုတ်ပေးခဲ့လေသည်။

တစ်ဖန် စစ်ရေးရှုထောင့်အမြင်အရ ထင်ရှားသောအချက်မှာ တောင်ဘက်တစ်ကြောသို့ ဦးတည်တိုက်ခိုက်သွားမည့် ထိုးစစ်ကြောင်း၏ ဆက်သွယ်ရေးလမ်းကြောင်း လုံခြုံမှုရရှိရန်နှင့် တန်ပြန်ထိုးစစ်ဆင်နွှဲနိုင်မည့် ရန်သူ့ခြေကုတ်စခန်းများကို ချေဖျက်ရန် စင်ကာပူနှင့် ဖိလစ်ပိုင်မှ ဗြိတိသျှနှင့် အမေရိကန်တပ်များကို မောင်းထုတ်ရန် လိုသည်ဟူသော အချက်ဖြစ်၏။ တစ်ပြိုင်နက်တည်းမှာပင် စစ်ပွဲ၏ အပိုင်းကာလများဖြစ်သော သေရေးရှင်ရေးကာလတွင် နောက်ပိုင်းမှ ဝင်ရောက်နှောင့်ယှက်ခြင်းမခံရအောင် အမေရိကန် ပစိဖိတ်ရေတပ်တော်ကို လုံးဝဖျက်ဆီးပစ်ရန်၊ သို့မဟုတ် အင်အားချည့်နဲ့ ယိမ်းယိုင်သွားအောင် ထိုးနှက် တိုက်ခိုက်ရန် လို၏။ ၎င်းမှာ ပုလဲဆိပ်ကမ်းတိုက်ပွဲ စီမံချက်၏ ရည်မှန်းချက်ပင် ဖြစ်ပေသည်၊ ထို့အတူ မလေးယားနှင့် မြန်မာနိုင်ငံကို စစ်ဆင်ရေးအတွက် ပေါင်းကူးခြေကုတ် စခန်းအဖြစ် ယိုးဒယား (SIAM)ကို စစ်ပွဲ၏ ပထမအဆင့်တွင် ဦးစွာသိမ်းပိုက်ထားရန်လို၏။

အထက်ပါ စစ်ရေးစီမံချက်ကြီးတစ်ခုလုံးထဲမှ အစိတ်အပိုင်း တစ်ခုဖြစ်သော ပစိဖိတ်ရေတပ်ကို လက်ဦးမှုယူကာ အငိုက်ဖမ်း တိုက်ခိုက်ရေးသည် ဗိုလ်ချုပ်ကြီး ယာမာမိုတို၏ ကြံစည်စိတ်ကူး ချက်ပင် ဖြစ်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ရာသီဥတုကိုမှီ၍တိုက်ရန် အချိန်ရွေးချယ်မှု

ဗိုလ်ချုပ်ကြီး ယာမာမိုတိုသည် ပုလဲဆိပ်ကမ်းကို တိုက်ရန် အချိန်ကာလ ရွေးချယ်ရာတွင် ရာသီဥတု အခြေအနေများသည် စီမံချက်အပေါ် ကောင်းကျိုးဆိုးကျိုး သက်ရောက်လွှမ်းမိုးနိုင်သည် ဟူသော အချက်ကို လည်းကောင်း၊ အငိုက်ဖမ်းနိုင်မည့် အချိန်ဖြစ်ရန်ကို လည်းကောင်း၊ တောင်ဘက်သို့ ထိုးစစ်ဆင်မည့် စစ်ကြောင်းများ ရွေးချယ်လိုသည့် အချိန်ကာလနှင့် အံကိုက်ဖြစ်စေရန် လည်းကောင်း၊ အထူးစေ့စပ်သေချာစွာ ရွေးချယ်ခဲ့ကြောင်း အောက်ပါအချက်များအရ သိရှိနိုင်သည်-

(က) ရာသီဥတု၏ ပကတိ အနေအထား

(၁) ဒီဇင်ဘာလကုန်သည်နှင့် အရှေ့မြောက် မုတ်သုံရာသီလေသည် မလေးယား ဖိလစ်ပိုင်ကျွန်းတို့ကို စတင်ဝင်ရောက်သည်။

(၂) ယင်းအချိန်မှာပင် ပစိဖိတ်မြောက်ပိုင်း၌ ဆောင်းတွင်း လေပွေမုန်တိုင်းများ (Winter Gales) အရှိန်အမြင့်ဆုံးသို့ ရောက်ရှိသည်။

(၃) ယင်းအချိန်တွင် မန်ချူးရီးယားဒေသ၌ နွေဦးပေါက်ကာ ရာသီပွင့်လင်းစပြုသည်။

(ခ) ဖော်ထုတ်ချက်

(၁) တောင်ပိုင်းထိုးစစ်အတွက်။ ထို့ကြောင့် အရှေ့မြောက်မုတ်သုံလေ မစခင် ဒီဇင်ဘာလဆန်း၌



ထိုးစစ်စတင်သင့်သည်။

(၂) ပစိဖိတ်မြောက်ပိုင်း၊ ပုလဲဆိပ်ကမ်း တိုက်ပွဲအတွက်။ ဆောင်းလေပွေရှူးများ အရှိန်အဟုန်အမြင့်ဆုံးရှိနေချိန်တွင် ချီတက်ကာ ပုလဲဆိပ်ကမ်းတိုက်ပွဲကို အောင်မြင်စွာ ဆင်နွှဲနိုင်ရန် ခဲယဉ်းမည်။ ထို့ကြောင့် ဆောင်းလေပွေရှူးများသည် ဖုံးကွယ်မှုရရှိရန် ရန်သူမမျှော်လင့်ရသော အသင့်အတင့်ရှိနေသော အချိန်ဖြစ်သည့် ဒီဇင်ဘာလဆန်းကို ရွေးချယ်သင့်သည်။

(၃) မန်ချူးရီးယားနယ်စပ်အတွက်။ အရှေ့တောင်ပိုင်းကို ထိုးစစ်ဆင်ရာတွင် မြောက်ဘက်တစ်ခွင်၌ ရုရှား၏ တိုက်ခိုက်လာမှုသည် အချိန်မရွေး ပေါ်ပေါက်လာနိုင်၏။ ထို့ကြောင့် ဒီဇင်ဘာလကုန် နွေဦးပေါက်ချိန်အထိ မစောင့်ဘဲ မန်ချူးရီးယား ဆောင်းတွင်းကာလ တည်ရှိနေဆဲအချိန်ဖြစ်သော ဒီဇင်ဘာလဆန်းတွင် ရွေးပါက လက်ကန်ပိုင်းနှင့် စာလျှင် ရုရှား၏ ရန်မှ စိတ်ချရမည်။

အထက်ပါအတိုင်း၊ ရာသီဥတုအခြေအနေကို သုံးသပ်ထုတ်ပြီးနောက် ပုလဲဆိပ်ကမ်းကို တိုက်ခိုက်ရန် အချိန်ကာလ ဒီဇင်ဘာလဆန်းကို ရွေးချယ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## နေ့ရက်ရွေးချယ်မှု

ပထမတွင် ဒီဇင်ဘာလ ၁၀ရက်နေ့ကို ရွေးချယ်ခဲ့သော်လည်း ဟာဝိုင်ယီရှိ ဂျပန်သူလျှို တာကီးယိုရီကာဝါ၏ သတင်းပေးပို့ချက်ကြောင့် ဒီဇင်ဘာလ ၈ ရက်နေ့သို့ ပြောင်းလဲသတ်မှတ်ပေးခဲ့သည်-

(က) တစ်ပတ်အတွင်း ဆိပ်ကမ်းတွင် သင်္ဘောအများဆုံး ဆိုက်ကပ်သောနေ့သည် တနင်္ဂနွေနေ့ဖြစ်ခြင်း၊

(ခ) စနေနေ့ည အားလပ်ရက်တွင် အပျော်လွန်ကြပြီး တနင်္ဂနွေနေ့အားလပ်ရက် နံနက်စောစောတွင် အဘက်ဘက်က ပေါ့ပေါ့ဆဆ အေးအေးဆေးဆေး ရှိနေလိမ့်မည်ဟု မျှော်လင့်ခြင်း။

## အချိန်ရွေးချယ်မှု

ပုလဲဆိပ်ကမ်းကို ပထမဆုံးလေယာဉ်အသုတ် တိုက်ခိုက်ရန် ပျံတက်ချိန်သည် အလင်းရောင် စတင်ထွက်ပေါ်ချိန်ဖြစ်ရမည်။ လေယာဉ်တင်သင်္ဘောများပေါ်မှ လေယာဉ်အုပ်ကို စတင် စေလွှတ်မည့်နေရာ(Flying - Off Position) နှင့် ပုလဲဆိပ်ကမ်း အကွာအဝေး၊ လေယာဉ်အုပ်၏ ပျံသန်းနှုန်းအရ တွက်ချက်လျှင် ၁နာရီ ၄၀မိနစ်ခန့်အကြာတွင် ပစ်မှတ်ပေါ်ရောက်မည်ဖြစ်သည်။ ထိုအချိန်တွင် အမေရိကန်တို့ အားလပ်ရက်အတွက် အနားယူကောင်းနေတုန်း နံနက်စောစောအချိန်ဖြစ်ပြီး တိုက်ခိုက်ရန် အလင်းရောင်ကောင်းစွာရရှိချိန်လည်း ဖြစ်ပေမည်။ ထိုနေ့ ဟာဝိုင်ယီကျွန်း၏



နေထွက်ချိန်(ဂရင်းဝှစ်ချ်စံတော်ချိန်) မှာ ၀၆၂၆နာရီဖြစ်၏။ ထို့ကြောင့် စတင်တိုက်ခိုက်ရမည့် န-နာရီကို အောက်ပါအတိုင်း သတ်မှတ်ပေးခဲ့သည်-

(က) ပုလဲဆိပ်ကမ်း၏ ဂရင်းဝှစ်ချ်စံတော်ချိန် ၀၆၂၅ နာရီ၊ (ဒီဇင်ဘာလ ၇ရက်)။

(ခ) ပုလဲဆိပ်ကမ်း၏ ဒေသစံတော်ချိန် ၀၇၅၅ နာရီ (ဒီဇင်ဘာလ ၇ရက်)။

(ဂ) ဂျပန်စံတော်ချိန် ၀၃၂၅ နာရီ (ဒီဇင်ဘာလ ၈ရက်)။

## အကွာအဝေးရွေးချယ်မှု

ရေတပ်၏ လေယာဉ်တင်သင်္ဘောတင် လေယာဉ်များမှာ အမေရိကန် လေယာဉ်တင်သင်္ဘောနှင့် စစ်သင်္ဘော ကြီးများ (Batttle Ships)ကို အဓိကထား တိုက်ခိုက်မည့် တော်ပီဒိုလေယာဉ်များ၊ ထိုးစိုက်ဗုံးကြဲလေယာဉ်များ၊ အမြင့်ပျံ ဗုံးကြဲလေယာဉ်များ၊ လေယာဉ်ကွင်းများကို တိုက်ခိုက်ရန်နှင့် မိမိ၏ တော်ပီဒိုဗုံးကြဲ လေယာဉ်များကို ရန်သူလေကြောင်းရန်မှ ကာကွယ်ပေးရန် တိုက်လေယာဉ်များ ဖြစ်ကြပေသည်။ ယင်းလေယာဉ်တို့၏ စစ်ဆင်နိုင်သော ခရီးတာ(Radius of Action)အရ ပစ်မှတ်ကို တိုက်ခိုက်ပြီး လေယာဉ်တင်သင်္ဘောများထံ ပြန်လာနိုင်ရန် လုံလောက်သော အကွာအဝေးသည် လေယာဉ်အုပ်ကို စတင် စေလွှတ်ရမည့်နေရာ(Flying–off position) ဖြစ်ရပေမည်။

www.burmeseclassic.com



လေယာဉ်တစ်စီးချင်း၏ ပျံသန်းနှုန်း မည်သို့ပင်ရှိစေကာမူ မျိုးမတူသော လေယာဉ်အုပ်ဖွဲ့များ စုပေါင်းကာ လေယာဉ်အုပ်ဖွဲ့ကြီး အဖြစ် ပျံသန်းသောအခါတွင် ပျမ်းမျှ ပျံသန်းနှုန်းတစ်ခုကို မှတည် ရပေမည်။ တစ်ဖန်ကမ်းခြေ အခြေစိုက် ရန်သူတိုက်လေယာဉ်များ ပွေ့ယ်လင့်တကူ လက်လှမ်းမမီသောနေရာလည်း ဖြစ်ရပေမည်။ ၆၆ လေယာဉ်အုပ်ဖွဲ့ကြီး စစ်ဆင်နိုင်သော ခရီးတာအတွင်းတွင် လည်း ရှိရပေမည်။ အချိန်ရွေးချယ်မှုနှင့်လည်း အံကိုက်ဖြစ်ဖို့ လိုပြန်သည်။ ဤသို့လျှင် အချက်အလက်ပေါင်းများစွာကို စနစ် တကျ အသေးစိတ် လေ့လာတွက်ချက်ပြီးမှ ပုလဲဆိပ်ကမ်းမှ ၂၃၀ မိုင်အကွာအဝေးတွင် လေယာဉ်များ စတင်စေလွှတ်ရမည့်နေရာ အဖြစ် ဗိုလ်ချုပ်ကြီး ယာမာမိုတို အတည်ပြုပေးခဲ့လေသည်။

## ချီတက်ရာလမ်းကြောင်း ရွေးချယ်ခြင်း

ဗိုလ်ချုပ်ကြီး ယာမာမိုတိုသည် ပုလဲဆိပ်ကမ်းကို တိုက်ခိုက်ရန် ချီတက်ရာလမ်းကြောင်း ရွေးချယ်ရာတွင် အလစ်အငိုက်ရရှိရေးနှင့် ဆီဖြည့်တင်းနိုင်ရေးဟူသော အချက်နှစ်ခုကို ချိန်ထိုးရွေးချယ်ခဲ့သည်

(က) **မြောက်ဘက်လမ်းကြောင်း။** Kuriles ကျွန်းစု Hitokappu ကျွန်းမှ ထွက်ခွာပြီး မစ်ဝေး (Midway) ကျွန်းအကြားမှဖြတ်ကာ ပုလဲဆိပ်ကမ်းမြောက် ဘက် မိုင် ၂၀၀ အကွာသို့ ချီတက်ရာလမ်းကြောင်း

(၁) **အကျိုး။** ကုန်သွယ်သင်္ဘောလမ်းကြောင်းများနှင့်



ဝေးခြင်း၊ ရာသီဥတု ပြင်းထန်ခြင်း။ အမေရိကန် လေယာဉ်များ၏ ကင်းထောက်လမ်းကြောင်းမှ လွတ်ကင်းခြင်း၊ အဝေးဆုံး ခရီးလမ်းကြောင်း ဖြစ်၍ ရန်သူကင်းထောက် လေယာဉ်များကို ရှောင်လွှဲနိုင်ခြင်းနှင့် ရန်သူ မမျှော်လင့်ခြင်းတို့ ကြောင့် လုံးဝအငိုက်ဖမ်းနိုင်မည်။ ဤအချက်မှာ ပစိဖိတ်စစ်နယ်ဝန်းတစ်ခုလုံးတွင် ဖြန့်ကျက်ပြီးလုပ် ရမည့် စစ်ဆင်ရေး အားလုံးအတွက် ပင်မ လိုအပ်ချက် ဖြစ်၏။

(၂) **အပြစ်။** ရာသီဥတုဆိုးသဖြင့် လမ်းခရီးတွင် ဖျက်သင်္ဘောများကို ဆီဖြည့်တင်း ထောက်ပံ့ရာ၌ အခက်အခဲ တွေ့နိုင်သည်။ (ထိုအချိန်က ပင်လယ် ပြင် ဆီဖြည့်တင်းရာ၌ ယခုခေတ်ကဲ့သို့ အလွယ် တကူ လုပ်ဆောင်နိုင်သော စနစ်မရှိသေးပါ။) သို့သော် ဤအခက်အခဲကို အထပ်ထပ်အခါခါ လေ့ကျင့်ပေးခြင်းဖြင့် ကျော်လွှားရန် ဆုံးဖြတ် လေသည်။ အကယ်၍ တကယ့်စစ်ဆင်ရေး ထွက်သောအခါ လေ့ကျင့်ထားသည့်ကြားမှ ဆီဖြည့်တင်းရန် မလွယ်ကူလျှင် ဆီနည်းနေသည့် ဖျက်သင်္ဘော (Destroyer)များကို လမ်းခုလတ် မှာပင် ချန်ထားရစ်ခဲ့ပြီး ချေမှုန်းရေး အုပ်ဖွဲ့ကြီး

www.burmeseclassic.com



(Strike Force)သည် ဖျက်သဘော အကာအကွယ် ကင်းမဲ့စွာဖြင့်ပင် ဆက်လက်ချီတက်သွားမည် ဖြစ်သည်။

(ခ) **အလယ်လမ်းကြောင်း။** အရှေ့ရှူးစူးသို့ ခုတ်မောင်းပြီး ဟာဝိုင်ယီကျွန်းစုများအတိုင်း တောင်ဘက်ချိုးကွေ့ပြီး ချီတက်ရာလမ်းကြောင်း။

(၁) **အကျိုး။** ရာသီဥတုကောင်းမွန်သဖြင့် ဆီဖြည့်တင်းမှု အခက်အခဲမရှိချေ။ အနီးဆုံးကမ်းလည်း ဖြစ်သည်။

(၂) **အပြစ်။** ဝိတ်ကျွန်း(Wake Island)၊ မစ်ဝေးကျွန်းနှင့် အခြားအမေရိကန် တပ်စွဲထားရာ ကျွန်းများမှ ကင်းထောက်လေယာဉ်များက တွေ့ရှိနိုင်သော အခွင့်အလမ်းများသည် အဓိက လိုအပ်သော အငိုက်ဖမ်းနိုင်မှုကို စွန့်လွှတ်ရမည်။

(ဂ) **တောင်ဘက်လမ်းကြောင်း။** မာရှယ် (Marshall) ကျွန်းစုအနီးမှ ဖြတ်၍သွားပြီးမှ ဟာဝိုင်ယီကျွန်းသို့ ချီတက်ရာလမ်းကြောင်း။

(၁) **အကျိုး။** စာပိုဒ်ခွဲ(ခ)အတိုင်း ဖြစ်သည်။

(၂) **အပြစ်။** စာပိုဒ်ခွဲ(ခ)အတိုင်း ဖြစ်သည်။

အထက်ပါလမ်းကြောင်း သုံးခုတွင် အလစ်အငိုက်ရရှိရေးနှင့် ဆီဖြည့်တင်းရေးလိုအပ်ချက်နှစ်ခုကို ချိန်ဆရာ၌ အဓိကလိုအပ်ချက်



အဖြစ် အလစ်အငိုက်ရရှိရေးကို အလေးအသာပေးပြီး မြောက်ဘက်ဆုံးလမ်းကြောင်းကို ရွေးချယ်ခဲ့လေသည်။

ဖွဲ့စည်းခြင်း

ပုလဲဆိပ်ကမ်းကိုတိုက်ခိုက်ရန် ပထမလေတပ်တော် (1st Air Fleet)ကို တာဝန်ပေးခဲ့သည်။ ပထမလေတပ်တော်ကို ရေတပ်အစောင့်အရှောက်သင်္ဘောများ ဖြည့်တင်းရေးသင်္ဘောများနှင့် ပေါင်းစပ်ကာ ချေမှုန်းရေးတပ်ဖွဲ့ကြီးအဖြစ် ဖွဲ့စည်းခဲ့လေသည်။

(က) **ပထမလေတပ်တော်**

(၁) **အမှတ်(၁) လေယာဉ်တင်အုပ်စု(1st Carrier Squadron)။** လေယာဉ်တင်သင်္ဘော နှစ်စီးပါဝင်သည်။ အမှတ် (၁)၊ အမှတ်(၂)၊ အမှတ်(၅) လေယာဉ်အုပ်များဖြင့် ဖွဲ့စည်းသည်။

(၂) **အမှတ်(၂) လေယာဉ်တင်အုပ်စု။** လေယာဉ်တင်သင်္ဘော နှစ်စီးပါဝင်သည်။ အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၅) အုပ်များမှ လေယာဉ်များဖြင့်ပင် ဖွဲ့စည်းထားသည်။

(၃) **အမှတ်(၃) လေယာဉ်တင်အုပ်စု။** အပေါ့စားလေယာဉ်တင်သင်္ဘော နှစ်စီးပါဝင်သည်။ အမှတ်(၃)နှင့် အမှတ်(၄) လေယာဉ်အုပ်များမှ လေယာဉ်များဖြင့် ဖွဲ့စည်းထားသည်။

www.burmeseclassic.com

www.burmeseclassic.com



(၄) လေယာဉ်အင်အား။ အထက်ပါ လေယာဉ်တင် သင်္ဘော ၆စီးဖြင့် ဖွဲ့စည်းထားသော ပထမ စစ်သင်္ဘောကြီးနှစ်စီး။

(ခ) ရေပြင်သွားသင်္ဘောတစ်ဖွဲ့

(၁) အမှတ်(၃)စစ်သင်္ဘောကြီး(Battle Ship) အုပ်စု။ ၁၄လက်မ အမြောက်များ တပ်ဆင်ထားသော စစ်သင်္ဘောကြီးနှစ်စီး။

(၂) အမှတ်(၈) ခရူဆာ(Cruiser) အုပ်စု။ ၈ လက်မ အမြောက်များ တပ်ဆင်ထားသော ခရူဆာ သင်္ဘောနှစ်စီး။

(၃) အမှတ်(၃) ဖျက်သင်္ဘောအုပ်စုကြီး။ အပေါ့စား ခရူဆာတစ်စီးနှင့် ဖျက်သင်္ဘော ၁၆စီး။

(ဂ) ဖြည့်တင်းရေးတစ်ဖွဲ့။ ဆီတင်သင်္ဘော ၈ စီး အပါအဝင် ထောက်ပံ့ရေးသင်္ဘောများ။

(ဃ) ရေငုပ်သင်္ဘောတစ်ဖွဲ့။ အောက်ပါအတိုင်း ဖြစ်သည်-

(၁) ရေငုပ်သင်္ဘော ၃စီး(ကွပ်ကဲမှုအောက်)၊

(၂) အမှတ်(၆) ရေငုပ်သင်္ဘောတပ်ဖွဲ့ကြီး (သီးခြား)၊



ချေမှုန်းရေးတပ်ဖွဲ့ကြီး၏တာဝန်

ပင်မတာဝန်မှာ ရည်မှန်းချက်ဖြစ်သော အမေရိကန်၏ ပစိဖိတ်ရေတပ်ဖွဲ့ကို လုံးဝဖျက်ဆီးချေမှုန်းရန် သို့မဟုတ် တိုက်ပွဲမဝင်နိုင်တော့သည်အထိ အင်အားချည့်နဲ့သွားအောင် တိုက်ခိုက်ဖျက်ဆီးရန်ဖြစ်သည်။ တာဝန်ခွဲများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပထမလေတပ်တော်။ ပုလဲဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော အမေရိကန် ပစိဖိတ်ရေတပ်ဖွဲ့၏ လေယာဉ်တင် သင်္ဘောများ၊ စစ်သင်္ဘောကြီးများ၊ ခရူဇာသင်္ဘောများကို အဓိကပစ်မှတ်ထား၍ နှစ်မြှုပ်ဖျက်ဆီးရန်၊ အိုအာဟူ(Oahu)ကျွန်းပေါ်မှ ဝီလာလေတပ် စခန်း(Wheeler Air Force Base)နှင့် ကာနီးအိုးဟီ ရေတပ်လေယာဉ်ကွင်း(Kaneoae Naval Air Station)တို့ရှိ လေယာဉ်များကို မြေပြင်ပေါ်မှာပင် ပစ်ခတ်ဖျက်ဆီးပစ်ရန်၊ အကယ်၍ အမေရိကန် လေယာဉ်များ၊ လေယာဉ်တင်သင်္ဘောများနှင့် လေယာဉ်ကွင်း အသီးသီးမှ ပျံတက်ခုခံပါက မိမိ၏ တိုက်ပွဲလေယာဉ်များကို ထိရောက်သော အကာအကွယ်ပေးရန်။

(ခ) ရေပြင်သွားတပ်ဖွဲ့။ ချေမှုန်းရေးတပ်ဖွဲ့ကြီး၏ အသွားအပြန်ခရီးတစ်လျှောက်တွင် လေယာဉ်တင်သင်္ဘောများကို ကာကွယ်စောင့်ရှောက်ပေးရန်။

www.burmeseclassic.com

www.burmeseclassic.com



(ဂ) ဖြည့်တင်းရေးတပ်ဖွဲ့၊ အုပ်ချုပ်ထောက်ပံ့မှု ကိစ္စများ ဖြေရှင်းပေးရန်၊

(ဃ) ကွပ်ကဲမှုအောက် ရေငုပ်သင်္ဘောသုံးစီး။ ရေပြေးတပ်အဖြစ် ချေမှုန်းရေးတပ်ဖွဲ့ကြီး၏ ရှေ့မှ ကြိုတင်သွားရောက်ကာ ချီတက်ရာလမ်းကြောင်းတွင် သင်္ဘောများ တွေ့ရှိပါက ပင်မတပ်ဖွဲ့ကို ကြိုတင်အသိပေးရန်၊

(င) အမှတ်(၆)ရေငုပ်သင်္ဘောတပ်ဖွဲ့ကြီး၊ ဟာဝိုင်ယီ ရေပြင်သို့ ယ-နတ် ၁ရက်နေ့တွင် ကြိုတင်ရောက်ရှိပြီး ပုလဲဆိပ်ကမ်းကို အနီးကပ် ထောက်လှမ်း၍ ထူးခြား သတင်းရှိက ချေမှုန်းရေးတပ်ဖွဲ့သို့ ပေးပို့ရန်။ ရေငုပ် သင်္ဘောသင်္ဘော ၅စီးတွင် ရေငုပ်သင်္ဘောငယ် ကလေးများပါလာရာ လေကြောင်းမှ စတင် တိုက်ခိုက် သည်နှင့် ၎င်းရေငုပ်သင်္ဘောငယ် ကလေးများ(Midget Subs:)က ဆိပ်ကမ်းအတွင်းသို့ ဝင်ရောက်ပြီး တိုက်ခိုက် ရန် တိုက်ပွဲပြီးဆုံးသောအခါ အမှတ်(၆)တပ်ဖွဲ့မှ ရေငုပ်သင်္ဘောများသည် လေကြောင်းတိုက်ခိုက်မှု ထွက်ပြေးလွတ်မြောက်ရန် ကြိုးစားကြသော သင်္ဘော များကို ပုလဲဆိပ်ကမ်းဝမှ စောင့်ဆိုင်းကာ နှစ်မြှုပ်ပစ်ရန်



### သတင်းထောက်လှမ်းရေး

ဗိုလ်ချုပ်ကြီး ယာမာမိုတိုသည် ကျန်းမာရေး မကောင်း၍ အငြိမ်းစားယူသွားရသော ရေတပ်အရာရှိဟောင်း တာကီအိုယို ရှိကာဝါကို ပစိဖိတ်ရေတပ်တော်၏ သတင်းအချက်အလက်များ ရယူရန် ၁၉၄၀ ပြည့်နှစ် ဆောင်းတွင်းကာလကတည်းကပင် ဟာဝိုင်ယီကျွန်းသို့ စေလွှတ်ထားခဲ့သည်။ သို့ဖြစ်ရာ ပုလဲဆိပ်ကမ်း တိုက်ပွဲအတွက် မည်မျှစေ့စပ်သေချာစွာ အသေးစိတ် ပြင်ဆင် နေပြီကို ဤအချက်က ညွှန်ပြနေ၏။ ယိုရှိကာဝါသည် ဟိုနိုလူလူ တွင် အီတိုမိုရီမူရာအမည်ဖြင့် ဂျပန် ဒုကောင်စစ်ဝန် ရာထူးတာဝန် ထမ်းဆောင်ရင်း ထောက်လှမ်းရေးသတင်းများ သံတမန် ရေဒီယို လှိုင်းမှ သံရုံးသုံးဝှက်စာဖြင့် တိုကျိုသို့ပေးခဲ့လေသည်။ သူပို့ပေးခဲ့ သော သတင်းများသည် ဗိုလ်ချုပ်ကြီး ယာမာမိုတိုအတွက် ပုလဲ ဆိပ်ကမ်း တိုက်ပွဲစီမံချက်ရေးဆွဲရာတွင် အဖိုးတန် အချက်အလက် များ ဖြစ်လာခဲ့လေသည်။ ဥပမာအားဖြင့် အောက်ပါသတင်းများ သည် စီမံချက်၏ မဏ္ဍိုင်များဖြစ်ခဲ့ပေသည်-

(က) ပုလဲဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော အမေရိကန် စစ်သင်္ဘောကြီးများမှာ အမြဲတမ်း နှစ်စင်းယှဉ်၍ ဆိုက် ကပ်လေ့ရှိကြောင်း။ အကယ်၍ ရန်သူ၏ တိုပီဒိုများဖြင့် တိုက်ခိုက်ပစ်ခတ်ခြင်းခံရပါက အတွင်းဘက်ရှိ သင်္ဘော မှာလွတ်နိုင်ကြောင်း ယိုရှိကာဝါက တိုကျိုသို့ သတင်း ပေးပို့ခဲ့၏။ ဤအချက်ကို ဗိုလ်ချုပ်ကြီး ယာမာမိုတိုက

www.burmeseclassic.com



အလေးအနက် စဉ်းစား၏။ ထို့ကြောင့် ၁၆ လက်မရှိသံ ထုထည်ထိအောင် ဖောက်ထွင်းဖျက်ဆီးနိုင် သောဗုံးဆန်ကိုတစ်ဆင်အသုံးပြုရန် စီမံခဲ့သည်။

(ခ) ပုလဲဆိပ်ကမ်းရေပြင်မှာ ကျဉ်မြောင်းပြီး တိမ်ကြောင်းလေ့လာစူးစမ်း၍ သတင်းပို့ပြန်သည်။ ဤသတင်းအပေါ်မူတည်ကာ အသုံးပြုမည့် တိုပီဒိုများကို တာတိုပေါက်ကွဲစေရန်နှင့် မူလပေါက်ကွဲအားထက် ၂ဆပြင်းထန်စေရန် စီစဉ်နိုင်ခဲ့၏။ ထို့ပြင် ပင်လယ်ရေမျက်နှာပြင်ထက်သို့ ကပ်နိုင်သမျှကပ်ပြီး ပစ်ခတ်ရန်လေသူရဲများကို လေ့ကျင့်စေခဲ့၏။

(ဂ) တစ်ပတ်အတွင်း ဆိပ်ကမ်းတွင် သင်္ဘောအများဆုံးဆိုက်ကပ်သောနေ့သည် တနင်္ဂနွေနေ့ဖြစ်ကြောင်း ယိုရှိတာဝါက သတင်းပေးသဖြင့် ယ-ရက်ကို တနင်္ဂနွေနေ့အဖြစ် ဗိုလ်ချုပ်ကြီး ယာမာမိုတိုက သတ်မှတ်ပေးခဲ့လေသည်။

(ဃ) ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော စစ်သင်္ဘောကြီး၊ လတ်၊ ငယ် တို့၏ တည်နေရာ နှင့် ပုံသဏ္ဌာန်များကိုလည်းကောင်း၊ ကုန်းပေါ်ရှိ ဗိုးလားနှင့် ဟစ်ကမ်းလေယာဉ်ကွင်းမှ စစ်လေယာဉ်များကိုလည်းကောင်း၊ ပုလဲဆိပ်ကမ်းမြောက်ဘက်ရှိ ကျောက်ချရပ်နားထားသော စစ်သင်္ဘောများစာရင်း အတိအကျကို လည်း



ကောင်း၊ ဟာဝိုင်ယီကျွန်းပတ်လည်ရှိ အရန် ရေတပ်စခန်းများ၏ သတင်းကို လည်းကောင်း၊ တိုကျိုသို့ပေးပို့နိုင်ခဲ့ရာ ယင်းသတင်းအချက်အလက်များကို တိုကျိုရောက်သောအခါ ပုလဲဆိပ်ကမ်းပုံစံနှင့် လေယာဉ်ပျံများ ဆီလှောင်ကန်နှင့် လက်နက်ကိုင် စသည့် အချက်အချာနေရာများကို ဖော်ပြသော မြေပုံကြမ်းများ ဖြစ်လာ၏။

(င) အမေရိကန်သင်္ဘောများသည် အကယ်၍ တိုပီဒိုဖြင့်အတိုက်ခံရပါက ရှောင်ရှားပြီး လွတ်ကင်းရာသို့ထွက်နိုင်ရန် လေ့ကျင့်ခန်းများ ပြုလုပ်နေသော သတင်းကိုလည်း ဗိုလ်ချုပ်ကြီး ယာမာမိုတိုတို့က ရရှိပြီး ဖြစ်၏။ ထို့ကြောင့် ဆိပ်ကမ်းမှ လွတ်ထွက်လာသော သင်္ဘောများကို စောင့်ဆိုင်းနှစ်မြှုပ်ရန် အမှတ်(၆) ရေငုပ်သင်္ဘောတပ်ဖွဲ့ကို စီမံချက်တွင် ထည့်သွင်းရေးဆွဲခဲ့၏။

(စ) ရေအောက်ကမ်းခြေ အနေအထား၊ ဒီလှိုင်း၊ အတားအဆီးများ၊ ရေအောက်သံဇကာ ရှိ၊ မရှိနှင့် အခြားရေကြောင်းဆိုင်ရာ အချက်အလက်များကိုလည်း ပေးပို့ခဲ့သည်။ သို့ဖြင့် ရေငုပ်သင်္ဘောငယ်များဖြင့် ဆိပ်ကမ်းဝသို့ အသေခံထိုးဖောက်ဝင်ရောက်ရန် ရေငုပ်သင်္ဘောကြီးများက ဆိပ်ကမ်းအပြင်ဘက်မှ စောင့်ဆိုင်းပြီး လေကြောင်းတိုက်ခိုက်မှုမှ လွတ်ထွက်လာမည့်

www.burmeseclassic.com



သင်္ဘောများကို အပိုင်တိုက်ခိုက်နှစ်မြှုပ်ပစ်ရန် ဗိုလ်ချုပ်ကြီး ယာမာမိုတိုက စီစဉ်ခဲ့၏။

နည်းလမ်း

လေ့လာဖတ်ရှု တွေ့ရှိချက်များကို ပေါင်းစပ်ကြည့်လိုက်သော အခါ ချီစစ်၊ တိုက်စစ်၊ ခွာစစ် ကဏ္ဍသုံးခုဖြင့် ပေါင်းစည်းထားသော အကြမ်းဖျင်းနည်းလမ်းမှာ အောက်ပါအတိုင်း ပုံပေါ်လာသည် -

(က) **ချီစစ်။** အမှတ်(၆) ရေငုပ်သင်္ဘောတပ်ဖွဲ့က ယ-နတ် ၁-ရက်နေ့တွင် ဟာဝိုင်ယီရေပြင်သို့ ဦးစွာရောက်နှင့်နေရန်၊ ထို့နောက် ယ-ရက်တွင် ချေမှုန်းရေးတပ်ဖွဲ့ကြီးကို ရေငုပ်သင်္ဘော ၃-စီးက ဦးဆောင်လမ်းထွင်၍ ပုလဲဆိပ်ကမ်း မြောက်ဘက် သတ်မှတ်ထားသောနေရာအထိ ချီတက်ရန်၊ လမ်းတစ်လျှောက်တွင် ကင်းထောက်လေယာဉ်နှစ်စီးက ချေမှုန်းရေးတပ်ဖွဲ့ကြီး၏ ရှေ့ပြေးကင်းထောက်သွားရန်၊

(ခ) **တိုက်စစ်**

(၁) လေယာဉ်များ စတင်စေလွှတ်ရမည့် နေရာသည် စရပ်၊ လေယာဉ်အုပ်ဖွဲ့ကြီးမှ လေယာဉ်အုပ်အသီးသီး ခွဲထွက်သွားသောနေရာသည် စီရပ်နှင့် လေ ယာဉ်အုပ်မှ လေယာဉ်တစ်စီးချင်း ထိုးစိုက်တိုက်ခိုက်ရန် အမိန့်ပေးသော နေရာသည် စ-



မျဉ်းဟု နိုင်းယှဉ်သော်ရကောင်းသည် ထင်ပါသည်။

(၂) **အသုတ်နှစ်သုတ်ခွဲ တိုက်ခြင်း။** တိုက်စစ်ကို အောက်ပါအတိုင်း လေယာဉ်အုပ်ဖွဲ့ နှစ်သုတ်ခွဲ၍ တိုက်သည်။ စစ်ကြောင်းနှစ်ကြောင်းခွဲတိုက် သည့်သဘောပင်။

(ကက) **ပထမအသုတ်။** ဒုတိယ ဗိုလ်မှူးကြီး မစ်ဆုယို ဖူချီဒါ (Comdr. Mitsuo Fuchida) ခေါင်းဆောင်ပြီး မှုံးကြဲလေယာဉ်၊ တိုပီဒို တိုက်လေယာဉ် စသည်ဖြင့် လေယာဉ်အုပ်များ ပါဝင်ပေါင်းစပ်ထားသည်။ လေယာဉ်အုပ်များ၏ ရည်မှန်းချက်အသီးသီးကို ပုလဲဆိပ်ကမ်း၊ ရေတပ်သင်္ဘောများ၊ ဝိုးလာလေတပ် စခန်းမှ လေယာဉ်များ၊ ဟစ်ကမ်ရေတပ်လေယာဉ်ကွင်းမှ လေယာဉ်များဟူ၍ ခွဲခြားသတ်မှတ်ပေးထားသည်။ အဓိကဖမ်းဦးချီးရေးအဆင့် ဖြစ်သည်။

(ခခ) **ဒုတိယအသုတ်။** အထက်ပါ အတိုင်း လေယာဉ်အုပ်မျိုးစုံပါဝင်ကာ ရည်မှန်းချက်ခွဲပေးထားသည်။ အပြီးသတ် လက်စတုန်း ချေမှုန်းရေးအဆင့်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



(ဂ) **အရန်တပ်။** အထက်ပါ လေယာဉ်အုပ်ဖွဲ့ကြီး နစ်သုတ်အပြင် အကယ်၍ မမျှော်လင့်ဘဲ အမေရိကန်တို့က မိမိ ချေမှုန်းရေးတပ်ဖွဲ့ကြီးကို ပြန်လည်တိုက်ခိုက်လာပါက ခုခံတိုက်ခိုက်ရန် လေယာဉ် ၃၉-စီးကို အရန်အင်အားအဖြစ် လေယာဉ်တင် သင်္ဘောများပေါ်တွင် သီးသန့်ချန်ထားသည်။ ၎င်းအစီအစဉ်သည် အရန် အင်အားရှိခြင်း၊ ဗျူဟာနချုပ် လုံခြုံရေးထားရှိခြင်း၊ လိုအပ်က ပြန်လည်တန်ပြန်တိုက် ခိုက်နိုင်ခြင်း၊ စသည့် ပြောင်းလွယ်ပြင်လွယ်မှုကို ရရှိနိုင်ပေသည်။

(၃) **တိုက်စစ်ပုံသဏ္ဌာန်။** ဤတိုက်ပွဲ၏ အဓိက အနှစ်သာရမှာ အလစ်အငိုက် ရယူရေးဖြစ်သည်။ သို့သော် အကယ်၍ အမေရိကန်တို့က ကြိုတင်သိရှိ စောင့်ဆိုင်းနေလျှင် ရင်ဆိုင်တိုက်ပွဲအဖြစ် ပုံဖော်သွားရမည်ဖြစ်သည်။ တိုက်စစ်၏ ပြောင်းလွယ်ပြင်လွယ်မှု ဖြစ်သည်။ အငိုက်ရသည် ဖြစ်စေ မရသည်ဖြစ်စေ အဓိက ပစ်မှတ်များဖြစ်ကြသော ပစိဖိတ်ရေတပ်၏ လေယာဉ်တင်သင်္ဘောများနှင့် စစ်သင်္ဘောများကြီးများကိုမှ တိုပီဒို



လေယာဉ်နှင့် ဗုံးကြဲလေယာဉ်များက ထိရောက်စွာ ပစ်ခတ်နစ်မြှုပ်ပစ်ရမည် သာ ဖြစ်သည်။ သို့ဖြစ်၍ အောက်ပါအတိုင်း တိုက်စစ်နည်းလမ်းနစ်သွယ် ကို ဗိုလ်ချုပ်ကြီး ယာမာမိုတိုက ချမှတ်ပေးထားသည်-

(က) **အငိုက်ရပါက။** အုပ်ဖွဲ့ခေါင်း ဆောင် ဒု-ဗိုလ်မှူးကြီး ဖူချီဒါက အချက်ပေး သေနတ် တစ်ချက်ပစ်ဖောက်ပြီး အချက်ပေးရမည်ဖြစ်သည်၊ ဤတွင် တိုပီဒို လေယာဉ်များက ဦးစီး ထိုးစိုက်ဆင်းပြီး ရေပြင်နှင့် နီးကပ်စွာ ရှပ်ပျံသန်း၍ လေယာဉ်တင် သင်္ဘောနှင့် စစ်သင်္ဘောကြီးများကို အငိုက်ရထားချိန် အတွင်း အခွင့်ကောင်းယူကာ ပစ်ခတ်နစ်မြှုပ်သွားရမည်။ ဗုံးကြဲလေယာဉ်များက သင်္ဘောများပေါ်သို့ ခုခံပစ်ခတ်မှုကို ဟန့်တားရန် ဗုံးကြဲတိုက်ခိုက်ခြင်း၊ စက်သေနတ် ပစ်ခတ်ခြင်းတို့ဖြင့် ပစ်ကူပေး သည့်သဘော ဆောင်ရွက်ရမည် ဖြစ်သည်။ အချို့ တိုက်လေယာဉ်များက တစ်ချိန်တည်းမှာပင် လေယာဉ်ကွင်း နှစ်ကွင်းမှ လေယာဉ်များ တက်မလာနိုင်အောင် အလစ်အငိုက်

www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်ကာ ချေမှုန်းတိုက်ခိုက်ခြင်းဖြင့် ရန်သူ့ လေကြောင်းအင်အားကို မြေပြင်ပေါ်မှာပင် ဖျက်ဆီးပစ်ရမည် ဖြစ်သည်။ ကျန်တိုက် လေယာဉ်များက ကောင်းကင်ယံတွင် ပျံဝဲရင်း စောင့်ရှောက်ပေးကာ လေယာဉ်စီးချင်းထိုး တိုက်ပွဲများ ဆင်နွှဲခြင်းဖြင့် တိုပီဒိုလေယာဉ်များကို ကာကွယ်ပေးရမည်ဖြစ်သည်။ ဤသို့ အလစ်အငိုက်ရရှိသည့် အခြေအနေရှိပါက ဒုဗိုလ်မှူးကြီး ဖူချီဒါအနေဖြင့် တိုက်ခိုက်မှု မစမီတွင် "ကျား - ကျား - ကျား"(Tora, Tora, Tora)ဟူသော စကားဝှက်ကို ပေးပို့ရန်ဖြစ်သည်။

(ခခ) **အငိုက်မရပါက။** အကယ်၍ ရန်သူက ကြိုတင်သိရှိထားပြီး ဖြစ်၍ အငိုက်မမိဘဲ တိုက်ရမည်ဆိုပါက ဒုဗိုလ်မှူးကြီး ဖူချီဒါသည် အချက်ပေး သေနတ်နှစ်ချက် ပစ်ဖောက်ပြီး အချက်ပေးရမည် ဖြစ်သည်။ ထိုအခါ ဗုံးကြဲလေယာဉ်များနှင့် တိုက်လေယာဉ်များက ရန်သူ့လေယာဉ်နှင့် အမြောက်စခန်းများကို ရှေးဦးစွာ ဝင်



ရောက်တိုက်ခိုက်ရမည်ဖြစ်သည်။ ပြီးမှ တိုပီဒို လေယာဉ်များက မထင်မှတ်ဘဲ အနိမ့်ဝင်ပျံသန်းကာ စစ်သင်္ဘောကြီးများကို ပစ်ခတ်နှစ်မြုပ်ရန် ဖြစ်သည်။

(ခ) **ရေပြင်ရေအောက်တိုက်စစ်**

(ကက) ပုလဲဆိပ်ကမ်း၏ ကျဉ်းမြောင်းသော ဝင်ပေါက်ကို ပိတ်ဆို့ထားသည့် သံကောတခါးကို ရေငုပ်သင်္ဘောငယ်များက ထိုးဖောက်ဖျက်ဆီးကာ ဆိပ်ကမ်းအတွင်း ရေပြင်အောက်သို့ ဝင်ရောက်တိုက်ခိုက်ရမည်ဖြစ်သည်။

(ခခ) တိုပီဒိုတိုက်ခိုက်မှုကို ရှောင်လွှဲ လွတ်မြောက်လာမည့် စစ်သင်္ဘောများရှိပါက ရေငုပ်သင်္ဘောကြီးများက ဆိပ်ကမ်း အပြင်ဘက်မှ စောင့်ဆိုင်း တိုက်ခိုက်နှစ်မြုပ်ပစ်ရမည် ဖြစ်သည်။

(ဂ) **ခွာစစ်။** ပုလဲဆိပ်ကမ်းကို တိုက်ခိုက်ပြီးသည်နှင့် မစ်ဝေးကျွန်းစုများကို အနီးမှကပ်လျက် အလယ်လမ်းကြောင်းအတိုင်း ခွာစစ်ဆင်ရန် ဖြစ်သည်။ ခွာစစ်ဆင်ရန်နှင့် မစ်ဝေးကျွန်းကို ခရီးသွားရင်းပတ်လွှဲ ဝင်ရောက်တိုက်ခိုက်မည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ကွပ်ကဲမှု

(က) **ပင်မကွပ်ကဲမှု။** ရေတပ်ဗိုလ်ချုပ်ကြီး ယာမာမိုတိုက ကွပ်ကဲသည်၊ ဗိုလ်ချုပ်ကြီး၏ ပင်မဌာနချုပ် ကွပ်ကဲမှုဌာနချုပ်တည်နေရာမှာ ဂျပန်နိုင်ငံ ကူရီဆိပ်ကမ်းမှ နာဂါတို စစ်သင်္ဘောကြီး၏ စစ်ဆင်ရေးခန်းမကြီး ဖြစ်၏။

(ခ) **ရှေ့တန်းကွပ်ကဲမှု။** ချေမှုန်းရေးတပ်ဖွဲ့ကြီးမှ ဒုတိယဗိုလ်ချုပ်ကြီး နာဂူမို(Vice Admiral Nagumo)က ကွပ်ကဲသည်။ ၎င်း၏ ကွပ်ကဲမှုဌာနချုပ်မှာ ပုလဲဆိပ်ကမ်းမှ မိုင်ပေါင်း ၂၀၀ ကျော် ကွာဝေးသည့် ပစိဖိတ်သမုဒ္ဒရာထဲရှိ လေယာဉ်တင်သင်္ဘော အကာဂီ ဖြစ်သည်။

(ဂ) **လေယာဉ်အုပ်ကွပ်ကဲမှု။** ဒုတိယဗိုလ်ချုပ်ကြီး ဖူချီဒါ။

## ဆက်သွယ်ရေး

လေယာဉ်မှူးများအတွက် အရေးအကြီးဆုံး အမိန့်မှာ တိုက်ခိုက်ရေးတပ်ဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး ဖူချီဒါမှ တစ်ပါး မည်သူမှ တိုက်ပွဲမဝင်မီ ရေဒီယိုအသံဖမ်းစက်ကို အသုံးမပြုရဟု တင်းကြပ်စွာ သတ်မှတ်ပေးခဲ့သည်၊ ဖူချီဒါအတွက် တိုက်ပွဲစတင်မှုသင်္ကေတမှာ "တိုရာ၊ တိုရာ၊ တိုရာ" ဖြစ်၏။



## အုပ်ချုပ်ရေး

လမ်းခရီးအတွက် အုပ်ချုပ်ထောက်ပံ့မှု ရေယာဉ်များ၊ ဆီတင်သင်္ဘောများ အလုံအလောက် ပါလာမည်ဖြစ်သည်။

## ဗိုလ်ချုပ်ကြီး ယာမာမိုတို၏ ယုံကြည်ချက်

ဟာဝိုင်ယီကျွန်းရှိ ယိုရှိကာဝါထံမှ အပတ်စဉ် ပေးပို့သောသတင်းများကြောင့် ဗိုလ်ချုပ်ကြီး ယာမာမိုတိုသည် စီမံချက်ကို အသေးစိတ်ခန့်မှန်းစီစဉ်နိုင်သည်။ ၁၉၄၁- ခုနှစ် ဩဂုတ်လထဲတွင် ဗိုလ်ချုပ်ကြီးသည် ပြည့်စုံသော တိုက်ခိုက်ရေးစီမံချက်တစ်ခုလုံးကို ရေးဆွဲပြီး ဖြစ်နေလေပြီ။

သို့သော် ဤစီမံချက်၏ စွမ်းဆောင်နိုင်မှုအပေါ် အချို့သော ဗိုလ်ချုပ်ကြီးများက သံသယဝင်ကြသည်။ အမေရိကန် ပစိဖိတ်ရေတပ်ကြီးသည် တိုက်ခိုက်မည့်နေ့တွင် ဆိပ်ကမ်း၌ရှိမနေလျှင်သော် လည်းကောင်း၊ ဟာဝိုင်ယီကျွန်းသို့သွားရမည့် ခရီးမှာ အလွန်ကြာလွန်းလှသဖြင့် ချီတက်နေစဉ် ရန်သူတွေ့ရှိသွားမည်ကိုလည်းကောင်း စိုးရိမ်ပူပန်ကြလေသည်။ ချေမှုန်းရေးတပ်ဖွဲ့ကြီး၏ ခေါင်းဆောင်အဖြစ် တာဝန်ပေးခြင်းခံရသည့် ဒုတိယဗိုလ်ချုပ်ကြီး နာဂူမိုသည်ပင် ဤစီမံချက်ကို လက်ခံခဲ့သူ မဟုတ်ချေ။ ဤသို့ စီမံချက်အပေါ် ဝေဖန်ကြသောအခါ ဗိုလ်ချုပ်ကြီး ယာမာမိုတိုက နောက်ပါအတိုင်း အေးအေးဆေးဆေးနှင့် ပြတ်သားစွာ ပြောခဲ့သည်။

www.burmeseclassic.com



"ဟိုနိုလူလူမှာရှိတဲ့ ကျုပ်ရဲ့ ထောက်လှမ်းရေးဟာ ဒီစစ်ဆင် ကို အောင်မြင်အောင် စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့ ကျုပ် အာ ပါတယ်။ ခင်ဗျားတို့တတွေက ကျုပ်ရဲ့ ဆုံးဖြတ်ချက်ကို မလိုက် အလေးမပေးဘူးဆိုလျှင် ကျုပ် ဒီရာထူးက နုတ်ထွက်ပါမယ်"

သူ၏ စကားများသည် သူ၏ စီမံချက်ကို ရဲရဲဝံ့ဝံ့ အာ လိုက်ခြင်းပင် ဖြစ်သည်။ ဤစကားများသည် ပုလဲဆိပ်ကမ်း ကြမ္မာဆိုးသို့ တွန်းပို့လိုက်သကဲ့သို့ ရှိလေသည်။ နောက်ဆုံးတွ ဗိုလ်ချုပ်ကြီး၏ စီမံချက်ကို တိုကျိုက လက်ခံလိုက်လေသ ထို့ကြောင့် လေ့ကျင့်ပြင်ဆင်မှုများကို ဗိုလ်ချုပ်ကြီး ယာမာမို သည် ဆက်လက် ဆောင်ရွက်လေ၏။

◆ ◆ ◆




ဟိုနိုလူလူရှိ ဒုကောင်စစ်ဝန် အသွင်သဏ္ဍာန် ယူထားသော သူလျှို တာကီအို ယိုရှီကာဝါ။ (ဝဲပုံ) ←



ဟိုနိုလူလူရှိ ကောင်စစ်ဝန် နာဂါအိုကီတာ၊ (သူ၏ သွက်လက်သော လုပ်ဆောင်မှုကြောင့် ယိုရှီကာဝါ အသက်ဘေးမှ လွတ်မြောက်သွားခဲ့သည်။) (ယာပုံ) →

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီး ဟပ်စ်ဘင်း ကင်းမဲလ်နှင့် ဦးစီးအရာရှိများ။



← ဟာဝိုင်ယီစစ်ဒေသ၏ တပ်မှူးကြီး ဗိုလ်ချုပ်ကြီး ဝေါလ်တာ စီ ရှော့

ပစိဖိတ်ရေတပ်ဖွဲ့၏ တပ်မှူးချုပ် ရေကြောင်းဗိုလ်ချုပ်ကြီး ဟပ်စ်ဘင်းအီးကင်းမဲလ်(ညာဘက်တွင် ထိုင်နေသူ)၊ ဒုတိယဗိုလ်ချုပ်ကြီး ဝီလ်ဆင်ဘရောင်း(ဘယ်ဘက်တွင် ထိုင်နေသူ)၊ အရာရှိချုပ် ဗိုလ်မှူးကြီး ဝါ့ဒ်စမစ် (လက်ညှိုးညွှန်ပြနေသူ)နှင့် စစ်ဆင်ရေးအရာရှိ ဗိုလ်မှူးကြီး ဝေါလ်တာဆက်စ် ဒီလန်နီ။ (အောက်ပုံ) ↓



ချုပ်ကြီး အီဆိုရိုကူ ယာမာမိုတိုနှင့် ပူးပေါင်းရေတပ်ဖွဲ့ ဦးစီးအရာရှိ



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၇)

# စစ်ရေးအတွက်ပြင်ဆင်မှုအပိုင်းနှင့် လေ့ကျင့်မှုအပိုင်း

## သတင်း

ပုလဲဆိပ်ကမ်းတိုက်ပွဲကို ၁၉၄၁-ခုနှစ် ဒီဇင်ဘာလ ၇-ရက်တွင် စတင်တိုက်နိုက်ခဲ့သည်။ ရန်သူ့အကြောင်း ကြိုတင်သိရှိထားခြင်းသည် တိုက်ပွဲကို ၅၀-ရာခိုင်နှုန်း အောင်မြင်ပြီး ဖြစ်သည်ဟူသော အဆိုအား ဗိုလ်ချုပ်ကြီး ယာမာမိုတိုက ဆုပ်ကိုင်ထားသည်ဟု ထင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ရန်သူ့သတင်းရယူရန် သူလျှိုစေလွှတ်မှုကို ၁၉၄၀-ပြည့်နှစ် ဆောင်းတွင်းကာလကတည်းက ပင် ဆောင်ရွက်ပြီးဖြစ်နေသောကြောင့်ပင်တည်း။

## စီမံချက်

ထို့နောက် ပုလဲဆိပ်ကမ်းတိုက်နိုက်မှုကို အကောင်အထည်ဖော်ရန် စီမံချက်ရေးဆွဲခြင်းအား ၁၉၄၁-ခုနှစ် ဇန်နဝါရီလတွင် စတင်ခဲ့သည်။ တစ်နှစ်ခန့် အချိန်ယူ ပြင်ဆင်သည့်သဘောဖြစ်၏။ ဤအချက်က အဘယ်မျှ အလေးအနက်ထားကာ ဆောင်ရွက်ပုံကို ညွှန်ပြသည်။ ဤပြင်ဆင်ချိန်အတွင်းရရှိသော သတင်းအချက်အလက်များကို အခြေခံကာ အဘက်ဘက်မှ ပြည့်စုံသော



စီမံချက်ကို ၁၉၄၁-ခုနှစ် ဩဂုတ်လအတွင်းတွင် ရေးဆွဲပြီး ဖြစ်သွားလေသည်။

## ပုံစံငယ်လေ့ကျင့်မှု

တိုကျို ရေကြောင်းစစ်တက္ကသိုလ်တွင် ၁၉၄၁-ခုနှစ် စက်တင်ဘာလဆန်း၌ စားပွဲတင်ပုံစံငယ်များဖြင့် တိုက်နိုက်ရေးကို စမ်းသပ်ခဲ့သည်။ ပုလဲဆိပ်ကမ်းပုံသဏ္ဍာန် သဲမြေပုံခင်းကျင်းပြီး အမေရိကန်သင်္ဘောများ ဆိုက်ကပ်ထားသည့် အနေအထားနှင့် လေယာဉ်ကွင်းအနေအထား အားလုံးကို လေ့သူရဲတိုင်း အလွတ်ရနေအောင် အထပ်ထပ် အခါခါ မှတ်သားစေသည်။ ထိုသို့ အမေရိကန်သင်္ဘောများ ဆိုက်ကပ်ထားသည့် အနေအထားကို ပုံစံငယ်များပြုလုပ်ကာ တကယ်တိုက်ပွဲဝင်သည့်အခါ မည်သည့်သင်္ဘောကို မည်သူက မည်သို့ ဗုံးကြဲတိုက်နိုက်ရမည်၊ မည်သူက တော်ပီဒိုဖြင့် ပစ်ခတ်ရမည်၊ မည်သူက စက်သေနတ်ဖြင့် ပစ်ရမည် စသည်များကို ရက်ရှည်လများ "အစမ်းတိုက်ပွဲ" လေ့ကျင့်စေသည်။ ထို့ကြောင့် တကယ့်တိုက်ပွဲဝင်ရန် ထွက်ခွာသည့်အချိန်တွင် အားလုံး၏မျက်စိထဲတွင် ပုလဲဆိပ်ကမ်း၏ အနေအထားကို ကွက်ကွက်ကွင်းကွင်း ထင်းထင်းကြီး မြင်နေကြပြီ ဖြစ်သည်။ အမေရိကန် စစ်သင်္ဘောကြီးများ၏ အမည်နှင့် ပုံသဏ္ဍာန် တွဲဖက်မှတ်သားစေခြင်းဖြင့် ကိုယ့်ပစ်မှတ်ကို သိရှိနေအောင် လေ့ကျင့်ပေးထားသည်။

www.burmeseclassic.com

www.burmeseclassic.com



## လက်တွေ့လေ့ကျင့်မှု

ယင်းနှစ် အောက်တိုဘာလထဲတွင် လူသူ အရောက်အပေါက်နည်းသည့် ကျွန်းတစ်ကျွန်းပေါ်၌ ပုလဲဆိပ်ကမ်း သင်္ဘောကျင်းပုံစံတူ တည်ဆောက်ပြီး သင်္ဘောပုံစံအတုများ ပြုလုပ်ပေးကာ ပထမဗုံးတုများဖြင့် ကြဲချလေ့ကျင့်စေသည်။ ထို့နောက် ဗုံးအစစ်များကို သုံးသည်။ ထို့ပြင် ရေတိမ်နေရာကျဉ်း၌ တော်ပီဒိုပစ်ခတ်နည်းကိုပါ လေ့ကျင့်ပေးသည်။ တော်ပီဒိုလေ့ကျင့်မှုကို အထူးအာရုံစိုက်လေ့ကျင့်ပေးလေသည်။ လေ့ကျင့်ရင်း တွေ့ရှိလာရသော အားနည်းချက်များကို ပြင်ဆင်ပေးသည်။ ရေတပ် တပ်ဖွဲ့များအနေ ဖြင့်လည်း ရာသီဥတုဆိုးဝါးသော ပင်လယ်ပြင်တွင် ရေကြောင်းပြနည်းများ၊ ဆီဖြည့်တင်းမှုများ၊ အချက်ပြနည်းများ၊ ရေငုပ်သင်္ဘော တိုက်ခိုက်ရေးများကို လေ့ကျင့်စေသည်။

## စစ်လက်နက်ပစ္စည်း

ပုလဲဆိပ်ကမ်းတိုက်ပွဲနှင့် အထူးသင့်လျော်သည့် တော်ပီဒိုတီထွင်ရေး၊ တပ်ဆင်ရေး၊ ပစ်ခတ်နည်း စသည်တို့ကိုလည်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြသည်။

လေ့ကျင့်ရေး ထုသားပေသားကျမှုသည် တိုက်ပွဲကို များစွာအထောက်အကူပြုစေသည်။ ကွပ်ကဲမှု လွယ်ကူသည်။ တပ်ဖွဲ့ဝင်များ ယုံကြည်မှု ပြည့်ဝသည်။ စိတ်ဓာတ် တက်ကြွစေသည်။ တစ်ဖန် လေသူရဲများကို ရွေးချယ်ရာတွင်လည်း တိုက်ပွဲအတွေ့



အကြုံရှိပြီးသော လက်ရွေးစင် လေသူရဲများကိုသာ ရွေးချယ်ထားသည်။ ထို့ကြောင့် ဗိုလ်ချုပ်ကြီး ယာမာမိုတို၏ တိုက်ပွဲဝင်ရန် လေ့ကျင့်မှုသည် အတော်ပင် ပြီးပြည့်စုံပြီဟု လက်ခံနိုင်ပါသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၈)

## တာဝန်တပ်ဖွဲ့(Task Force)စတင်ချီတက်ခြင်း

### ဗိုလ်ချုပ်ကြီး ယာမာမိုတို၏ မိန့်ခွန်း

၁၉၄၁-ခုနှစ် နိုဝင်ဘာလလယ်တွင် ကျူရှူ (Kyushu)ရှိ ဆေကိုင်း(Saiki)ဆိပ်ကမ်း၌ လေယာဉ်တင် သင်္ဘောကြီး ၄-စီးနှင့် အပေါ့စား လေယာဉ်တင်သင်္ဘော ၂-စီးတို့ ရောက်လာကြသည်။ ယင်းသင်္ဘောကြီးများတွင် ပထမလေတပ်တော်၏ အလံတင်သင်္ဘော အကာဂီ (Akagi)လည်း အပါအဝင်ဖြစ်သည်။ တစ်နေ့တွင် ဗိုလ်ချုပ်ကြီး ယာမာမိုတိုကိုယ်တိုင် အကာဂီသင်္ဘောပေါ်သို့ ရောက်ရှိလာပြီး အရာရှိများကို မိန့်ခွန်းပြောကြားသည်။ သူ၏ မိန့်ခွန်းထဲတွင် "အမေရိကန်ပြည်ထောင်စုနှင့် သံခင်းတမန်ခင်း ဆွေးနွေးမှုအခြေအနေမှာ မကောင်းကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် တစ်ခါမှမပြုလုပ်ခဲ့ဖူးသည့် အကြီးကျယ်ဆုံးသော စစ်ဆင်ရေးကြီးတစ်ခု ဆင်နွှဲရလုနီးနေပြီ ဖြစ်ကြောင်း" ထည့်သွင်းပြောကြားခဲ့၏။



ဆုံရပ်သို့

ဗိုလ်ချုပ်ကြီး ယာမာမိုတို မိန့်ခွန်းပြောကြားပြီးသည့် နောက်တွင် လေယာဉ်တင်သင်္ဘောများသည် တစ်စီးပြီးတစ်စီး ဆေကိုင်းဆိပ်ကမ်းမှ တိတ်တဆိတ် ထွက်ခွာသွားကြသည်။ ရေဒီယိုဆက်သွယ်မှုကို လုံးဝမပြုလုပ်ကြချေ။ သင်္ဘောများ ဘယ်ရပ်ဘယ်ဆီသို့ ထွက်ခွာသွားကြသည်ကို မည်သူမျှ မခန့်မှန်းနိုင်ချေ။ ရက်အနည်းငယ်အကြာတွင် ဂျပန်နိုင်ငံ၏မြောက်ပိုင်းရှိ ကူရာလ်ကျွန်းစု(Kuril Islands) များတွင်ပါဝင်သော ဟစ်တိုကာပူပင်လယ်ကွေ့(Hitokappu Bay)၌ သင်္ဘောအုပ်စုကြီးတစ်ခုသည် တဖြည်းဖြည်း စုစည်းရောက်ရှိလာသည်ကို အမှတ်မထင် တွေ့မြင်ကြရလေသည်။ သင်္ဘောအုပ်စုကြီးသည် အသက်ဝိညာဉ်ကင်းမဲ့နေသည့် အလား ဆိတ်ငြိမ်လှသည်။ လှုပ်ရှားမှု ဟူ၍ မတွေ့ရသလောက်ပင်။ သင်္ဘောသားတစ်ယောက်တလေမျှပင် ဆိပ်ကမ်းသို့ တက်ရောက်လာခြင်းလည်း မရှိ။ ရေဒီယိုအသံလွှင့်စက်သံလည်း မကြားရ။ သင်္ဘောတစ်စီးနှင့်တစ်စီး အချက်ပြအလံဖြင့်သာ စကားပြောကြသည်။ ညတိုင်လျှင် ပင်လယ်ရေပြင်ပေါ်ကျဆင်းလျက်ရှိသော နှင်းမှုန်များအကြားသို့ သင်္ဘောမှ အားကောင်းသော ဆလိုက်မီးတန်းရှည်များသည် လက်တံရှည်ကြီးများ ဝှေ့ယမ်းနေသလို တစ်စုံတစ်ရာကို ရှာဖွေနေဟန် တွေ့မြင်ရတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com




အပြီးသတ် စုပေါင်းညွှန်ကြားမှု

နိုဝင်ဘာလ ၂၄-ရက်ညတွင် အခြားလေယာဉ်တင် သင်္ဘောများမှ ရာပေါင်းများစွာသော လေသူရဲများသည် အလံတင်လေယာဉ်တင်သင်္ဘော အကာဂီထံသို့ ကူးတို့ လှေများဖြင့် ရောက်လာကြ၏။ သူတို့သည် အကာဂီ၏ စစ်ဆင်ရေး ညွှန်ကြားပြသမှုခန်းမတွင် စုဝေးမိကြသည်။ သူတို့ရှေ့တွင် ဆာကေအရက်ခွက်များလည်း ရှိနေကြသည်။ သူတို့ကို ပုလဲဆိပ်ကမ်း၏ နောက်ဆုံး အခြေအနေ ဓာတ်ပုံကားချပ်များဖြင့် ရေတပ်ထောက်လှမ်းရေး ဗိုလ်ဆူဂူရူ ဆူဇူကီ(Lt. Suguru Suzuki)က ရှင်းလင်းတင်ပြသည်။

ဒုတိယဗိုလ်ချုပ်ကြီး နာဂူမိုကလည်း စစ်ဆင်ရေး အမိန့်ပေးသည်။


ထို့နောက် သူတို့အားလုံး "ဘန်ဇိုင်း" သုံးကြိမ် ဟစ်ကြွေးကာ ဆာကေအရက်ကို မော့သောက်လိုက်ကြသည်။





ပုလဲဆိပ်ကမ်းတွင် သင်္ဘောများ ရပ်နားထားရှိပုံပြ မြေပုံ

www.burmeseclassic.com

HIGH LEVEL BOMBING ATTACK PLAN AGAINST BATTLESHIPS MOORED SINGLY IN BATTLESHIP ROW REPRODUCED FROM FUCHIDA'S ORIGINAL CHART





[illegible] စစ်သင်္ဘောကြီးများကို




ပုလဲဆိပ်ကမ်းပတ်လည်တွင် ကျောက်ချရပ်တန့်ထားသော စစ်သင်္ဘောများအား တော်ပီဒိုလေယာဉ်ဖြင့် တိုက်ခိုက်မည့်စီမံချက်။

www.burmeseclassic.com

www.burmeseclassic.com




ပုလဲဆိပ်ကမ်းတိုက်ပွဲပြမြေပုံ။



ပထမလေတပ်တော်၏
တပ်မှူးချုပ်
ဒုတိယဗိုလ်ချုပ်ကြီး
ချူအီချိ နာဂူမို
Chuichi Nagumo)။
←





ပ်မှူး ဒုတိယဗိုလ်ချုပ်ကြီး

အမှတ်(၂) လေယာဉ်တင်ဆုပ်စုစ်

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယလေယာဉ်
အသုတ်၏
အုပ်ဖွဲ့ခေါင်းဆောင်နှင့်
လေယာဉ်အုပ်မှူး
ဗိုလ်မှူး ရှိဂီကာဇု
ရှိမာဇာကီ (ဝဲပုံ)
←



လေကြောင်းတိုက်နိုက်ရေး
ခေါင်းဆောင်
ဒုတိယဗိုလ်မှူးကြီး မစ်ဆူယိုဖူချီဒါ



တိုပီဒို ဗုံးကြဲလေယာဉ်အုပ်ရ
ခေါင်းဆောင်
ဗိုလ်မှူး ရှိဂီဟာယု မူရာတ



အခန်း(၉)

# တိုက်ခိုက်ခြင်း

## ချီတက်စ၏အစ

နောက် နှစ်ရက်အကြာ နိုဝင်ဘာလ ၂၆-ရက်တွင် ဒုတိယ ဗိုလ်ချုပ်ကြီး နာဂူမိုခေါင်းဆောင်သော ပထမ လေတပ်မတော်ကို တင်ဆောင်ထားသည့် ချေမှုန်းရေးတပ်ဖွဲ့ကြီးသည် ဟစ်တိုကာပူမှ မိုင် ၃၀၀၀ ခန့်ဝေးသော ဟာဝိုင်ယီကျွန်းသို့ စတင်ချီတက် လေတော့သည်။ ရေကြောင်း ဗိုလ်ချုပ်ကြီး ယာမာမိုတိုက သူတို့ကို "ဝါရှင်တန်နှင့် ဆွေးနွေးပွဲအောင်မြင်က ပြန်ခေါ်လိုက်မည်"ဟု ညွှန် ကြားလိုက်သည်။ ထို့ပြင် အကယ်၍ ရန်သူက မိမိရေတပ်အုပ်စုကို တွေ့ရှိသွားပါက တိုက်ခိုက်မည့် အစီအစဉ်ကို စွန့်လွှတ်ရန်လည်း ညွှန်ကြားခဲ့သည်ဟု ဆိုသည်။ သူတို့ ကြိုတင်မျှော်မှန်းထားသည့် အတိုင်း ရေကြောင်းခရီးမှာ ဆိုးဝါးပြင်းထန်လှသည်။ ဆီးနှင်းများက ဝိန်းပိတ်အောင် ကျနေသည်။ လေထန်သည်။ လှိုင်းကြမ်းသည်။ သို့သော် ချေမှုန်းရေးတပ်ဖွဲ့ကြီးသည် ရည်မှန်းချက်ကို မျက်ခြည် မပြတ်ဘဲ တရွေ့ရွေ့ ချီတက်လျက်ရှိ၏။

စေ့စပ်ဆွေးနွေးပွဲ ပျက်သွားပြီဖြစ်ကြောင်း ဗိုလ်ချုပ် ကြီး ယာမာမိုတိုထံမှ ကြေးနန်းကို ဒီဇင်ဘာလ ၂ ရက်နေ့တွင် ရရှိ ခဲ့သည်။ ဒီဇင်ဘာလ ၄ ရက်တွင် ပုလဲဆိပ်ကမ်း၏ အနောက် မြောက်ဘက် ၁၄၆၀ မိုင်ဝေးသော တပ်ဆုံရပ် (Rendezvous)သို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်သည်။ ပုလဲဆိပ်ကမ်းအား တိုက်ခိုက်ရန် စကားဝှက်ကို ဒီဇင်ဘာလ ၅ရက်တွင် လက်ခံရရှိသည်။ သို့ဖြင့် ရေတပ်ဖွဲ့ကြီး၏ ခတ်မောင်းနှုန်းကို အမြန်ဆုံးမြှင့်တင်ကာ တစ်ဟုန်ထိုး ချီတက်ကြလေသည်။ သည်ရက်များအတွင်း လေသူရဲများသည် အိုကလာဟိုးမား၊ အာရီဇိုးနား၊ နီဗားဒါး စသည့် စစ်သင်္ဘောကြီးများ၏ ဓာတ်ပုံများကို လေ့လာရင်း စက်ပြင်စစ်သည်များကလည်း လေယာဉ်နှင့် လက်နက်စနစ်များ ချွတ်ချော်မှုမရှိ ကောင်းမွန်နေအောင် စစ်ဆေးပြင်ဆင်ရင်း စိတ်ဓာတ်တက်ကြွနေကြသည်။

## တိုက်စစ်စပြီ

ဒီဇင်ဘာလ ၇ ရက် အနောက်လောင်ဂျီတွဒ် စံတော်ချိန် နံနက် ၆-နာရီမတိုင်မီတွင် ချေမှုန်းရေးတပ်ဖွဲ့ကြီးသည် လေယာဉ်များ စေလွှတ်ရပ်သို့ တိတ်တဆိတ် ရောက်ရှိလာခဲ့သည်။ ချက်ချင်းဆိုသလိုပင် ဒုတိယဗိုလ်ချုပ်ကြီး ဖူချီဒါ ခေါင်းဆောင်သော ပထမအသုတ်ကို စေလွှတ်လိုက်သည်။ တိုက်လေယာဉ်များက ပေ ၅၀၀၀ မှ လည်းကောင်း၊ ဗုံးကြဲလေယာဉ်များက ပေ ၉၀၀၀ မှလည်းကောင်း ပျံသန်းကြသည်။ လေယာဉ်အုပ်၏အောက်တွင် တိမ်လွှာပြင်ကျယ်ကြီးသည် မြေပြင်ကို မမြင်ရအောင် ဖုံးကွယ်ထား၏။ ဟိုနိုလူလူ အသံလွှင့်ဌာနမှ အသံလွှင့်နေသော လေလှိုင်းကိုဖမ်း၍ ယင်းလေလှိုင်းဖြင့် ယာဗိုင်ယီကျွန်းသို့ လွယ်လွင့်တကူပင် ချဉ်းကပ်လာနိုင်ခဲ့ကြသည်။ ကျွန်းပေါ်သို့ ရောက်လုရောက်ခင်တွင် အောက်ခြေမှတိမ်များ ရုတ်တရက် ကင်းစင်သွားပြီး ရေ့တည့်တည့်



ပ်လှမ်းလှမ်းတွင် စိမ်းရောင်စိုနေသော ကမ်းခြေနှင့် ဖွေးဖွေးဖြူနေသော လှိုင်းခေါင်းလုံးများကို ရုတ်တရက်တွေ့မြင်လိုက်ကြသည်။ ထိုနေရာသည် ပုလဲဆိပ်ကမ်းတည်ရှိရာ အိုအာဟူကျွန်းပေါ် ကာဟူကူအငူ ဖြစ်သည်။ အတိအကျပြောရသော် ၎င်း နေရာသည် အိုပင်နာရေဒါစခန်းတည်ရှိရာ နေရာပင်တည်း။

၁၃၂ မိုင် ကွာဝေးသောနေရာမှ ကြည်းတပ် ရေဒါစခန်းငယ်လေးတစ်ခုသည် ပထမအသုတ် လေယာဉ်အုပ်ကို ဖမ်းမိခဲ့သော်လည်း တာဝန်ကျအရာရှိ ဗိုလ်တိုင်လာက မိတ်ဆွေလေယာဉ်များဟု ထင်မှတ်မှားခဲ့သောကြောင့် ကံကောင်းသွားသည်ဟု ဆိုရပေမည်။


ပထမအသုတ်သည် အိုအာဟူကျွန်းပေါ်သို့ ၇ နာရီ ၄၀ မိနစ်ခန့်တွင် ရောက်ရှိခဲ့ကြသည်။ နောက်ထပ် ၁၅ မိနစ်အကြာတွင် ပုလဲဆိပ်ကမ်းတိုက်ပွဲ၏ အဖွင့်ဗုံးကို ကြဲချနိုင်ခဲ့လေသည်။ ဗိုလ်ချုပ်ကြီး ယာမာမိုတို၏ စီမံချက်မှ အနှစ်သာရဖြစ်သော အလစ်အငိုက်ကို လုံးဝရရှိခဲ့သည်။ အမေရိကန်တို့၏ လေကြောင်းခုခံမှုမှာ မပြောပလောက်ချေ။ လေယာဉ်ကွင်းတွင် လေယာဉ်များသည် တစ်စီးနှင့်တစ်စီး အတောင်ချင်းထိကပ်လျက် ပြွတ်သိပ်မျှ ရပ်ထားသည်။ ဆိပ်ကမ်းတွင် စစ်သင်္ဘောကြီးများသည် တစ်စီးချင်းဖြစ်စေ၊ အတွဲလိုက်ဖြစ်စေ တိုက်ပွဲဝင် အတန်းလိုက်ပုံသဏ္ဍာန်(Battle ship Row)ဖြင့် စုစုစည်းစည်း ကျောက်ချရပ်နားထားကြသည်။ ... လေသူရဲများတွင် အမေရိကန်စစ်သင်္ဘောများ ဆိုက်ကပ်ထားသော နေရာ အတိအကျကို ဖော်ပြထားသည့် ကားချပ်များပါလာ

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ထို့ကြောင့် သူတို့အား ပေးထားပြီးဖြစ်သော ပစ်မှတ်ကို အလွယ်တကူ ရွေးချယ်၍ တိတိကျကျ ထိမှန်အောင် တိုက်ခိုက်နိုင်ခဲ့ကြသည်။ ၈ နာရီခွဲ အပြီးသတ်ချေမှုန်းရေး အုပ်ဖွဲ့ဖြစ်သော ဒုတိယလေယာဉ်အသုတ်ဝင်လာသည့်တိုင်အောင် ပထမအသုတ်မှာ တိုက်ခိုက်၍ ကောင်းတုန်းပင် ဖြစ်နေသည်။ နံနက် ၉ နာရီ ၄၅ မိနစ်တိတိတွင် နှစ်သုတ်စလုံး၏ တိုက်ခိုက်မှု ပြီးဆုံးသည်။





နှစ်ဖက်အဆုံးအရှုံး

**အမေရိကန်။** တိုက်ပွဲ၏ အောင်မြင်မှုသည် ဗိုလ်ချုပ်ကြီးယာမာမိုတို မျှော်မှန်းထားသည်ထက်ပင် ပိုကောင်းနေသည်ဟု ဆိုရမည်ဖြစ်သည်။ နှစ်နာရီမျှပင် မကြာလိုက်သောတိုက်ပွဲတွင် စစ်သင်္ဘောကြီး ၈ စီးတိတိ နှစ်မြုပ်ခြင်း သို့မဟုတ် လုံးဝသုံးမရခြင်း ဖြစ်သွားသည်။ အပေါ်စား ခရူဇာ ၃-စီး၊ အခြားသောသင်္ဘောများစွာ ထိခိုက်ပျက်စီး သွားခဲ့ရသည်။ ကြည်းတပ်လေယာဉ် ၁၈၈-စီး ချေမှုန်းခံရပြီး ရေတပ်လေယာဉ် ၃၀ ပျက်စီးသွားသည်။ ထိခိုက်ကျဆုံးသူအနေဖြင့် ၂၄၀၃ ယောက် အရပ်သားများ အပါအဝင် ကျဆုံးခဲ့ရပြီး ၁၁၇၈ ယောက် ဒဏ်ရာရခဲ့သည်။

**ဂျပန်။** လေယာဉ် ၂၉ စီး၊ ရေငုပ်သင်္ဘောအငယ်စား ၅ စီးသာ ဆုံးရှုံးခဲ့ပြီး ၆၄ ယောက် ကျဆုံးခဲ့သည်။

◆ ◆ ◆




**တိုက်ပွဲအပြီး ပျက်စီးနေသော သင်္ဘောများ။**


www.burmeseclassic.com

www.burmeseclassic.com










တိုက်ပွဲအပြီး ပျက်စီးနေသော သင်္ဘောများ




တိုက်ပွဲအပြီး ပျက်စီးမှုအခြေအနေပြ မြေပုံ။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၀)

# ဆုတ်ခွာခြင်း

ဂျပန်လေယာဉ်တင်သင်္ဘောများသည် မိုင် ၂၀၀ အကွာအဝေးတွင် စောင့်ဆိုင်းနေရန်ဖြစ်သော်လည်း ၁၉၀မိုင်အထိ ရှေ့သို့တိုးကပ်စောင့်ဆိုင်းပေးခဲ့သည်။ သာမန်အားဖြင့် ၁၀-မိုင်ခရီး ပိုနီးလာခြင်းသည် အကြောင်းမထူးသော်လည်း ပုလဲဆိပ်ကမ်းတိုက်ပွဲပြန် လေယာဉ်များအတွက်မူ များစွာ အထောက်အကူဖြစ်စေ၏။ သူတို့တွင် ဆီလက်ကျန် အင်မတန်နည်းပါးနေလေပြီ။ ထိမှန်လာသော လေယာဉ်များလည်း ပါသည်။ လေသူရဲများမှာလည်း ပင်ပန်းနွမ်းနယ်နေကြပြီ။ ထို့ကြောင့်လည်း လေယာဉ်တင်သင်္ဘောများပေါ်သို့ အလုအယက်ဆင်းကြသည်။ ရဲဘော်များလည်း တစ်စီးဆင်းလာပြီးသည်နှင့် နောက်တစ်စီးအတွက် နေရာရအောင် ချက်ချင်းဖယ်ရှား ပြင်ဆင်ပေးကြရသည်။ တချို့ လေယာဉ်များမှာ ဆီကုန်သွားသဖြင့် ပင်လယ်ထဲထိုးဆင်း လိုက်ရသည်လည်း ရှိ၏။ လှိုင်းပုတ်၍ သင်္ဘောဦးနိမ့်ကျသွား၍ နိုက်နှင့် အံကိုက်ဆင်းမိသော လေယာဉ်များဆိုလျှင် သင်္ဘောပေါ်မှပင် ကျွမ်းထိုးမှောက်ခုံ ပျက်စီးသွားကြရလေသည်။



## အရေးကြီးသော ဆုံးဖြတ်ချက်

ဒုတိယအသုတ် ပြန်ရောက်ပြီးသောအခါ ပုလဲဆိပ်ကမ်းကို တတိယအကြိမ် သွားရောက်တိုက်နိုက်မည်လော၊ ဆုတ်ခွာမည်လောဆိုသည့် ပြဿနာ ပေါ်ပေါက်လာသည်။ ဒုတိယဗိုလ်မှူးကြီး ဂှူချီဒါနှင့် လေသူရဲများက နောက်တစ်ခေါက် ပြန်တက်ခွင့်ပြုရန် တောင်းဆိုကြသည်။ ဖျက်ဆီးစရာ ပစ်မှတ်တွေ ကျန်နေသေးသည်။ အောင်မြေခဲ့ အမြတ်ထုတ်လိုကြသည်။ ရန်သူတွင် ခုခံနိုင်သည့် အင်အားများများစားစား မရှိတော့ဟု ယုံကြည်ကြသည်။ သည့်ထက်ပို၍ တွက်ဆရလျှင် နောက်တစ်ကြိမ် ထပ်မံတိုက်နိုက်မည်ဆိုပါက ပထမတိုက်ပွဲတွင် ပုလဲဆိပ်ကမ်း၌ မရှိသည့် လေယာဉ်တင်သင်္ဘောကြီးများကိုပါ တွေ့နိုင်သည်ဟု မျှော်လင့်ရသည်။ အမေရိကန်ကလည်း နောက်တစ်ခေါက် ထပ်မံလာရောက်တိုက်နိုက်လိမ့်ဦးမည်ဟု မျှော်လင့်ပြင်ဆင်ထားကြသည်။ ညမှောင်သည့်တိုင်အောင် ကျွန်းတစ်ကျွန်းလုံးပေါ်ရှိ အမေရိကန်စစ်ဘက်နှင့် ဒေသခံအရပ်သားအားလုံးက ဂျပန်တွေ ကမ်းတက်လာလိမ့်မည်ဟု ထင်နေကြသည်။ ဂျပန်လေထီးတပ်များသည် မှောင်ရီသန်းသည်နှင့် ဟာဝိုင်ယီကျွန်းကို ဆင်းသက်သိမ်းပိုက်လိမ့်မည်ဟုလည်း တစ်ကျွန်းလုံးတွင် ကောလာဟလဖြစ်နေကာ တုန်လှုပ်ချောက်ချားနေကြသည်။

သို့သော် ဒုတိယဗိုလ်ချုပ်ကြီး နာဂူမိုသည် ဒုတိယဗိုလ်မှူးကြီး ဂှူချီဒါ၏ တင်ပြချက်ကို ငြင်းပယ်ခဲ့သည်။ အမှန်စင်စစ် ဒုတိယ

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီး နာဂုမိုသည် အထက်တွင် ဖော်ပြပြီးသည့်အတိုင်း ဤပုလဲဆိပ်ကမ်းစစ်ဆင်ရေးကို မူလကတည်းက လက်ခံသဘော ခဲ့သူ မဟုတ်။ သို့သော် အထက်အမိန့်အရ ချမှတ်ခဲ့သည့်လုပ်ငန်း ကို တာဝန်အရ အစွမ်းကုန်ဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်သည်။ ထို အစွမ်းကုန် ဆောင်ရွက်ခဲ့၍ အောင်မြင်မှုရခဲ့ပြီဖြစ်ရာ သူ့အနေဖြ နောက်တစ်ကြိမ် ထပ်မံတိုက်ခိုက်ရန် မသင့်ဟု၍ အခြေခံသဘော ထားရှိနေသည်၊ ထို့ကြောင့် ဆုတ်ခွာရန် ဆုံးဖြတ်ချက်ခဲ့လေသည်

## ခွာစစ်ဆင်သောလမ်းကြောင်း

ထိုးနက်ရေးတပ်ဖွဲ့ကြီးသည် ခွာစစ်လမ်းကြောင်းအဖြ လာလမ်းကိုမသုံးဘဲ ဟာဝိုင်ယီကျွန်း၏ အနောက်မြောက်ဘက်သို မိုင် ၁၀၀၀ ခန့်အထိသွားပြီးမှ အနောက်စူးစူးသို့ လမ်းကြောင် ပြောင်းကာ ဂျပန်သို့ ပြန်ခဲ့လေသည်။ အပြန်လမ်းတွင် မစ်ဒ်ဝေ ကျွန်းသို့တိုက်ရန် စီစဉ်ထားသော်လည်း၊ လှိုင်းလေပြင်းထန်ကြမ်းတမ်း သော ရာသီဆိုးကြောင့် မတိုက်ဖြစ်ချေ။ အမေရိကန်တို့သည် ဂျပန်ချေမှုန်းရေး ရေတပ်ဖွဲ့ကြီးကို လိုက်လံရှာဖွေသော်လည် မတွေ့ခဲ့ကြပေ။ ဒုတိယဗိုလ်ချုပ်ကြီး နာဂုမိုဦးဆောင်သော တပ်ဖွဲ့ကြီးသည် ဂျပန်နိုင်ငံသို့ ချောမောစွာ ပြန်လည်ဆိုက်ရောက် ခဲ့လေသည်။

◆ ◆ ◆



အခန်း(၁၁)

# ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့၏ စစ်ရေးဆောင်ရွက်ချက်ဆိုင်ရာ လေ့လာတွေ့ရှိချက်များ

ဤအခန်းတွင် ပုလဲဆိပ်ကမ်းတိုက်ပွဲနှင့် ပတ်သက်ပြီး ဂျပန် နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့၏ စစ်ရေး ဆောင်ရွက်ချက်ဆိုင်ရာ လေ့လာတွေ့ရှိချက်များကို ရေးဦးစွာ တင်ပြပါမည်။ ထိုသို့တင်ပြရာ တွင် ကျွန်ုပ်တို့နိုင်ငံက လက်ခံကျင့်သုံးနေသော စစ်ဥပဒေသများဖြင့် တိုင်းတာ သွားပါမည်။ များသောအားဖြင့် စစ်ပွဲမှ သင်ခန်းစာဖော် ထုတ်ရာတွင် အနိုင်၊ အရှုံးပေါ် မူတည်လျက် အားသာချက်၊ အားနည်းချက်ကို တွေ့ရှိရတတ်ပါသည်။ စစ်ပွဲတစ်ပွဲ၏ ရလာဒ် ပေါ်ထွက်လာသောအခါ မျက်နှာငယ်ရသူမှာ စစ်ရှုံး သူသာဖြစ် ကြောင်း အောက်ပါအဆိုအမိန့်ကိုကြည့်လျှင် သိနိုင်ပါသည်-

Defeat cries aloud for explanation, where as success, like charity, covers a multitude of sins.

အမှန်စင်စစ် နိုင်သူကလည်း မည်မျှပင် အကောင်းဆုံး လုပ်ပါစေ သူ့တွင်လည်း ဟာကွက် လိုအပ်ချက်တွေ ရှိနေသလိုသို့ ရှုံးသူမှာလည်း ချို့ယွင်းလစ်ဟင်းမှုတွေ အကြားမှ ချီးကျူးဖွယ်ရာ ကောင်းကွက်တစ်ခုတလေ ရှိနေတတ်ပါသည်။ သုံးသပ်ချက်တွင်

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက်စလုံး၏ အားသာချက် အားနည်းချက်များကို လက်လှမ်းမီသမျှ ရှာဖွေစုဆောင်းတင်ပြထားပါသည်။

ဂျပန်နိုင်ငံ

ဂျပန်နိုင်ငံ၏ အားသာချက်၊ အားနည်းချက်များသည် ရေကြောင်းဗိုလ်ချုပ်ကြီး ယာမာမိုတိုအပေါ်တွင်သာ လုံးဝဥဿုံ တာဝန်ရှိနေသည်ဟု သဘောသက်ရောက်နေသည်။ ဤဆောင်းပါး၏ အစိတ်အပိုင်းတစ်ခုမှာ ဗိုလ်ချုပ်ကြီး ယာမာမိုတို၏ ကွပ်ကဲမှုကို လေ့လာရန်ဖြစ်သည်၊ စီမံချက်၊ ပြင်ဆင်လေ့ကျင့်မှု၊ သတင်းစုဆောင်းမှုနှင့် တိုက်ခိုက်ခြင်း ခေါင်းစဉ်များတွင် ဗိုလ်ချုပ်ကြီး၏ ကွပ်ကဲမှု အရည်အသွေးကို အတော်အတန် ပေါ်လွင်စေခဲ့ပြီဟု ယူဆပါသည်။ ဤအခန်းတွင်မူ ဗိုလ်ချုပ်ကြီး၏ ဆောင်ရွက်ချက်များကို ကျွန်ုပ်တို့ ကျင့်သုံးနေသော ဥပဒေသများနှင့် ချိန်ထိုးဆန်းစစ်ကြည့်မည် ဖြစ်ပါသည်။

အားသာချက်များ

စစ်အောင်ရသော အကြောင်းကြီး ၁၂-ချက်ဖြင့် တိုင်းတာကြည့်ရာ ၁၁-ချက်သည် ကိုက်ညီမှုရှိပြီး တစ်ချက်သာလျှင် လိုအပ်ကြောင်း တွေ့ရှိရသည် -

(က) **ရည်ရွယ်ချက်တိကျနိုင်မြဲခြင်း။** ဗိုလ်ချုပ်ကြီးသည် မူလက အမေရိကန်နှင့် တိုက်ခိုက်လိုစိတ် မရှိသော်လည်း၊ တကယ်တမ်း တိုက်ခိုက်ရမည့် အခြေအနေကြုံလာသောအခါတွင် သူ့စီမံချက်ကို လက်မခံကရာထူးမှ နုတ်ထွက်မည်အထိ ပြတ်သားစွာ ဆုံးဖြတ်ခဲ့လေသည်။ သူ့ရည်ရွယ်ချက်မှာ အမေရိကန် ပစိဖိတ်ရေတပ်ကို အငိုက်ဖမ်းလျက် လုံးဝ ချေမှုန်းပစ်ရန် သို့မဟုတ် အင်အားချည့်နဲ့သွား စေရန်ဖြစ်ရာ ဤအတိုင်းတစ်သွေမတိမ်း လုပ်နိုင်ခဲ့ပေသည်။ စစ်ပွဲ၏ ပထမတွင် အမှန်တကယ်ပင် အမေရိကန်ရေတပ်မှာ အင်အားချည့်နဲ့သွားခဲ့သည်။

(ခ) **ပြောင်းလွယ်ပြင်လွယ်ခြင်း။** ချေမှုန်းရေး တပ်ဖွဲ့ကြီး ဟာဝိုင်ယီကျွန်းသို့ ချီတက်နေစဉ် အကယ်၍ အမေရိကန်နှင့် သံတမန်ရေး ပြေပြစ်၍ ပြန်ခေါ်လျှင် ဖြစ်စေ၊ ရန်သူက တွေ့ရှိသွားလျှင်ဖြစ်စေ ပြန်လှည့်လာရန် စီမံခဲ့လေသည်။ ထို့ပြင် လုပ်နည်းအပိုင်း၌လည်း အငိုက်ရလျှင်တစ်မျိုး၊ အငိုက်မရလျှင်တစ်မျိုး ပြောင်းလွယ် ပြင်လွယ်ဖြစ်အောင် သတ်မှတ်ပေးလိုက်ကြောင်း တွေ့ရသည်။

(ဂ) **လှုပ်ရှားမှု လွယ်ကူခြင်း။** ချေမှုန်းရေးတပ်ဖွဲ့၏ ပင်မတပ်ဖွဲ့တွင် လေယာဉ်တင်သင်္ဘော ၆-စီး ပါဝင်နေသော်ငြားလည်း တပ်ဖွဲ့ကြီး တစ်ခုလုံးတွင်ပါဝင်သော စစ်သင်္ဘောကြီး၊ ခရုဇာသင်္ဘော၊ ဖျက်သင်္ဘောတို့



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းစပ် ဖွဲ့စည်းထားပုံမှာ လျင်မြန်သွက်လက်စွာ စစ်ကစားနိုင်ရန် ရည်ရွယ်ကြောင်း သိနိုင်သည်။ ဤအချက်ကြောင့် ဂျာစစ်၌ မစ်ဒ်ဝေးကျွန်းကို ခရီးသွားဟန်လွှဲ ဝင်ရောက်တိုက်ခိုက်ရန် စီမံချက်တွင် ထည့်သွင်းခဲ့ခြင်း ဖြစ်၏။

(ဃ) **ပြည်သူလူထု၏ အားပေးကူညီထောက်ပံ့မှု ရရှိခြင်း။** စစ်ဝါဒီဖက်ဆစ် အစိုးရ၏ လုပ်ရပ်ကို ဂျပန်ပြည်သူအများစုက တစ်တပ်တအား ထောက်ခံအားပေးကြသော အထောက်အထား အချက်အလက်များ လက်လှမ်းမီသမျှ ရှာဖွေရာ၌ မတွေ့ရှိရပါ။ လူမျိုးတိုင်း၏ သဘာဝအတိုင်း။ တိုင်းတစ်ပါးနှင့် စစ်မက်ပြုကြသောအခါ ယေဘုယျအားဖြင့် မျိုးချစ်စိတ်နှင့် ဇာတိမာန်တော့ ဂျပန်လူမျိုးများတွင် ရှိနေကြမည်သာ ဖြစ်ပါသည်။ ဤစိတ်ဓာတ်ရှိနေခြင်းကြောင့် စစ်မဖြစ်ခင်ကတည်းက စစ်ပြုရန် အစီအစဉ်ကို ဂျပန်အမျိုးသားတစ်ရပ်လုံးက ထောက်ခံအားပေးကြသည်ဟု မဆိုသာပေ။ ထို့ကြောင့် ဤအချက်ကိုမူ ကိုက်ညီသည်ဟု မယူဆပါ။

(င) **လုံခြုံမှုရှိခြင်း။** ယ-နှတ် ၁-ရက်ကတည်းက အမှတ်-၆ ရေငုပ်သင်္ဘောတပ်ဖွဲ့ကို ကြိုတင် စေလွှတ်ထားခြင်း၊ ချီစစ်တွင် ရေပြေး ရေငုပ်သင်္ဘော ၃ စီးနှင့် ကင်းထောက်လေယာဉ် ၂ စီးကို ကြိုတင်စေလွှတ်ခြင်း၊



သင်္ဘောများ စုစည်းကတည်းက လေယာဉ်များ တိုက်ပွဲဝင်ချိန်အထိ ရေဒီယိုဆက်သွယ်ရေးကို ထိန်းချုပ်ထားခြင်းနှင့် တိုက်ခိုက်နေစဉ် လေယာဉ် ၃၉ စီးကို ပင်မတပ်ဖွဲ့တွင် လုံခြုံရေးနှင့် အရန်အဖြစ် ချန်ထားခဲ့ခြင်းတို့သည် လုံခြုံမှုအတွက် ဆောင်ရွက်ချက်များ ဖြစ်သည်။

(စ) **သတင်းစုံစွာ ရယူခြင်း။** တစ်နှစ်ကျော်ခန့် ကတည်းကပင် ရေတပ်အရာရှိဟောင်းတစ်ယောက်ကို ဟိုနိုလူလူသို့ စေလွှတ်ပြီး ဒုကောင်စစ်ဝန်အသွင် ခံယူလုပ်ရှားစေလျက် ရန်သူ့သတင်းအချက်အလက်များကို စေ့စုံစွာ ယူခဲ့သည်မှာ အထင်အရှားပင် ဖြစ်၏။

(ဆ) **အငိုက်ဖမ်းနိုင်ခြင်း**

(၁) **ပထဝီအငိုက်။** ရာသီဥတု ဆိုးဝါး ပြင်းထန်လှ၍ ကုန်သွယ်ရေကြောင်းလမ်းအဖြစ် မသုံးသော မိုင် ၃၀၀၀ ကျော် ရှည်လျားသည့်ခရီးကို အသုံးပြုလိုက်ခြင်းသည် ရန်သူမမျှော်မှန်းသော ပထဝီအငိုက် ရယူလိုက်ခြင်း ဖြစ်သည်။

(၂) **အချိန်အငိုက်။** ရာသီဥတုဆိုးဝါးချိန်နှင့် တနင်္ဂနွေအားလပ်ရက် နံနက်စောစောတွင် ဝင်ရောက်တိုက်ခိုက်လိုက်ခြင်းမှာ အချိန်အငိုက်ယူခြင်း ဖြစ်သည်။

(၃) **လူ့အငိုက်။** ရန်သူ အနားယူ ပေါ့ဆစွာနေချိန်ကို

www.burmeseclassic.com

www.burmeseclassic.com



အံကိုက်ဝင်တိုက်ခြင်းမှာ လူအင်ကိုက်ရယူခြင်း ဖြစ်သည်။

(ဇ) **တိုက်စစ်ဆင်နိုင်စွမ်းရှိခြင်း။** သာမန်အားဖြင့် ဂျပန်လေယာဉ်တင်သင်္ဘောတစ်စီးတွင် တိုက်လေယာဉ်၊ တော်ပီဒိုလေယာဉ်၊ ဗုံးကြဲလေယာဉ် စုစုပေါင်း ၆၃ စီး အပေါ်စားလေယာဉ်တင် သင်္ဘောတစ်စီးတွင် စုစုပေါင်း ၂၄ စီး သယ်ဆောင်သည်။ ဤအထူးတာဝန်တပ်ဖွဲ့တွင် သာမန်ထက် ပိုတင်ထားသည်။ လေကြောင်း စစ်ဆင်ရေး တိုက်စစ်စွမ်းအား ကောင်းမွန်သည်။ တစ်ဖန် ရေပေါ်တိုက်ခိုက်ရေးအတွက်လည်း စစ်သင်္ဘောကြီး ၂ စီး၊ ခရူဇာစစ် သင်္ဘော ၂ စီး၊ အပေါ့စား ခရူဇာ ၁ စီးနှင့် ဖျက်သင်္ဘော ၁၆ စီးတို့မှာ အရေအတွက်အရရော၊ လက်နက်အမျိုးအစားအရပါ အဘက်ဘက်မှ ပြည့်စုံနေသည်။ ထို့ပြင် ရေအောက် တိုက်ခိုက်ရေးအတွက် ရေငုပ်သင်္ဘောတပ်ဖွဲ့ တစ်ခုကိုပါ ဖွဲ့စည်းပေးခဲ့ပေရာ ဝေဟင်၊ ရေပြင်၊ ရေအောက် သုံးဖက်သုံးတန် တိုက်စစ်ဆင်နိုင်စွမ်းအား အပြည့်ရှိနေပေသည်။

(ဈ) **စိတ်ဓာတ်ကြံ့ခိုင်ရေး။** သင်္ဘောသားများ၊ လေသူရဲများသည် အဘက်ဘက်မှ ပြည့်ဝသော လေ့ကျင့်မှုကို လုံလောက်သော အချိန်ယူ၍ အသားကျအောင် လေ့ကျင့်ခဲ့ပြီးသောကြောင့်လည်းကောင်း၊ ဗိုလ်ချုပ်ကြီး



ယာမာမိုတို၏မိန့်ခွန်းကြောင့်လည်းကောင်း၊ တရုတ်-ရုရှား စစ်မြေများတွင် တိုက်ပွဲအတွေ့အကြုံ ရှိခဲ့ပြီးသူများ ဖြစ်သောကြောင့်လည်းကောင်း၊ စိတ်ဓာတ်ကြံ့ခိုင် ကောင်းမွန်လျက်ရှိကြောင်းကို ကြုံတွေ့ရမည့် တိုက်ပွဲအတွက် ချီစစ်တစ်လျှောက်လုံး ပြင်ဆင်လိုက်ပါလာပုံများ၊ တတိယအသုတ်တိုက်ရန် တောင်းဆိုပုံများအရ သိနိုင်သည်။

(ည) **အင်အားကို လိုသလောက်သာ စုစည်း အသုံးချခြင်း။** ပုလဲဆိပ်ကမ်းတိုက်ပွဲနှင့် တစ်ပြိုင်တည်း လိုလိုပင် တောင်ဘက်ပိုင်းတွင် ဖိလစ်ပိုင်၊ စင်ကာပူ ဂသည့် စစ်မျက်နှာများကို ဖွင့်လှစ်ရဦးမည်ဖြစ်ရာ ယင်းစစ်ဆင်ရေးများအတွက် အင်အားချန်လှပ်၍ ပုလဲဆိပ်ကမ်းအတွက် လိုအပ်သည့် အတိုင်းအတာအထိသာ ဖွဲ့စည်းအသုံးချခဲ့ခြင်း ဖြစ်သည်။

(ဋ) **ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း။** ဗိုလ်ချုပ်ကြီး ယာမာမိုတို၏ လက်အောက်တွင် ပထမ လေတပ်တော် အမှတ်(၃) စစ်သင်္ဘောကြီး အုပ်စု၊ အမှတ်(၈) ခရူဇာ အုပ်စု၊ အမှတ်(၁) ဖျက်သင်္ဘောအုပ်စုကြီး၊ ဖြည့်တင်းရေး သင်္ဘောအုပ်စု၊ အမှတ်(၆) ရေငုပ်သင်္ဘောတပ်ဖွဲ့တို့သည် ပေါင်းစပ်ညှိနှိုင်းမှုကောင်းမွန်၍သာ လှိုင်းလေ ပြင်းထန်သော မိုင် ၃၀၀၀ ကျော် ခရီးကြမ်းကို

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်စွာ သွားရောက် စစ်ဆင်နိုင်ခြင်း ဖြစ်သည်။ ထို့ပြင် ရေတပ်ထောက်လှမ်းရေး၊ နိုင်ငံခြားရေးဌာနတို့နှင့်လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု ရှိခဲ့လေသည်။

(၄) **အစုစ်ချုပ်ထောက်ပံ့မှုကောင်းခြင်း။** ချေမှုန်းရေးတပ်ဖွဲ့တွင် ထောက်ပံ့ရေးသင်္ဘောများ၊ ဆီတင်သင်္ဘောများ ဖွဲ့စည်းပေးထားသည်။ ထို့ပြင် ထိရောက်စွာ ထောက်ပံ့နိုင်ရေးအတွက် ကြိုတင်လေ့ကျင့်မှုလည်း လုပ်ခဲ့သည်။

ထို့ပြင် ဂျပန်နိုင်ငံသည် ပုလဲဆိပ်ကမ်းတိုက်ပွဲအတွက် အထူးပြည့်စုံသော ပြင်ဆင်မှုရှိခဲ့သည်။ ခြေကုပ်စခန်းလည်း ရှိထားသည်။ အရင်အင်အားလည်း ရှိသည်။ တန်ပြန်တိုက်စစ် အစီအစဉ်လည်း ရှိထားပြီး ဖြစ်သည်။ သံတမန်ရေး၊ မျှော်လင့်ချက် ကုန်ဆုံးချိန်အထိ စေ့စပ်ဆွေးနွေးနေခြင်းဖြင့် လှည့်စားမှုရှိသည်ဟုလည်း ဆိုနိုင်ပြန်သည်။

အားနည်းချက်များ

(က) **မသေချာသော ရည်မှန်းချက်။** ရွေးချယ်ထားသော ယ-ရက်တွင် ပစိဖိတ်ရေတပ်ဖွဲ့ကြီး၏ ပင်မတပ်ဖွဲ့ဖြစ်သော လေယာဉ်တင်သင်္ဘောများသည် ပုလဲဆိပ်ကမ်းတွင် ဆိုက်ကပ်ထားလိမ့်မည်ဟူသော ယူဆချက်အပေါ်တွင် အခြေခံထားသည့် စီမံချက်ဖြစ်ကြောင်း တွေ့ရှိရသည်။ တကယ့် ယ-ရက်တွင် တိုက်ခိုက်သောအခါ



အမေရိကန် လေယာဉ်တင် သင်္ဘောတစ်စီးမျှပင် ပုလဲဆိပ်ကမ်းတွင် မရှိချေ။

(ခ) **ရည်မှန်းချက် ရွေးချယ်မှု မှားယွင်းခြင်း။** ဗိုလ်ချုပ်ကြီး ယာမာမိုတိုသည် ပစိဖိတ် ရေတပ်ကို လုံးဝချေမှုန်းပစ်ရန် သို့မဟုတ် အင်အားချည့်နဲ့သွားစေရန် ရည်မှန်းပြီး လေယာဉ်တင်သင်္ဘောများနှင့် စစ်သင်္ဘောကြီးများကို အဓိကပစ်မှတ်ထားကာ တိုက်ခိုက်စေခဲ့သည်။ အကယ်၍သာ Attack at source ခေါ် ပင်ရင်းအခြေအမြစ်ကို တိုက်ခိုက်သည့် စစ်သဘောတရားအရ အလုပ်ရုံများ၊ သင်္ဘောကျင်းများ၊ ဆီသိုလှောင်ကန်များကို သင်္ဘောထက်ပိုပြီး အဓိကပစ်မှတ်အဖြစ် ရွေးချယ်မည်ဆိုပါက ပစိဖိတ်ဒေသတွင် အမေရိကန်ရေတပ်၏ နာလန်ထမှုသည် ယခုထက် ပိုမို ကြာရှည်ကာ စစ်ရေးချိန်ခွင်လျှာ တစ်မျိုးပြောင်းနိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ပစိဖိတ်သမုဒ္ဒရာတွင် ပုလဲဆိပ်ကမ်းမှတစ်ပါး အခြားအမေရိကန်ရေတပ်စခန်း မရှိသောကြောင့် ဖြစ်သည်။ ယခုမှု ယူဆချက်အပေါ် အမှီပြုသော စီမံချက်မှာ ယူဆချက်အတိုင်း ဖြစ်မလာခဲ့ချေ။ လေယာဉ်တင်သင်္ဘောကြီးများ လွတ်သွားသောကြောင့်လည်းကောင်း၊ ပြင်ဆင်၍ရသော သင်္ဘောများကို သင်္ဘောကျင်းမှာပင် ပြင်ဆင်နိုင်ခဲ့သောကြောင့်လည်းကောင်း နောက် ၆-လအကြာတွင်

www.burmeseclassic.com



မစ်ဒ်ဝေးရေကြောင်းတိုက်ပွဲ၌ ဂျပန်ရေတပ်ကြီး ပြိုကွဲခဲ့ရသော နောက်ဆက်တွဲဆိုးကျိုးကို ရရှိခဲ့သည်။

(ဂ) **ကမ္ဘာ့သင်ခန်းစာဖြစ်ရပ်များကို ထုတ်ယူ အသုံးမချခြင်း။** ဂျပန်တို့ ပုလဲဆိပ်ကမ်းကို မတိုက်မီ ၁၉၄၀ ပြည့်နှစ်အတွင်း ဥရောပစစ်မျက်နှာတွင် မဟာမိတ်တပ်များသည် ၎င်းတို့အား ဒုက္ခပေးနေသော ဂျာမန်စစ်သင်္ဘောများအား ချေမှုန်းလိုသောအခါ စိန့် နာဇရီ သင်္ဘောကျင်း(St. Nazaire Dock)ကို ဖျက်ဆီးချေမှုန်းလိုက်သည်။ အချိန်မှန် လှန်းတင်မွမ်းမံရသော သင်္ဘောများ၏ လှုပ်ရှားမှုကို ဤနည်းဖြင့် ထိန်းချုပ်နိုင်ခဲ့သည်။ (မှတ်ချက်။ ၎င်းသင်္ဘောကျင်းမှာ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက် ၁၀-နှစ်ခန့်အထိ မသုံးနိုင်တော့ကြောင်း တွေ့ရှိရသည်။) ဤ မဝေးကွာလှသေးသော သင်ခန်းစာကို ဂျပန်တို့ မယူခဲ့ချေ။ ထို့ကြောင့် ရည်မှန်းချက်ရွေးချယ်မှု မှားယွင်း ဖော်ထုတ်နိုင်သည်။ (မှတ်ချက်။ ဤသင်ခန်းစာကို ယွန်ကာစစ်ပွဲတွင် ကိုင်ရိုလေဆိပ် ပြေးလမ်းများကို တိုက်ခိုက်ခြင်းဖြင့် အီဂျစ်လေတပ်ကို ထိန်းချုပ်နိုင်သော အကျိုးတရားကို အစ္စရေးက ရယူခဲ့သည်။)

(ဃ) **အောင်မြေချဲ့ အမြတ်ထုတ်မှုပြုရန် ပျက်ကွက်ခြင်း။** ဒုတိယဗိုလ်ချုပ်ကြီး နာဂူမိသည် တတိယအသုတ်



စေလွှတ်ပြီး အောင်မြေချဲ့ အမြတ်ထုတ်ခဲ့ပါက အမေရိကန်ရေတပ်သည် ယခုထက် ပိုမို အထိနာနိုင်သည်။ အနည်းဆုံး အမေရိကန်တို့ ၆ လထက် ပိုမို ကာလရှည်စွာ အားယူရမည်ဆိုပါက မစ်ဒဝေး ရေကြောင်းတိုက်ပွဲသည် အဆုံးအဖြတ်တိုက်ပွဲ ဖြစ်ကောင်းမှ ဖြစ်နိုင်ပေမည်။

(င) **အမေရိကန်လေယာဉ်တင်သင်္ဘောများကို ရှာဖွေ မတိုက်ခိုက်နိုင်ခြင်း။** ဗိုလ်ချုပ်ကြီး၏ ယာမာမိုတို၏ ရည်မှန်းချက်ဖြစ်သော လေယာဉ်တင်သင်္ဘောများကို ဆိပ်ကမ်းတွင် မတွေ့က ဘာဆက်လုပ်ရမည်ကို တိတိကျကျ အမိန့်ပေးထားသင့်သည်။ စီမံချက်ကို ဝေဖန်ခဲ့သူ ဒုတိယဗိုလ်ချုပ်ကြီး နာဂူမိကို ဆုံးဖြတ်ပိုင် ခွင့်ပေးထားခြင်းက တာဝန်ကျေလုပ်ဆောင်မှုကို ဖြစ်ပေါ်စေသည်။ ထိုစဉ်က လေယာဉ်တင်သင်္ဘော အင်တာပရိုက် (Enterprise)မှာ မစ်ဒ်ဝေးကျွန်း၏ အရှေ့တောင်ဘက် မိုင် ၄၀၀ အကွာတွင်ရှိနေပြီး လာဇင်တန် (Lexington) မှာ ဝိတ်ကျွန်းစုမှ ပုလဲဆိပ်ကမ်းသို့အလာ လမ်းခုလတ်မှာ ရှိနေလေသည်။ ဆိုရာတိုဂါ (Saratoga) နှင့် စစ်သင်္ဘောကြီး ကိုလိုရာဒို (Colorado)တို့သာ အမေရိက အနောက်ဘက်ကမ်းခြေတွင် ရောက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



# အမေရိကန်နိုင်ငံ

အားနည်းချက်များ

(က) **ကြိုတင်သိရှိနိုင်မှုသတင်းများ၊ ဖြစ်ရပ်များကို အလေးအနက်မထားခြင်း**

(၁) နိုဝင်ဘာလတွင် တိုကျိုက ပင်လယ်ရပ်ခြားရှိ ၎င်း၏ သံရုံးနှင့် ကောင်စစ်ဝန်ရုံးများသို့ပေးပို့သော "လေစကားဝှက်တွဲ"ကို အမေရိကန်တို့က ဖမ်းယူရရှိခဲ့သည်။ ကြားဖြတ်မှာ "ပဋိပက္ခ အဆိုးဆုံး အခြေအနေဆိုက်ရောက်က (နေ့စဉ်ထုတ်လွှင့်သော တိုကျိုရေဒီယို၏) မိုးလေဝသထုတ်ပြန်ချက် အဆုံးတွင် အောက်ပါတို့ကို တစ်ဆက်တည်း ထုတ်လွှင့်ပေးမည်။ တစ်။ အရှေ့လေ မိုးရွာသည်။ (East Wind Rain) အမေရိကန်နှင့် စစ်ဖြစ်ပြီ။ (နှစ်) မြောက်လေ တိမ်ထူသည်။ (North Wind Cloudy)ယိုးဒယား၊ မြန်မာ၊ မလေးရှား ဒတ်ချ်၊ အိန္ဒိယကို တိုက်ခိုက်ခြင်းအပါအဝင် ဗြိတိန်နှင့် စစ်ဖြစ်ပြီ။ "အကယ်၍ နှစ်ကြိမ်ထပ်ပြောက လျှို့ဝှက်စာများနှင့် စကားဝှက်များကို မီးရှို့ဖျက်ဆီးပစ်ရန်"ဟူ၍ ဖြစ်သည်။ ဤကြားဖြတ်မှာ အလွန်အရေးကြီးသည်။ စစ်ဖြစ်ရန် လက်



တစ်ကမ်းသာလိုတော့ကြောင်း အလွယ်တကူ ခန့်မှန်းနိုင်သည်။ ဖြစ်နိုင်ချေမှန်သမျှကို အထူးဂရုစိုက်စေရမည် ဖြစ်သည်။ (မှတ်ချက်။ ဒီဇင်ဘာလ ၇-ရက်နေ့ ၀၈၀၀ နာရီတွင် အရှေ့လေ မိုးရွာပြီဖြစ်ကြောင်း နှစ်ကြိမ်ထပ်ပြောသော အသံလွှင့်ချက်ကို ဟိုနိုလူလူရှိ ကောင်စစ်ဝန် နာဂါအိုကီတာကြားသောအခါ လျှို့ဝှက်ညွှန်ကြားချက် စာရွက်စာတမ်းအားလုံးကို အချိန်မီ ဖျက်ဆီးနိုင်သဖြင့် သက်သေအထောက်အထား ကင်းမဲ့သွားကာ သူလျှို ယိုရှိတာဝါမှာ အသက်ဘေးမှ လွတ်မြောက်သွားခဲ့သည်။)

(၂) ဒီဇင်ဘာလ ၄-ရက်နေ့ သန်းခေါင်ယံတွင် အမေရိကန် ရေတပ်ထောက်လှမ်းရေးနှင့် ဆက်သွယ်ရေးဌာနမှ Ralph Briggs သည် "ဟီဂါရှိနို ကာဇေမီ" (Higashino Kazeame) သို့မဟုတ် (East Wind Rain) အသံလွှင့်ချက်ကို ဖမ်းယူရရှိခဲ့ပြီး အထက်သို့ တင်ပြနိုင်ခဲ့သော်လည်း နောက်တစ်နေ့တွင် Well Done ချီးကျူးမှု လက်ခံရရှိသည်မှတစ်ပါး ထိရောက်သော အရေးယူဆောင်ရွက်ချက် မတွေ့ရပေ။

(၃) ဒီဇင်ဘာလ ၆-ရက်နေ့တွင် ဂျပန် သံယံယူ

www.burmeseclassic.com

www.burmeseclassic.com



ပို့ဆောင်ရေးတပ်ဖွဲ့များသည် ကရာကျွန်းဆွယ် (Kra-Peninsular)ဘက်သို့ ဦးတည်ရွေ့လျားနေသော ထောက်လှမ်းရေး အစီရင်ခံစာကို အမေရိကန်တို့ ရရှိခဲ့လေသည်။

(၄) ဒီဇင်ဘာလ ၇-ရက်နေ့ ၀၆၃၀-နာရီ တွင် ကင်းလှည့်နေသော ရေယာဉ်ပျံ (Sea Plane) တစ်စီးနှင့် စစ်သင်္ဘော ယူအက်စ်အက်စ်ဝါ့ဒ် (USS Ward) တို့သည် ရေပေါ်တွင်ရွေ့လျားနေသော ပယ်ရီစကုတ်တံကလေးတစ်ခုကို တွေ့မြင်သဖြင့် တိုက်ခိုက်နစ်မြုပ်ခဲ့ကြ၏။ ရန်သူ့ရေငုပ်သင်္ဘောတစ်စီးကို တွေ့ရှိ နစ်မြုပ်လိုက်ကြောင်း ရေယာဉ်ပျံပေါ်မှ လေယာဉ်မှူး ဝီလျံတန်နာ(William Tanner)က ဝက်စာဖြင့် သတင်းပို့ခဲ့သည်။

(၅) နောက်ဆုံး အခွင့်အရေးကို ရေငုပ်သင်္ဘောအား တိုက်ခိုက်အပြီး နာရီဝက်အကြာတွင် ရရှိခဲ့သည်။ ကျွန်း၏ မြောက်ဘက်စွန်း အိုပင်နာ(Opana) အရပ်ရှိ ကြည်းတပ်ရေဒါစခန်းမှ တပ်သား ဂျိုးဇက်လော့ကဒ်(Joseph Lockard)နှင့် တပ်သား ဂျော့အီလီယော့(George Eliott)တို့သည် နံနက် ၀၇၀၀-နာရီကျော်ကျော်တွင်



ရောမအမဲစက်ကြီးတစ်ခုကို ရေဒါဖန်သားပြင်တွင် တွေ့ရှိခဲ့ကြသည်။ ပထမတော့ ရေဒါပျက်သွားပြီဟု ထင်နေခဲ့ကြ၏။ နောက်တော့မှ လေယာဉ်အုပ်ကြီးတစ်ခု မြောက်ဘက် ၁၇-မိုင် အကွာမှ ပျံသန်းလာနေခြင်းဖြစ်ကြောင်းသိရှိကာ အထက်သို့ သတင်းပို့ခဲ့ကြ၏။ သို့သော် ဗဟိုသတင်းစခောင်းရေးခန်းမတွင် သတင်းလက်ခံမည့်သူ မရှိချေ။ မိနစ်အနည်းငယ်ကြာမှ ဗိုလ်ကာမစ် တိုင်လာ(Kermit Tyler)က• မစိုးရိမ်ရန် ပြေသည်။ အထက်သို့ တင်ပြခြင်းမရှိခဲ့။ (မှတ်ချက်။ သူ့အနေနှင့် အမေရိကန် အနောက်ဘက်ကမ်းခြေရှိ ဟာမစ်လ်တန် လေယာဉ်ကွင်း (Hamilton Air Field)မှ ပျံသန်းလာသည့် ဘီ-၁၇ ဗုံးကြဲလေယာဉ်များဟု ထင်မှတ်ခဲ့ကြောင်း ပြောဆိုခဲ့သည်။) အကယ်၍ အဆင့်အားလုံးတွင် တိကျမှန်ကန် မြန်ဆန်စွာ အရေးယူခဲ့လျှင် မိနစ် ၅၀ ခန့် ပြင်ဆင်ချိန်ရပေရာ လုံး၀ အငိုက်ခံရဖွယ် မရှိချေ။

(၁) **သတိပေးအမိန့်နောက်ကျခြင်း။** ဒီဇင်ဘာလ ၇ရက်နေ့ ၀၈၃၀-နာရီ ရန်သူ့အတိုက်ခံနေရဆဲတွင် ဟာဝိုင်ယီရှိ အမေရိကန်တပ်ဖွဲ့များ၏ စစ်ဌာနချုပ်သို့ ဝါရှင်တန်မှ

www.burmeseclassic.com

www.burmeseclassic.com



ကြေးနန်းတစ်စောင် ရောက်လာသည်။ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးမာရှယ်ထံမှ ဖြစ်သည်။ ဂျပန်တို့ အနေဖြင့် ပုလဲဆိပ်ကမ်းကို ဒီဇင်ဘာလ ၈ ရက် (ဝါရှင်တန်တွင် ၇-ရက်နေ့ဖြစ်သည်။) နေ့ နံနက်ပိုင်းတွင် ဝင်ရောက် တိုက်ခိုက်နိုင်ဖွယ်ရှိသဖြင့် မိမိလက်အောက်ရှိ တပ်ဖွဲ့ အသီးသီးကို သတိပေးထားရန်ဖြစ်ကြောင်း ကြေးနန်း တွင် ဖော်ပြထားသည်။ အလာကောင်းသော်လည်း အခါနှောင်းခဲ့ရခြင်းကြောင့် ရာဇဝင်တွင် အမဲစက် စွန်းထင်းခဲ့ရသည်။

(ဂ) **ဗိုလ်ချုပ်ကြီး ရှော့၏ သုံးသပ်ချက်အများ။**

ဗိုလ်ချုပ်ကြီး ဝေါလ်တာရှော့(General Walter Short)သည် ဟာဝိုင်ယီစစ်ဒေသ တစ်ခုလုံး၏ အာဏာပိုင်တစ်မှုးကြီး ဖြစ်သည်။ ဗိုလ်ချုပ်ကြီးသည် ဟာဝိုင်ယီကျွန်းကို ဂျပန်နိုင်ငံက လာရောက်တိုက်ခိုက် နိုင်သည် ဟူသောအချက်ကို လက်မခံသူ ဖြစ်၏။

(၁) ဗိုလ်ချုပ်ကြီးရှော့တို့ ဇနီးမောင်နှံနှင့် သူ၏ ထောက်လှမ်းရေးအရာရှိ ဒုဗိုလ်မှူးကြီး ဖီးလ်ဒါတို့ ဇနီးမောင်နှံ အရာရှိကလပ်မှအပြန် တစ်ညတွင် ရောင်စုံမီးများဖြင့် ဝင်းလက်တောက်ပနေသော ပုလဲဆိပ်ကမ်း၏အလှကိုကြည့်ပြီး "ကြည့်ရတာ မလှဖူးလားဟင်၊ ဒီလိုနေရာမျိုးကို သူတို့တတွေ



ပစ်မှတ်အနေနဲ့ ရွေးမယ်ဆိုတာ ဖြစ်နိုင်ပါ့မလား ဗျာ" ဟု အမှတ်မထင် ပြောခဲ့သည်။

(၂) ထိုနေ့ညနေပိုင်းကပင် ဗိုလ်ချုပ်ကြီး ရှော့နှင့် ဒုဗိုလ်မှူးကြီး ဖီးလ်ဒါတို့ အရာရှိကလပ် ပါတီပွဲ မသွားခင်ကလေးတွင် တန်ပြန်ထောက်လှမ်းရေး အရာရှိ ဒုဗိုလ်မှူးကြီး ဘစ်ကနဲလ်က မယုံသင်္ကာ ဖွယ် တယ်လီဖုန်းကြားဖြတ်တစ်ခုကို တင်ပြသည်။ ယင်းတယ်လီဖုန်းပြောကြားချက်မှာ ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ယိုမီယူရီရှင်ဘွန်း သတင်းစာတိုက်မှ တစ်စုံတစ်ယောက်က ဟိုနိုလူလူမြို့မှ မိုတိုကာဇု အမည်ရှိ ဂျပန်ဆရာဝန်တစ်ယောက်ထံ လှမ်း၍ ပြောကြားခဲ့သည့် စကားများပင် ဖြစ်သည်။ အဆိုပါ ဒေါက်တာ၏ဇနီးမှာ ၎င်း သတင်းစာ အတွက် အမျိုးသမီးသတင်းထောက်ဖြစ်သည်။ တိုကျိုမြို့မှ ဖုန်းဆက်သူသည် အရပ်ရပ်အခြေ အနေနှင့် အထွေထွေသတင်းများကို မေးမြန်းခဲ့ သည်။ လေယာဉ်ပျံတွေအကြောင်း၊ လေကြောင်း ရန် ကာကွယ်ရာ၌ အသုံးပြုသည့် ဆလိုက် မီးမောင်းကြီးများအကြောင်း၊ ရာသီဥတု အခြေ အနေနှင့် ဤနေရာတစ်ဝိုက်တွင်ရှိသည့် သင်္ဘော များ၏ အရေအတွက် စသည်တို့အပြင် "ပန်း

www.burmeseclassic.com

www.burmeseclassic.com



များ"အကြောင်းကိုလည်း လှမ်းမေးခဲ့သည်။ နောက်ဆုံးမေးမြန်းချက်ဖြစ်သော ပန်းများနှင့် ပတ်သက်၍ ဒေါက်တာမိုတိုကာဇုက "လောလော ဆယ်ပွင့်တဲ့ပန်းတွေကတော့ ဒီနှစ်ထဲမှာ အနည်းဆုံးပဲ။ ဒါပေမယ့် ခေါင်ရမ်းနဲ့ ခတ္တာပန်းတွေလည်း ပွင့်စပြုနေပါ ပြီ"ဟု ပြန်ပြောခဲ့သည်ကို တွေ့ရသည်။ ဘာ့ကြောင့်များ ပစိဖိတ်သမုဒ္ဒရာကြီး၏ ဟိုဘက်သည်ဘက်လှမ်း၍ ဖုန်းပြော၍ အမြောက်အမြား အကုန်အကျခံကာ "ပန်းများ"အကြောင်းကို ရေးကြီးခွင် ကျယ်လုပ်၍ မေးနေရပါသလဲ။ စကားဝှက်အဖြစ်သုံးသည်ဆိုပါကလည်း လေယာဉ်ပျံများ၊ မီးမောင်းများ စသည် တို့ကိုမှ ဘာ့ကြောင့် ရိုးရိုးစကားများဖြင့် ပြောခဲ့ကြပါသနည်း။ သူလျှိုများသည် အရေးကြီးသောကိစ္စကို တယ်လီဖုန်းဖြင့် ပြောပါမည်လော။ ဤကိစ္စသည် ဝါရှင်တန်မှ သတိပေးချက်နှင့် ဆက်စပ်နိုင်ပါသလော။ နောက်ဆုံးတွင် ဗိုလ်ချုပ်ကြီးရှော့က ဒုဗိုလ်မှူးကြီး ဘစ်ကနဲလ်အား "ထောက်လှမ်းရေး စိတ်ဓာတ်လွန်ကဲ၍ အတွေးခေါင်နေသူ"ဟု ယဉ်ကျေးသိမ်မွေ့စွာ ကောက်ချက်ချလိုက်ခြင်းဖြင့် လတ်တလော ကိစ္စပြတ်သွားရလေတော့သည်။



(ဂ) ဝါရှင်တန်က ဗိုလ်ချုပ်ကြီးရှော့ကို အထိုက်အလျောက် သတိပေးထားခဲ့ပါသည်။ သို့သော် ဗိုလ်ချုပ်ကြီး ရှော့သည် ရန်သူ၏ လေကြောင်း၊ ရေ ကြောင်းတိုက်ခိုက်မှုထက် ဟာဝိုင်ယီ ကျွန်းရှိ ဂျပန်-အမေရိကန်များ၏ အဖျက်အမှောက် လုပ်ငန်းများကိုသာ အလေးကဲစဉ်းစား စိုးရိမ်ခဲ့၏။ ထို့ကြောင့် ပစ္စမ်တပ်သားများ၏ ဖောက်ခွဲ ဖျက်ဆီးမှုမှ ကင်းဝေးအောင် ကျွန်းပေါ် ရှိ လေယာဉ်တိုင်းကို ဖြန့်ချမထားဘဲ တစ်နေရာတည်းတွင် အတောင်ချင်း ထိလုမျှစုကပ်ထားကာ အစောင့်ချထားသည်။ စစ်ရေယာဉ်များကိုလည်း ဤနည်းကဲ့သို့ပင် စုထားသည်။ တစ်နည်းအားဖြင့် ဂျပန်လေသူရဲများအတွက် ပစ်မှတ်များကို စုစည်းပေးထားရာ ရောက်သွားပြီး အချိန်တိုအတွင်း လွယ်လင့်တကူ ဖျက်ဆီးခြင်းခံရလေသည်။

(ဃ) ကွပ်ကဲမှုတာဝန်ပေးအပ်ချက် အားနည်းခြင်း။

ပုလဲဆိပ်ကမ်း ရေတပ်၏ ကာကွယ်ရေးကို ရေကြောင်း ဗိုလ်ချုပ်ကြီး ကင်းမဲလ်၏ လက်အောက်တွင်မထားဘဲ ကြည်းတပ်နှင့် အမှတ်(၁၄)စစ်နယ်မြေဒေသသို့ တာဝန်ပေးထားခဲ့သည်။ လေကြောင်းရန် ကာကွယ်ရေး ကွပ်ကဲမှုကို တိတိကျကျ တာဝန်ပေးအပ်ထားကြောင်း

www.burmeseclassic.com



မတွေ့ရပေ။ စင်စစ် ဤတပ်များသည် အလုပ်သဘော အရ ဗိုလ်ချုပ်ကြီး ကင်းမဲလ်၏ လက်အောက်တွင် ရှိနေကြသည် မှန်သော်လည်း လက်တွေ့အားဖြင့် ဗိုလ်ချုပ်ကြီး ကလော်ဒီက အုပ်ချုပ်ကွပ်ကဲရသည်၊ ဒေသဆိုင်ရာ ကာကွယ်ရေးအစီအစဉ်မှာ စာအုပ်ကြီး ဆန်လှပေသည်၊ ရန်သူမတိုက်မီ တစ်ပတ်ခန့်က ဗိုလ်ချုပ်ကြီး ကင်းမဲလ်က သူ့လက်အောက်မှ စစ်ဆင်ရေးအရာရှိ ဗိုလ်မှူးကြီး မောရစ္စကိုခေါ်၍ ဟိုနိုလူလူမြို့ကို အလစ်ဝင်ရောက်တိုက်ခိုက်ပါက မည်သို့မည်ပုံ ပြန်လည်ခုခံရန် စီစဉ်ထားသည်ကို မေးကြည့်ရာ ဗိုလ်မှူးကြီး မောရစ္စက "ဘာတစ်ခုမှ စီစဉ်ထားတာ မရှိသေးပါဘူး"ဟု အပြတ် ဖြေကြား ခဲ့သည်၊

(င) ခဲယမ်းများ သိမ်းဆည်းထားခြင်း။ သင်္ဘောများ၏ အမြောက်စင်မှ ခုခံပစ်ခတ်မှုနှင့် ကြည်းတပ်အမြောက် စခန်းများမှ တုံ့ပြန်ပစ်ခတ်မှုသည် ရှိသင့်သည်ထက် လျော့နည်းခဲ့လေသည်။ များသောအားဖြင့် ခဲယမ်းများကို ထုတ်ပေးမထားသောကြောင့် တိုက်ခိုက်ခံရမှသာ ခဲယမ်းစတိုမှ အပြေးအလွှား ထုတ်ယူကြရလေသည်၊ သာဓကအားဖြင့် တိုက်သင်္ဘော "ဟမ်"ပေါ်တွင် အမြောက်ဆန်ထားသည့် အခန်းတံခါးကို ရိုက်ချိုးဖွင့်



လုစ်ရသည်၊ "နယူးအော်လန်း"သင်္ဘောပေါ်တွင်မူ ခဲယမ်း မီးကျောက်များထည့်ထားသည့် သေတ္တာသော့ များကို ပုဆိန်များဖြင့်ပေါက်၍ ဖျက်ဆီးဖွင့်လှစ်ရပြီး "ပင်ဆယ်လ်ဗေးနီးယား"သင်္ဘောတွင်မူ လက်နက် တိုက်မှ သော့ခလောက်ကို ရေမတူကြီးတစ်လက်ဖြင့် ထုနက်ဖွင့်ရသည်။ "မိုနာဂမ်"သင်္ဘောတွင်လည်း၊ အမြောက်ဆန်ထားရာ အခန်းတံခါးကို လွှဖြင့် တိုက်ဖွင့် ရလေသည်၊

အားသာချက်များ

အမေရိကန်တို့သည် တိုက်ပွဲအစပိုင်းတွင် အလစ်ခံ လိုက်ရ သဖြင့် ဖရိုဖရဲဖြစ်ခဲ့ရသော်လည်း ရရာလက်နက်ဖြင့် သူ့တာဝန် ကိုယ့်တာဝန် မခွဲဘဲ ရဲဝံ့စွန့်စားစွာ ခုခံတိုက်ခိုက်ခဲ့ကြသည်။ ဥပမာ "ကာလီဖိုးနီးယား"သင်္ဘောမှ ရေဒီယိုအရာရှိချုပ် သောမတ်သည် မီးလောင်နေသော အခန်းလမ်းကြားကလေးမှနေ၍ အမြောက် ကျည်ဆံများ သယ်ပေးရင်း အသက်စွန့်လွှတ်သွားသည်၊ "မေရီလင်း" သင်္ဘောမှ စားပွဲထိုးသင်္ဘောသား အာမဲလ်ကန်သည် အမြောက်ပြောင်းထဲသို့ အမြောက်ဆန်သွင်းပေးသည့်တာဝန်ကို အပြင်းအထန် ဆောင်ရွက်ပေးသည်။ အခြားစားပွဲထိုး တစ်ယောက် ဖြစ်သော မစ်လာသည် တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှ ကိုင်ဖူးသော စက်သေနတ်တစ်လက်ဖြင့် ဂျပန်လေယာဉ်များကို

www.burmeseclassic.com

www.burmeseclassic.com



အားရပါးရ ခုခံပစ်ခတ်ခဲ့လေသည်။ ကုန်းပေါ်တွင်လည်း တစ်တွင်း အချုပ်ကျနေသော ရဲဘော်ဆိုးများကို အချုပ်ခန်းတံခါး ဖွင့်ပေးလိုက်သောအခါ ထိုလူဆိုးများသည် ရရာလက်နက်များဖြင့် ဂျပန်လေယာဉ်များကို စွန့်စွန့်စားစား ခုခံတိုက်နိုက်လိုက်ကြခြင်းဖြင့် ချက်ချင်းပင် သူရဲကောင်းများဖြစ်သွားကြသည်။ မြို့ထဲ ရောက်နေကြသော အရာရှိနှင့် သင်္ဘောများသည် အတိုက်ခံရသည်နှင့် ရောက်သည့်နေရာမှ ဖြစ်သည့်နည်းဖြင့် တာဝန်ကျရာနေရာသို့ အမြန်ပြန်လာခဲ့ကြသည်။ လေသူရဲ အချို့သည်လည်း မထိမှန်သေးသော လေယာဉ်များကို ရန်သူ့ကျည်ဆံများ မိုးသီးမိုးပေါက်ပမာ ကျဆင်းနေသည့်ကြားမှ ကောင်းကင်သို့ မဖြစ်ဖြစ်အောင် ပျံတက်ပြီး စီးချင်းထိုးတိုက်ပွဲ ဆင်နွှဲ၍ ဂျပန်လေယာဉ်အချို့ကို ပစ်ခတ်နိုင်ခဲ့လေသည်။ ဤသာဓကများက အမေရိကန်တို့၏ စိတ်ဓာတ်ကောင်းမွန်မှုကို ညွှန်ပြသည်။

## သင်ခန်းစာဖော်ထုတ်ချက်

အမေရိကန်တို့သည် ပုလဲဆိပ်ကမ်း အတိုက်ခံရမှုကို စုံစမ်းစစ်ဆေးရန် ကွန်ဂရက်ကော်မတီတစ်ခု ဖွဲ့စည်းခဲ့သည်။ ယင်းကော်မတီက အမေရိကန် လက်နက်ကိုင်တပ်ဖွဲ့များတွင် ကြပ်မတ်ကြည့်ရှုမှု အုပ်ချုပ်မှုနှင့် ဖွဲ့စည်းမှုအချို့အပိုင်းတို့၌ ချို့ယွင်းမှုများ ရှိနေခဲ့ကြောင်း ဖော်ထုတ်ခဲ့သည်။ နောင်အလားတူ ဆုံးရှုံးခြင်းမျိုး ထပ်မံမဖြစ်ပေါ်စေရန် သင်ခန်းစာ ၂၅-ချက် ထုတ်နုတ်ပြဋ္ဌာန်းခဲ့



တပ်မတော်တွင် လေ့လာရန် ဖြန့်ဝေခဲ့သည်ကို တွေ့ရ၏။

ထို့ပြင် ဤအဖြစ်ဆိုးကို သင်ခန်းစာယူ၍ ထောက်လှမ်းရေးနှင့် လုံခြုံရေးဆိုင်ရာတာဝန်ကို ထိရောက်စွာ လုပ်ဆောင်နိုင်ရန် ဗဟိုထောက်လှမ်းရေးအေဂျင်စီ (Central Intelligence Agency)နှင့် အမျိုးသားလုံခြုံရေး အေဂျင်စီ(National Security Agency)တို့ ပေါ်ပေါက်လာသည်။

တချို့က ဂျပန်တို့ အောင်မြင်မှုရသွားခြင်းမှာ အမေရိကန်တို့ (က) အဆင်သင့်ဖြစ်မနေမှု၊ (ခ) မိမိကိုယ်ကို ယုံကြည်မှုလွန်ကဲသောကြောင့်ဟု သင်ခန်းစာ ဖော်ထုတ်ကြသည်။ ထို့ကြောင့် ကိုယ့်ကိုယ်ကို အထင်ကြီးရန် မလိုသကဲ့သို့ ရန်သူကို အထင်သေးရန်လည်း မလိုဟု ကောက်ချက်ချရပေမည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၂)

# လှိုင်းဂယက်များ

## နိုင်ငံရေးဂယက်

ပုလဲဆိပ်ကမ်း အတိုက်ခံရပြီးနောက် ရာစုနှစ်ဝက်ကြာသည့်တိုင်အောင် ဤတိုက်ခိုက်မှုပြုလုပ်မည့်အကြောင်းကို သမ္မတ ရုစဗဲ့ကြိုတင်သိ မသိဆိုသော မေးခွန်းကို မေးမြန်းနေကြဆဲပင်ဖြစ်သည်။ တချို့ကလည်း သမ္မတ ရုစဗဲ့နှင့် အင်္ဂလန် နန်းရင်းဝန်ချာချီတို့ နှစ်ယောက်စလုံးသည် အမေရိကန်ပြည်ထောင်စုကို စစ်ထဲဆွဲသွင်းရန်အတွက် ထောက်လှမ်းရေးသတင်းများကို တုံ့နှေးစေခဲ့သည်ဟု စွပ်စွဲကြ၏။

နန်းရင်းဝန်ချာချီ၏ ဆန္ဒအမှန်သည် အမေရိကန် ပြည်ထောင်စုကို စစ်ရေးမဟာမိတ်အဖြစ် အားကိုးလိုသည်။ ဤအချက်မှာ အောက်ပါစကားအရ ထင်ရှားသည်-

“အကယ်၍ ဂျပန်က ကျွန်ုပ်တို့ကို တိုက်ခိုက်လျှင် အမေရိကန်က ကျွန်ုပ်တို့ဘက်က ဝင်ကူလိမ့်မည်ဟု ကျွန်ုပ် ထင်မှတ်ခံစားရသည်။ အကယ်၍ အမေရိကန်သာ မပါဘူးဆိုလျှင် ဒတ်ချ် အရှေ့အိန္ဒိယကို သာမက အရှေ့ဖျားဗြိတိသျှအင်ပါယာကိုပင် မည်သို့မျှ ကာကွယ်နိုင်မည် မဟုတ်ချေ။ အကယ်၍ ဂျပန်၏ ကျူးကျော်မှုကြောင့် စစ်ထဲသို့



အမေရိကန် ဝင်လာလျှင် ကျွန်ုပ်အနေနှင့် ကျေနပ်သဘောကျမည်သာ ဖြစ်သည်”

ထို့ကြောင့် မစ္စတာချာချီသည် အမေရိကန် စစ်ထဲဝင်ရန် သမ္မတရုစဗဲ့ကို ပြောဆိုခဲ့သည်များ ရှိခဲ့သည်။ အမေရိကန်စစ်စခန်းများကို ဂျပန်နိုင်ငံက တိုက်ခိုက်လာနိုင်သော သတင်းများပေးခြင်းဖြင့်လည်း အမေရိကန်နိုင်ငံ စစ်ထဲဝင်လာအောင် သွေးဆောင်ခဲ့သည်ကို တွေ့ရလေသည် -

(က) ဗြိတိသျှထောက်လှမ်းရေးနှင့် လေကြောင်း ကင်းထောက်သတင်းများအရ ဂျပန်နိုင်ငံ၏ လှုပ်ရှားမှုသတင်းများက ယိုးဒယားကို တိုက်တော့မည်ဖြစ်ကြောင်းနှင့် ယင်းတွင် မဟာဗျူဟာ အရေးကြီးနေရာဖြစ်သော ကရာ အစ်သမတ်စ်(Kra Isthmus)ကို ရေကြောင်းချီတပ်ဖြင့် ချီတက်တိုက်ခိုက်ရန် အစီအစဉ်လည်း ပါဝင်နေကြောင်း ဝါရှင်တန်ကို အသိပေးခဲ့သည်။

(ခ) ခရူဇာ ၈-စီး၊ ဖျက်သင်္ဘော ၂၀-စီးနှင့် သယ်ပို့ရေယာဉ် ၃၅-စီးခန့် ပါဝင်သော ဂျပန်ရေတပ်ဖွဲ့ကြီးတစ်ခုသည် အင်ဒိုချိုင်းနားမှနေ၍ ယိုးဒယားပင်လယ်ကွေ့သို့ ခုတ်မောင်း ဖြတ်သန်းသွားကြောင်းနှင့် အခြားဂျပန်ရေတပ်ဖွဲ့ကြီးတစ်ခုသည် သီးသန့်တာဝန်များဖြင့် ပင်လယ်ပြင်တွင် ရောက်ရှိနေကြောင်း ဒီဇင်ဘာလ ၆ ရက်နေ့တွင် လန်ဒန်နှင့် ဝါရှင်တန်တို့ သိရှိထားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်သမ္မတ ရုစဗဲ့အနေနှင့် ပြောင်ပြောင်တင်းတင်း စစ်ထဲမဝင်သော်လည်း ဗြိတိန်ကိုနောက်ပိုင်းမှ အားပေးကူညီမှုများ ရှိခဲ့သည်။ ဥပမာအားဖြင့် ဂျာမနီ၏ ယူဘုတ်ရေငုပ်သင်္ဘောများကို မည်သို့မည်ပုံ တန်ပြန် တိုက်ခိုက်သင့်ကြောင်း လေ့လာက ဗြိတိန် ကို အကြံပေးခဲ့သည်။ ထို့ပြင် ဖျက်သင်္ဘောအဟောင်း ၅၀ ကို ဗြိတိန်သို့ ငှားရမ်းခဲ့သည်။ ရုစဗဲ့သည် ဤစစ်ပွဲတွင် ပါဝင်လိုသည့် ဆန္ဒရှိနေသည့်တိုင်အောင် အမေရိကန်တစ်နိုင်ငံလုံး၏ ထောက်ခံမှု ရရှိမှသာ ဖြစ်နိုင်ပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အမေရိကန် တို့ စိတ်ထဲတွင် ဥရောပ၌ဖြစ်နေသော စစ်ကြီးသည် သူတို့နှင့် မသက်ဆိုင်၊ သူတို့နှင့် အဝေးကြီးဟု ထင်နေကြသည်။ မျိုးချစ် စိတ်ဓာတ် သွေးအေးနေကြသည်။ အမေရိကန်နိုင်ငံ၏ အကျိုးစီးပွား နှင့်သော်လည်းကောင်း၊ လုံခြုံရေးနှင့်သော်လည်းကောင်း၊ မပတ် သက်ဟု ခံယူထားကြသည်။ ဤအချက်ကို အမေရိကန် လက်နက် ကိုင်တပ်ဖွဲ့များ တိုးချဲ့ရေးအတွက် ဘဏ္ဍာငွေတိုးမြှင့်ပေးရန် တင်ပြ ချက်ကို ကွန်ဂရက်လွှတ်တော်က စိတ်မဝင်စားခြင်းက သက်သေခံ နေသည်။

ပထမကမ္ဘာစစ်အတွင်းက ဂျာမန်ယူဘုတ်အမှတ်(၂၀)က ခရီးသည်တင်သင်္ဘော လူစီတေးနီးယား (Lusetania)ကို ကုန်သင်္ဘောနှင့် မားယွင်းနစ်မြုပ်လိုက်ရာ အမေရိကန်နိုင်ငံသား ၁၂၈ ယောက် သေဆုံးခဲ့ရသည်။ တစ်ဖန် ယူဘုတ်အမှတ်(၇၇)က အာရေဗျလူစီးသင်္ဘော Arabic ကို ထပ်မံနစ်မြုပ်လိုက်ပြန်ရာ



အမေရိကန် နိုင်ငံသား ၃ ယောက် သေဆုံးခဲ့ရပြန်သည်။ ဤဖြစ်စဉ် များသည် အမေရိကန်တို့အား ဂျာမနီတို့အပေါ် လက်တုံ့ပြန်လို စိတ်များ ဝင်လာစေပြီး အမေရိကန်နိုင်ငံ စစ်ထဲဝင်ရန် တစ်ခဲနက် ထောက်ခံမှုကို ပေးလေသည်။ အကယ်၍ ယခုတွေ့ကြုံနေရသော ၁၉၄၁ ခုနှစ် အခြေအနေတွင် ဂျပန်လုပ်ရပ်နှင့် ပတ်သက်၍ အမေရိကန်တစ်နိုင်ငံလုံး၏ အမျိုးသားစိတ်ဓာတ်ကို ထကြွလာ အောင် လှုံ့ဆော်ပေးနိုင်မည့်ဖြစ်ရပ်တစ်ခု ပေါ်ပေါက်ခဲ့သော် သမ္မတ ရုစဗဲ့အနေဖြင့် အမေရိကန်နိုင်ငံကို ဂျပန်နိုင်ငံနှင့် စစ်ဆင်နွှဲစေရန် လွယ် ကူစေမည်ဖြစ်သည်။ ထို့ကြောင့် အင်အားရှိသော မြင်း၊ ရဲတိုက်၊ ဘုန်းကြီး စသော စစ်တုရင်အပါအဝင်အရုပ်ကြီးများကို ဘေးဖယ်စေလျက် နယ်ရုပ်တွေကို တမင်ကျွေးပစ်သည်လားဆို သော သံသယမှာလည်း စဉ်းစားစရာ ဖြစ်လာပေသည်။

ဗြိတိသျှ Double Agent နှစ်ဖက်ချွန်သူလျှို တစ်ယောက် သည် ပုလဲဆိပ်ကမ်းကို တိုက်ခိုက်ရန် ဂျပန်စစ်ရေးစီမံချက်တစ်ခုကို ရရှိခဲ့သည်ဟု ဆိုသည်။ တစ်ဖန် ပုလဲဆိပ်ကမ်းရှိ စစ်သင်္ဘောတစ်စီး ချင်း၏ ဆိုက်ကပ်ထားရာနေရာများကို မှတ်သားရန်ညွှန်ကြားထား သော ဂျပန်လျှို့ဝှက်ကြေးနန်းတစ်စောင်ကို အမေရိကန် ကျွမ်းကျင် သူများက အဓိပ္ပာယ်ဖော်ထုတ်နိုင်ခဲ့ကြောင်းသိရသည်။ ဒတ်ချ် သံတမန်တစ်ယောက် ပုလဲဆိပ်ကမ်းတွင် ကျရောက်လာမည့် အန္တရာယ်နှင့်ပတ်သက်ပြီး ဝါရှင်တန်ကို အတိအကျ သတင်းပေး ခဲ့သည်ဟု ဆိုကြပြန်သည်။ နောက်ဆုံးအဆင့် တွင်တော့ ဂျပန်၏

www.burmeseclassic.com

www.burmeseclassic.com



"မီးစိမ်း"ပြချက်ဖြစ်သော "အရှေ့လေ မိုးရွာပြီ"စကားဝှက်ကို အမေရိကန်စစ်ဘက်အရာရှိများ ဖမ်းယူရရှိခဲ့ကြသည်။ ဤသတင်းများကို အဘယ်ကြောင့် ဟာဝိုင်ယီကျွန်းသို့ ပို့မပေးခဲ့ကြပါသနည်း။။

အထက်ဖော်ပြပါ အထောက်အထားများအရ "သမ္မတရစ့်ဗဲ့ သိရှိခဲ့သည်"ဟု အဖြေထုတ်ကြသည်။ တစ်ဖက်ကလည်း ဖော်ထုတ်ရရှိချက်များမှာ ဂျပန်နိုင်ငံ၏ ယေဘုယျရည်မှန်းချက်သာ ဖြစ်သည်ဟု ဆိုသည်။ သမိုင်းဆရာ ဖရက်ပါကာ(Fred Parker)က စစ်ထိုးမည့် အရိပ်အယောင်ပြသော စကားဝှက်များကို ကြားဖြတ်ဖမ်းမိသည်ကား မှန်ပါ၏။ သို့သော် ၎င်းတို့မှာ မဖော်ထုတ်နိုင်သေးသော စကားဝှက်အသစ်များဖြစ်သည်ဟု ဆိုလေသည်။ နိုင်ငံခြားရေးဌာနမှ သတင်းထောက် ဒေးဗစ်ခန်း(David Kahn)ကလည်း ဂျပန်နိုင်ငံနှင့် စစ်ဖြစ်ရမည်ကို မျှော်လင့်ထားပြီးသား ဖြစ်သည်။ သို့သော် ယေဘုယျယုံကြည်ထားမှုတစ်ခုမှ ဝိသေသခန့်မှန်းချက်တစ်ခုသို့ ခုန်ပျံကျော်လွှားပြီး ကောက်ချက်ဆွဲရန်မှာ ယုတ္တိမတန်ပေဟု ရေးသားခဲ့သည်။ အမေရိကန် ကျွမ်းကျင်သူအများစုက အမေရိကန် ပြည်မကြီးနှင့်နီးသည့် ဖိလစ်ပိုင်ကဲ့သို့သော နေရာမျိုးကိုသာ တိုက်လိမ့်မည်ဟု မျှော်လင့်ထားခဲ့ကြသည်။

နောက်ဆုံးထွက်ပေါ်လာသော ယူဆချက်တစ်ခုမှာ "ချာချီသိသည်။ သို့သော် ရစဗဲ့ကို အသိမပေး"ဟူသော ယူဆချက်ဖြစ်သည်။ ဤယူဆချက်ကို ဖော်ထုတ်သူများမှာ ဗြိတိသျှ စာရေးဆရာ



ဂျိမ်းစ်ရပ်စ်ဘရစ်ဂျာ(James Rus Bridger)နှင့် သြစတြေးလျ ဝှက်စာဖော်သမား အီရစ်နေ့ဗ်( Eric Nave)တို့ ဖြစ်ကြသည်။ ဒီဇင်ဘာလ ၇-ရက်နေ့ မတိုင်ခင် အမေရိကန်တို့က ဂျပန်တို့၏ ဝှက်စာကို မဖော်နိုင်သေးချိန်တွင် ဗြိတိသျှကျွမ်းကျင်သူများက ဖော်နိုင်နေပေပြီ။ အချို့ ကြားဖြတ်သတင်းများက ဟာဝိုင်ယီကို ညွှန်ပြနေသည်။ ပုလဲဆိပ်ကမ်းဟူသော စကားလုံး သုံးမထားလင့်ကစား သဲလွန်စအားလုံးက အဖြေပေးလျက်ရှိသည်ဟု ရေးသားခဲ့သည်။

နောက်ထပ်နိုင်ငံရေးဂယက်တစ်ခုမှာ ဂျပန်တို့၏ စစ်မကြေညာမှု ဖြစ်၏။ ကမ္ဘာ့အလယ်တွင် ဂျပန်နာမည် ပျက်ရသည်။ "ချောင်းရိုက်ပွဲ"ဟု အမေရိကန်က ပြောစရာ ဖြစ်သည်။ ရေကြောင်းဗိုလ်ချုပ်ကြီး ယာမာမိုတိုသည် ပုလဲဆိပ်ကမ်း တိုက်နိုက်ချိန်ကို စစ်ကြေညာပြီးချိန်နှင့် အံကိုက်ဖြစ်စေရန် တောင်းဆိုစီစဉ်ထားခဲ့ကြောင်း သိရသည်။ တကယ့်ဖြစ်ရပ်တွင်မူ ဟိုနိုလူလူစံတော်ချိန် ၀၇၅၀ နာရီ ဝါရှင်တန်စံတော်ချိန် ၁၄၂၀ နာရီတွင် ဂျပန်သံအမတ်ကြီးက စစ်ကြေညာသည့်သဘော သက်ရောက်သည့် ဂျပန်အစိုးရ၏ အကြောင်းကြားစာကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ကိုယ်တိုင်သွားပေးခဲ့သည်။ ယင်းသို့ပေးပို့ရာတွင် တိုကျိုက ညွှန်ကြားလိုက်သည့်အချိန်ထက် တစ်နာရီခွဲတိတိ နောက်ကျပြီးမှ အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာနသို့ ရောက်ရှိခဲ့ခြင်း ဖြစ်သည်။ အချိန်များကို နောက်ပြန်တွက်ကြည့်ပါက -

www.burmeseclassic.com

www.burmeseclassic.com



(က) စစ်ကြေညာချက်ကို တကယ်ပေးပို့ချိန် ၀၇၅၀-နာရီ။
(ခ) နောက်ကျသည့်အချိန် ၀၁၃၀-နာရီ
(ဂ) ထို့ကြောင့် တိုကျိုက စစ်ကြေညာချက်ကိုပေးရန် ညွှန်ကြားထားသည့်အချိန် ၀၇၂၀-နာရီ။
(ဃ) ပုလဲဆိပ်ကမ်းကိုတိုက်ချိန် ၀၇၅၅-နာရီ။

ထို့ကြောင့် အချိန်အမှန်အတိုင်း ၀၇၂၀-နာရီတွင်သာ စစ်ကြေညာဖြစ်ပါက ပုလဲဆိပ်ကမ်းကို တိုက်ချိန်သည် စစ်ကြေညာပြီးမှ ဖြစ်ပေမည်။ ဗိုလ်ချုပ်ကြီး ယာမာမိုတို အလိုရှိသည်မှာ ဤအချက်ဖြစ်၏။ ယခုမူ စစ်မကြေညာခင် ၅၅-မိနစ်စော၍ အလစ်ဝင်တိုက်သည့်သဘော သက်ရောက်သွားသည်။ ဗိုလ်ချုပ်ကြီး ယာမာမိုတိုက "အိပ်ပျော်နေတဲ့ ကျားကြီးကို တို့သွားနှိုးလိုက်မိပြီ"ဟု မသက်မသာ မှတ်ချက်ချခဲ့လေသည်။

## အခြားဂယက်များ

ပုလဲဆိပ်ကမ်းတိုက်ပွဲ၏ နောက်ဆွဲ အကျိုးသက်ရောက်မှုများသည် ယခုထက်တိုင် နယ်ပယ်အသီးသီးတွင် ရိုက်ခတ်လျက်ရှိနေပေသေးသည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက် ဂျပန်နိုင်ငံ၏ စစ်ရေးတည်ဆောက်မှုကို ကန့်သတ်ခဲ့သည်။ ကာကွယ်ရေးတပ်သာ ဖွဲ့စည်းခွင့်ပေးခဲ့သည်။ နိုင်ငံ၏ ဘဏ္ဍာရေးကို စီးပွားရေးတွင် ဇောက်ချလုပ်ရန် ဖြစ်လာခဲ့သည်။ ထို့ကြောင့် ဂျပန်နိုင်ငံ၏



စီးပွားရေးနှင့် အတတ်ပညာသည် တစ်ဟုန်ထိုး တိုးတက်လာခဲ့သည်။ အမေရိကန်နှင့် စီးပွားရေးပြိုင်ဖက် ဖြစ်လာခဲ့သည်။ စီးပွားရေးစစ်မျက်နှာတွင် ရန်သူနှစ်ဦး ပြန်လည်ထိပ်တိုက် တွေ့မိကြခြင်းဖြစ်သည်ဟု ဆိုချင်ပါသည်။ ဂျပန်နိုင်ငံသည် အမေရိကန်နိုင်ငံ၏ စီးပွားရေးလောကကြီးကို လွှမ်းမိုးတော့မည်လားဟု စိုးရိမ်မကင်းရှိခဲ့ကြသည်။ ဤသို့ နိုင်ငံနှစ်ခု အကြား စီးပွားရေးပြိုင်ဖက်ဖြစ်လာခြင်းမှာ ပုလဲဆိပ်ကမ်း တိုက်ပွဲ၏အကျိုးဆက်ဟု ဝေဖန်ကြလေသည်။

၁၉၈၉-ခုနှစ်တွင် ဂျပန်ဆိုနီကော်ပိုရေးရှင်းက ကိုလံဘီယာ ရုပ်ရှင်ကုမ္ပဏီကိုလည်းကောင်း၊ မတ်ဆုရှိတ လျှပ်စစ်ကုမ္ပဏီက အမ်စီအေ(MCA) သတင်းဖြန့်ချိရေးနှင့် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီကိုလည်းကောင်း ဝယ်ယူလိုက်ကြလေသည်။ အမေရိကန်တွေ အသည်းကွဲခတ်သလို နာကျင်လာကြလေသည်။ သိက္ခာကျစရာအဖြစ် ခံယူကြလေသည်။ အမေရိကန်စီးပွားရေးတစ်ခုလုံးကို ဂျပန်တွေ ဝါးမျိုတော့မည်လားဟု စိုးရိမ်ပူပန်ကြလေသည်။ လက်တွေ့တွင် ရုပ်ရှင်လုပ်ငန်းများသည် စရိတ်စကထောင်းပြီး မှန်းချက်နှင့် နှမ်းထွက်မကိုက်ဘဲ ဂျပန်တွေ ဘာလုပ်လို့ ဘာလုပ်ရမှန်းမသိ ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ အရှုံးတွေပေါ်လာသည်တွင် ဟောလိဝုဒ်အုပ်ချုပ်သူ အမေရိကန် အချို့က "ဒါဟာ ကျုပ်တို့က ပုလဲဆိပ်ကမ်းအတွက် ဂျပန်ကို လက်စားချေလိုက်တာပဲ"ဟု မြိန်ရေယှက်ရေ ပြောခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟီရိုရှီးမားနှင့် နဂါစကီ အဏုမြူဗုံးဒဏ်ခံရသူများ၏ ခံစားရသော ဆင်းရဲဒုက္ခကို ပုံဖော်ရေးသားရာတွင် နာမည် ကျော်ကြားလှသော ဂျပန်စာရေးဆရာ ကင်ဇာဘူရိုအိုအီ (Kenzaburo Oe)သည် ဟားဗတ်တက္ကသိုလ်တွင် တစ်ခုသော ဟောပြောပွဲ၌ ဟီရိုရှီးမား အဏုမြူဗုံးတွင် ဝေဒနာရှင်များအကြောင်းကို ဟောပြောခဲ့လေသည်၊ တစ်နေ့တွင် အဘွားအိုတစ်ယောက်က "ပုလဲဆိပ်ကမ်းနှင့် ပတ်သက်၍ ရှင်ဘယ်လို ခံစားရပါသလဲ"ဟု သူ့ကို ရုတ်တရက် မေးလိုက်လေသည်။ ပုလဲဆိပ်ကမ်း ဆင်နွှဲခဲ့ ခြင်းသည် အမျိုးသားရာဇဝတ်မှုတစ်ခုအဖြစ် ဘယ်တုန်းကမှ သူ့အနေနှင့် မစဉ်းစားခဲ့ဘူးကြောင်း စာရေးဆရာက ပြောခဲ့လေသည်။

ဤသို့လျှင် နှစ်ပေါင်းရာစုတစ်ဝက်တိုင်သည်အထိ ပုလဲဆိပ်ကမ်းတိုက်ပွဲဂယက်သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်အသီးသီး၌ ဂယက်ရိုက်ကောင်းတုန်းပင် ဖြစ်ကြောင်း တွေ့ရှိရသည်၊

## သုံးသပ်ချက်

### ဂျပန်နိုင်ငံ

ဂျပန်တို့သည် အမေရိကန်နှင့် မလွှဲမရှောင်သာ၍ တိုက်ခိုက်ရခြင်း ဖြစ်သည်။ ဗြိတိန်နှင့် မလွဲမသွေ စစ်ဖြစ်ရတော့မည်ဖြစ်ရာ ထိုသို့စစ်ဖြစ်ပါက အမေရိကန်နိုင်ငံလည်း ပါဝင်လာတော့မည်



ဖြစ်သဖြင့် လက်ဦးမှုရယူလိုက် ခြင်း ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ဥပဒေကို မလိုက်နာသလိုဖြစ်သွားရခြင်းအတွက်မူ ဂျပန်အစိုးရအဖွဲ့တွင် တာဝန် ရှိပေသည်။ ဂျပန်နိုင်ငံတွင် စစ်ဝါဒီတို့ ကြီးစိုးလာခြင်းသည်လည်း စစ်ဖြစ်ရခြင်း၏ အကြောင်းတစ်ချက်ဖြစ်သည်။

ရေကြောင်းဗိုလ်ချုပ်ကြီး ယာမာမိုတိုအနေဖြင့် ဤ စစ်ကို မူလက တိုက်လိုစိတ်မရှိသော်လည်း ရှောင်လွှဲမရနိုင်ဘဲ တကယ်တမ်း ရင်ဆိုင်ရမည်ဆိုသောအခါ အမေရိကန် နိုင်ငံ၏ စွမ်းရည်ကို သိရှိထားသူပီပီ အကောင်းဆုံး စစ်ရေးစီမံချက်ကို ရေးဆွဲပြင်ဆင် အကောင်အထည်ဖော်နိုင်ခဲ့ သည်။ ဆိပ်ကမ်းတွင် လေယာဉ်တင်သင်္ဘောများမရှိ၍ လွတ်မြောက်သွားသည်မှတစ်ပါး မူလမျှော်မှန်းထားသည်ထက်ပင် ပစ်မှတ်ရေတပ်ကို အထိနာစေခဲ့သည်မှာကား အထင်အရှားပင် ဖြစ်လေတော့သည်။ အဘက်ဘက်က ပြည့်စုံစွာ အချိန်ယူပြင်ဆင်ထားသော ဗိုလ်ချုပ်ကြီး ယာမာမိုတို၏ ကွပ်ကဲမှု အရည်အသွေးကို အမြင့်မားဆုံး ပြသနိုင်သည့် စံနမူနာယူဖွယ် တိုက်ပွဲ ဖြစ်သည်။

ဤတိုက်ပွဲမှစတင်ကာ အမေရိကန်နိုင်ငံသည် ဗိုလ်ချုပ်ကြီး ယာမာမိုတိုကို အထင်မသေးဝံ့တော့ဘဲ အန္တရာယ်ပစ်မှတ်အဖြစ် သတ်မှတ်ခဲ့ကြသည်။ ဗိုလ်ချုပ်ကြီး၏ လှုပ်ရှားမှုကို မျက်ခြည်မပြတ် ထောက်လှမ်းခဲ့ကြလေသည်၊ ၁၉၄၃-ခုနှစ် ဧပြီလထဲတွင် ဆောလ်မွန်ကျွန်းစု တိုက်ပွဲကို ကွပ်ကဲနေသော ဗိုလ်ချုပ်ကြီး ယာမာမိုတို၏ ခရီးစဉ်ဝှက်စာကို အမေရိကန်တို့က ကြားဖြတ်ဖမ်းယူ

www.burmeseclassic.com

www.burmeseclassic.com



ဖော်ထုတ်နိုင်ကြသည်။ ထို့ပြင် ဧပြီလ ၁၈-ရက်နေ့တွင် ဗိုလ်ချုပ်ကြီး စီးနင်းလိုက်ပါလာသော ဂျပန်စစ်ဘက် သယ်ယူပို့ဆောင်ရေးလေယာဉ်ကို အမေရိကန် တိုက်လေယာဉ်အုပ်ဖွဲ့က စောင့်ကြို ကြားဖြတ်တိုက်ခိုက်ခြင်းဖြင့် ဗိုလ်ချုပ်ကြီး ယာမာမိုတို ကျဆုံးခဲ့ရလေသည်။ ဤမျှအထိ အမေရိကန်တို့က သဲကြီးမဲကြီး တိုက်ခိုက်ရှင်းလင်း ပစ်ခဲ့ရသည်မှာ လက်စားချေစိတ်အပြင် ဗိုလ်ချုပ်ကြီး ယာမာမိုတို၏ စစ်ပွဲတိုင်းအပေါ် ကွပ်ကဲမှုကောင်းမွန်သော အရည်အချင်းကြောင့်ဖြစ်သည်ဟု ကောက်ချက်ဆွဲယူနိုင်ပေသည်။

ဝေဖန်စရာတစ်ချက်မှာ စစ်ရေးရည်မှန်းချက် ရွေးချယ်မှုလွဲမှားခြင်း ဖြစ်သည်။ အထက်စီမံချက်ကို အတည် ပြုချမှတ်သူအာဏာရှင်အချို့ကို မကျော်လွှားနိုင်၍လောဟု သံသယဝင်စရာရှိသည်။ ဤအမှားသည် အသေးအဖွဲ မဟုတ်ဘဲ နောင်တွင် ဂျပန်စစ်ရှုံးရန် အကြောင်းတစ်ရပ် ဖြစ်လာခဲ့သည်။ ဤတိုက်ပွဲသည် စစ်နည်းဗျူဟာအရ အောင်မြင်သော်လည်း စစ်မဟာဗျူဟာအရ အားနည်းသော တိုက်ပွဲဖြစ်ခဲ့သည်။

တစ်ဖန် ရေကြောင်းတိုက်ပွဲ အယူအဆအသစ်တစ်ခု ဖြစ်သော လေယာဉ်တင်သင်္ဘောများ၏ အရေးပါမှုကို ဗိုလ်ချုပ်ကြီး ယာမာမိုတိုက ပုလဲဆိပ်ကမ်းတိုက်ပွဲဖြင့် လက်တွေ့ဖော်ထုတ် ပြသခဲ့သည်။ စစ်သင်္ဘောကြီးများ (Battle Ships)၏ အခန်းကဏ္ဍသည် ဤတိုက်ပွဲမှ စတင်၍ မှေးမှိန်လာခဲ့ရပြီး နောင်ပစိဖိတ်ပင်လယ်ပြင်



တွင် ဆက်တိုက်ဖြစ်ပေါ်လာခဲ့သော တိုက်ပွဲကြီးများ၌ လေယာဉ်တင် သင်္ဘောကြီးများကို ဗဟိုမဏ္ဍိုင်ပြုကာ တိုက်ပွဲဝင်ခဲ့ကြကြောင်း တွေ့ရှိရမည်ဖြစ်သည်။

## အမေရိကန်နိုင်ငံ

ဟာဝိုင်ယီကျွန်းရှိ တပ်ဖွဲ့များ၏ ပြင်ဆင်မှု အားနည်းချက်များကို မှန်ကန်စွာ သုံးသပ်ရန်မှာ နိုင်ငံရေးဂယက် အစုခေါင်းစဉ်တွင် ဖော်ပြခဲ့သော ရှုပ်ထွေးပွေလီသည့် အယူအဆ အမျိုးမျိုးတို့ကြောင့် ခဲယဉ်းမည်ဟု ဆိုချင်သည်။ ဖြစ်ခဲ့သည့် အချင်းအရာကိုသာကွက်၍ သုံးသပ်ရလျှင်မူ အမေရိကန်တို့သည် စစ်ရိပ်စစ်ငွေ့ သန်းနေသည့် တိုင်အောင် ထုံးစံအတိုင်း ကပွဲတက်ကောင်းတုန်း၊ ပျော်ပါးကောင်းတုန်း ဖြစ်နေသည်။ အဆင်သင့်မဖြစ်သည့်အပြင် ထိန်းချုပ်မှု လွန်ကဲမှု၊ ကြီးကြပ်ကွပ်ကဲမှုကဏ္ဍဆိုင်ရာ တာဝန်ခွဲဝေမှု အားနည်းမှု၊ ပေါ့ဆစွာ ဆုံးဖြတ်ချက်ချမှု၊ ထောက်လှမ်းရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှု အားနည်းမှု စသည်တို့ကြောင့် ပုလဲဆိပ်ကမ်းတိုက်ပွဲတွင် အထိနာခဲ့ရခြင်း ဖြစ်လေသည်။

အထက်တွင် ပြဆိုခဲ့သည့်အတိုင်း မဟာမိတ်ဂျာမနီနိုင်ငံက ယူဘုတ်နှင့် ရောမစစ်သင်္ဘောကြီးများဖြင့် ဗြိတိန်နှင့် အပေါင်းပါတို့ကို မျက်ဖြုဆိုက်နေချိန်တွင် ဂျပန်နိုင်ငံသည် လေယာဉ်တင်သင်္ဘောကို အဓိကထိုးစစ်လက်နက်အဖြစ် စစ်နည်းဗျူဟာကဏ္ဍအသစ်တစ်ရပ် ဖွင့်လှစ်ခဲ့သည်။ ဖောက်ကာလန်စစ်ပွဲ ပင်လယ်ကွေ့

www.burmeseclassic.com



စစ်ပွဲ စသည့် ဒုတိယကမ္ဘာစစ်လွန် စစ်ပွဲကြီးများ၌ လေယာဉ်တင်သင်္ဘောများကို အသုံးချခဲ့ပြီး ရေတပ်အင်အားပြသမှုတွင် အဓိကမဏ္ဍိုင် ဖြစ်ဆဲဟုဆိုပါက မှားအံ့မထင်ပေ။

## နိဂုံး

မည်သည့်စစ်ပွဲမဆို စီးပွားရေး၊ နိုင်ငံရေးတို့နှင့် တစ်နည်းမဟုတ်တစ်နည်း ပတ်သက်ဆက်နွှယ်တတ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေးသမားတို့သည် ကွေ့ကောက်တတ်သော သဘောဆောင်ပြီး၊ စစ်ရေးသမားတို့သည် ဖြောင့်မှန် ပွင့်လင်းတတ်ကြလေသည်။ လုပ်ငန်းသဘာဝအလျောက် ဤကဲ့သို့သော သဘောများရှိလာကြပေရာ မည်သူမည်သူကိုမှ မှားသည်၊ မှန်သည် ဝေဖန်ရလည်း ခဲယဉ်းလှပေသည်။ မည်သို့ဆိုစေ တစ်ခါတစ်ရံတွင် စစ်သားတို့သည် နိုင်ငံရေးသမားတို့၏ အသုံးချခံရတတ်ကြောင်း ကမ္ဘာတွင် သာဓကအမြောက်အမြား အထင်အရှားရှိနေပေသည်။ ဤပုလဲဆိပ်ကမ်းတိုက်ပွဲနှင့် ပတ်သက်၍လည်း နိုင်သူ၊ ရှုံးသူ နှစ်ဖက်စစ်ဗိုလ်ချုပ်ကြီးများသည် နိုင်ငံရေး လှည့်ကွက်၏သားကောင်ဖြစ်ခဲ့ခြင်းဟုတ် မဟုတ်ဆိုသည်ကို ယခုအချိန်တွင် လက်ဆုပ်လက်ကိုင်မပြနိုင်သေးသော်လည်း သံသယဝင်လျက်ရှိနေကြောင်းကို တင်ပြလိုက်ရပါသည်။

ကို(တက္ကသိုလ်)



မှီငြမ်း


၁။ Encyclopedia Britannica Vol. 23

၂။ The Second World War. Vol. III by Winson S. Churchill.

၃။ The War Against Japan Vol. I by Maj. Gen. S. Woodburn

၄။ Newsweek, Nov. 25. 1991.

၅။ Low Level Mission by Leòn Wolff.

၆။ ပုလဲဆိပ်ကမ်းတစ်နေ့တာမှတ်တမ်း . . . လင်းယုန်မောင်မောင်။

၇။ စစ်မြေပြင်လက်စွဲကျမ်း(စစ်ဆင်ရေး) . . . လကရ(စစ်) ၀၀၃၉၊ ကကကျင့်။

၈။ စစ်အတွင်း ကမ္ဘာကျော်သူလျှိုများ . . . ဦးအောင်သန်း။

၉။ နှစ်ငါးဆယ်ပြည့် ပုလဲဆိပ်ကမ်းအဖြစ်ဟောင်း ဆောင်းပါး . . . ကံမြင့်(ရေဒါ)၊ နွယ်နီမဂ္ဂဇင်း ၁၂/၉၁။


www.burmeseclassic.com

www.burmeseclassic.com



# ကို(တက္ကသိုလ်)၏ ထုတ်ဝေပြီးသောစာအုပ်များ

၁။ အလှဆုံးနှလုံးသား ကဗျာများ။

(၁၉၉၆-ခုနှစ်၊ ကဗျာပေါင်းချုပ် အမျိုးသားစာပေဆုရစာအုပ်)

၂။ ကောင်းကင်ယံမှ လှငယ့်အားမှာန်နှင့်

လေကြောင်းဝတ္ထုတိုများ (၁၉၉၈)

၃။ ထာဝရရှင်သန် ဇာတိမာန်နှင့် အခြားကဗျာများ။ (၂၀၀၂)

၄။ ရှာပြန်တော့လည်း မပွင့်သာ-ပွင့်ပြန်တော့လည်း မပန်သာနှင့် အခြားဝတ္ထုတိုများ။ (၂၀၀၃)

၅။ ချယ်ရီရိပ်က တက္ကသိုလ်။ (၂၀၀၄)

၆။ မိသားစုကဗျာများ။ (၂၀၀၅)

၇။ မိုလ်ချုပ်ကြီး ယာမာမိုတိုနှင့် ပုလဲဆိပ်ကမ်းတိုက်ပွဲ။ (၂၀၀၆)

BURMESE CLASSIC

www.burmeseclassic.com